PDF Compressor Free Version







# သစ်တောကြေးမုံ

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၄/၂၀၂၂ မှ ၈/၂၀၂၂ လအတွင်း
ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ( ၇ )ခုနှင့်
သဘာဝထိန်းသိမ်းရေးနယ်မြေ( ၁ )ခု (၃၈၈၈၀.၅၀)ဧကအား သတ်မှတ်နိုင်ခဲ့ခြင်း




စာမျက်နှာ (၃) သို့

PDF Compressor Free Version



# မာတိကာ

## မျက်နှာဖုံး

✧ ကြို့ဝိုင်း/ကြို့ပြင်ကာကွယ်တောနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်နိုင်ခဲ့ခြင်း — မျက်နှာဖုံး၊ ၃-၇

## ခေါင်းကြီး

✧ အိုဇုန်းလွှာထိန်းသိမ်းရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး — ၁

## သတင်းများကဏ္ဍ

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂-၇

## သစ်တောလုပ်ငန်းကဏ္ဍ

✧ စိတ်ဝင်စားစရာ REDD+ကာဗွန်ဈေးကွက် အခြေအနေများ - ဒေါက်တာ သောင်းနိုင်ဦး — ၈-၁၁၊၁၅

✧ LCC နှင့် UTM မြေပုံများအကြောင်း သိကောင်းစရာ - စီမံကိန်းနှင့် စာရင်းအင်းဌာန — ၁၂-၁၅

✧ ဝါးအခြေခံစက်မှုလုပ်ငန်းနှင့် ဝါးအချောထည်ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ - အယ်မိုးအေး (သစ်/သု) — ၁၆-၁၉

## ဘဝတစ်ကွေ့ကဏ္ဍ

✧ အမှတ်တရ (၂) - ကိုနွေဖြိုးဦး (မြောင်) — ၂၀-၂၅

✧ ပျားကြီးတစ်အုပ်နှင့် စစ်ခင်းခြင်း - တင်ဝင်း — ၃၀-၃၄

## အခြားသောဆက်စပ်ကဏ္ဍ

✧ ကျွန်ုပ်နှင့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ပင်လယ်များ - ကြည်ဦး၊ အုပ်ချုပ်ရေးမှူး — ၄၁-၄၂၊၄၆

✧ တံပူတို့ပင် တောင်လိုပုံခဲ့ပြီ - ဖိုးမောင် (ကျောက်ခွက်ကြီးမိုး) — ၃၉

✧ ထန်းဖို ထန်းလျက် ယက်ရသလို (၂) - ရောင်နီ (သစ်တော) — ၂၆-၂၉

## ဂီတမျိုးစုံမျိုးကွဲကဏ္ဍ

✧ ကြိုးကြာဆို ဘာငှက်လဲ မေး - အုန်းလွင်လေး — ၄၃-၄၆

## ရသကဏ္ဍ

✧ မာယာမိမိုး - တင်စိုး — ၄၇-၄၉

## ကဗျာ / ကာတွန်းကဏ္ဍ

✧ လိုက်လျောညီထွေ - မင်းစာနွယ် (အောင်လံ) — ၃၄

✧ ကာတွန်း - အော်ပီကျယ် — ၄၉

## အင်္ဂလိပ်ကဏ္ဍ

✧ An Old Forester Looks Back . Five- Climate Change Enabling Activities in Myanmar - **U Sein Thet** — ၃၅-၃၈

## နောက်ကျောဖုံး

✧ သစ်ဆိမ့်ပင်- ဦးဟုတ်လင်း၊ — ၄၀၊ ၄၆ နောက်ကျောဖုံး

**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးလှဦး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ-၀၀၄၀၀)

**စာတည်း**

ဦးမောင်မောင်အေး –၃ –
လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအောင်ကျော်ဦး လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေစင်မြင့် ဦးစီးအရာရှိ (English Editor)

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၃၄
extension@forest.gov.mm

# အိုဇုန်းလွှာထိန်းသိမ်းရေးပူးပေါင်းပါဝင်ဆောင်ရွက်ပေး

အိုဇုန်းဓာတ်ငွေ့သည် လူသားတို့အသက်ရှင်ရပ်တည်မှုနှင့် ဆက်စပ်လျက်ရှိပါသည်။ အိုဇုန်းလွှာသည် နေမှကျရောက်သည့် အလွန်ဘေးအန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်လှိုင်းများကို ကာကွယ်ပေးထားသည့်အတွက် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအတွက် အလွန်အရေးပါလှပါသည်။ ဓာတုဗေဒဖွဲ့စည်းပုံအရ အောက်စီဂျင် အက်တမ်(၃)လုံး ပေါင်းထားသည့် ဓာတ်ငွေ့ဖြစ်ပါသည်။

ကမ္ဘာမြေပြင်အထက် ၂၀-၃၀ ကီလိုမီတာအတွင်း အိုဇုန်းလွှာတည်ရှိပါသည်။ လေလွှာထုသည် အမြင့်မိုင် ၁၅၀ ခန့်ရှိပြီး မိုင် ၂၀ ခန့်သာလျှင်ထူထဲသည်။ လေထုလွှာထဲတွင် ဓာတ်ငွေ့များရှိနေပြီး အဓိကမှာ နိုက်ထရိုဂျင် (၈၀) ရာခိုင်နှုန်း၊ အောက်စီဂျင်နှင့် အခြားဓာတ်ငွေ့များ (၂၀)ရာခိုင်နှုန်းခန့်ပါဝင်ပါသည်။ နေမှထွက်သောရောင်ခြည် သန်း (၂,၀၀၀) ပုံ ၁ ပုံသာ ကမ္ဘာမြေပေါ်သို့ တစ်စက္ကန့်လျှင် (၁၈၆,၀၀၀) မိုင်နှုန်းဖြင့် ရောက်ရှိသည်။ ထိုရောင်ခြည်တို့တွင် UV Rays ခေါ် ခရမ်းလွန်ရောင်ခြည်များပါဝင်ပြီး လူသားတို့၏ အရေပြားနှင့်မျက်စိကို ထိခိုက်ပျက်စီးစေနိုင်သည်။

ယင်း UV Rays တို့ကို လေထုထဲရှိ အိုဇုန်းအလွှာက စုပ်ယူထားပြီးအကာအကွယ်ပေးသည်။ ခရမ်းလွန်ရောင်ခြည်တို့ များလာလျှင် အပင်နှင့်တိရစ္ဆာန်တို့၏ ကလပ်စည်းများကို ပျက်စီးသွားစေမည်။ ကမ္ဘာ့လေထုအတွင်းရှိ မှန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအတွင်းပါဝင်မှုတိုးမြင့်လာခြင်းကြောင့် ကမ္ဘာကြီးအပူချိန်မြင့်တက်လာပြီး ရာသီဥတု ပြောင်းလဲမှုကို ဖြစ်ပေါ်စေပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအမျိုးအစားများတွင် ရေနံ သုံးစွဲခြင်း (၃၁%)၊ သစ်တောပြုန်းတီးခြင်း (၂၅% )၊ ကျောက်မီးသွေးသုံးစွဲခြင်း (၂၆% )၊ သဘာဝဓာတ်ငွေ့သုံးစွဲခြင်း (၁၅%)၊ အခြားသုံးစွဲခြင်း (၃% ) ဖြစ်ပါသည်။ အိုဇုန်းလွှာကာကွယ်ရေးနှင့်ပတ်သက်၍ ၁၉၈၇ ခုနှစ် စက်တင်ဘာလ (၁၆)ရက်နေ့တွင် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ကို ဂုဏ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံက စက်တင်ဘာလ (၁၆)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အဖြစ်သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်တို့တွင် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကိုပင်ဟေဂင်ပြင်ဆင်ချက်ကို ၂၀၀၉ ခုနှစ်၊ မေလ(၂၂)ရက်နေ့တွင်လည်းကောင်း၊ မွန်ထရီယယ်ပြင်ဆင်ချက်နှင့် ပေကျင်းပြင်ဆင်ချက်များကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ဝင်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည်လည်း အိုဇုန်းလွှာကာကွယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အိုဇုန်းလွှာကို ထိခိုက်မှု လျော့နည်းစေသည့် ဓာတုပစ္စည်းများ အသုံးပြုမှုကျဆင်းလာအောင် လုပ်နိုင်လျှင် အိုဇုန်းလွှာထိခိုက်မှုလျော့နည်းလာမည်ဖြစ်သည်။ ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများကင်းဝေးစေရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အာမခံသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ထို့အပြင် အိုဇုန်းလွှာပေါက်ပြဲမှုကို ပြန်လည် ပြုပြင် ဖုံးအုပ်ရန်မှာ အချိန်ကြာမြင့်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း ကုလသမဂ္ဂ လေထုလေ့လာရေးဆိုင်ရာအဖွဲ့ကြီးက ထုတ်ပြန်ထားရှိပါသည်။ ထို့ကြောင့် အိုဇုန်းလွှာကို ပျက်စီးစေသည့် CFC(စီအက်ဖ်စီ) ဓာတ်ငွေ့ကို အပြည့်အဝလျှော့ချရင်း အိုဇုန်း၏ အလှမပျက်စီးအောင် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဝိုင်းဝန်း ပူးပေါင်းထိန်းသိမ်းကာကွယ်ရင်း ပတ်ဝန်းကျင် ညစ်ညမ်းပျက်စီးစေသည့် အလေ့အထများကို စွန့်လွှတ်ပြုပြင်ခြင်းတို့ဖြင့် လက်တွဲညီညီ ဆောင်ရွက်ကြပါစို့ဟု အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**သစ်တောမူဝါဒ (၆)ချက်**

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

သတင်းများ ကဏ္ဍ

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ (ဒုတိယအကြိမ်) အစည်းအဝေး ကျင်းပ



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ၏ ဒုတိယ အကြိမ် အစည်းအဝေးကို (၂-၈-၂၀၂၂)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယ ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့်တက်ရောက်သည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုင်ငံတော်၏ သဘာဝသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အပြာရောင်စီးပွားရေး - Blue Economy သည် ပင်လယ်၊ သမုဒ္ဒရာနှင့်သက်ဆိုင်သော စီးပွားရေးဖွံ့ဖြိုးမှုသက်သက်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့ရေး၊ ပင်လယ်သမုဒ္ဒရာဂေဟစနစ် တည်ငြိမ်ရေး၊ ပင်လယ်များနှင့်ထိစပ်လျက်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရေး အတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေးဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများဖော်ထုတ်နိုင်ရေးအတွက် အခြေခံကျသော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်ရေး အစီအစဉ်ကိုရေးဆွဲ အကောင်ထည်ဖော်လျက်ရှိကြောင်း၊

မြန်မာနိုင်ငံကမ်းရိုးတန်းသည် ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်တစ်ခုလုံး၏ ၅ ပုံ ၃ ပုံ ကို ပိုင်ဆိုင်ထားပြီး ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ စုံလင်စွာတည်ရှိနေကြောင်း၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ၊ သန္တာကျောက်တန်းများ၊ ဒီရေတောများ၊ ပင်လယ်မြက်ခင်းများ၊ ငါးပုစွန် ရေထွက်သယံဇာတများပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည့်အပေါ် ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ၎င်းတို့၏ အကျိုးဆက်အနေဖြင့် အစားအစာလုံခြုံစိတ်ချမှုများ လျော့ပါးလာခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လျော့နည်းလာခြင်းကိုဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ပင်လယ်အတွင်းပလတ်စတစ်အမှိုက်များ၊ လျှပ်စစ်စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးစွန့်ပစ္စည်းများစသော အမှိုက်စွန့်ပစ်မှုများ ထိန်းချုပ်နိုင်ရေးစသည့် လက်ရှိစိန်ခေါ်မှုများကို ထိထိရောက်ရောက်ဖြေရှင်းဆောင်ရွက်သွားရန်အတွက် ဒေသစုံ၊ ကဏ္ဍစုံ၊ ဌာနစုံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ပြီး ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက အမှာစကားပြောကြားပြီး၊ ကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

ပန်းမန်သစ်ပင် လေသန့်စင်၍
ဉယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။

PDF Compressor Free Version



## မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်(OneMap Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး



မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (OneMap Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၄–၈–၂၀၂၂ ရက်နေ့ နေ့လယ် (၁) နာရီတွင် နေပြည်တော်၊ ရုံးအမှတ် (၃၉) သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမတွင် ကျင်းပပြုလုပ်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာ စကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် OneMap Myanmar ၏ အဓိကရည်ရွယ်ချက်မှာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏မြေပုံ ကိန်းဂဏန်းများ၊ ကောက်ယူစုစည်းသောနည်းစနစ်များ၊ မြေပုံထုတ်လုပ်သောနည်းစနစ်များ၊ အမျိုးမျိုးအဖုံဖုံကွဲပြား ခြားနားနေခြင်းကြောင့် ပြန်လည်မျှဝေအသုံးပြုနိုင်ရန် အခက်အခဲများကိုတွေ့ရှိခဲ့ရသည့်အတွက် စနစ်တစ်ခုတည်းဖြစ်စေရန် မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊

လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်း၊ ဝန်းသိုဒေသနှင့် နေပြည်တော်ကောင်စီနယ်မြေများအား Geodatabase တည်ဆောက်နိုင်ရေး အတွက် ဌာနဆိုင်ရာများမှ အချက်အလက်များ တောင်းခံခဲ့ပြီး ရရှိသော အချက်အလက်များဖြင့် Geodatabase တည်ဆောက်နိုင်ခဲ့ကြောင်း၊ အမျိုးသားမြေ အသုံးချမှုကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က Web Portal နှင့် လိုအပ်သော Software များရေးသားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်ခဲ့ရာ Web Portal တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း။ စီမံကိန်း၏ Infrastructure တည်ဆောက်နိုင်ရန် လိုအပ်သော Hardware နှင့် Software များ ဝယ်ယူ ဖြည့်တင်းနိုင်ရန်အတွက် မြေတိုင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းပညာရှင်အင်အားဖြင့် OneMap Myanmar- Web Portal တစ်ခု လွှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ပြောကြားပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက OneMap Myanmar- Web Portal တည်ဆောက်ရေး၊ ICT Infrastructure များဖြည့်ဆည်းပံ့ပိုးရေး၊ GIS နည်းပညာအသုံးပြုရေးတို့ကို ဆွေးနွေးကြပါသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ပါမောက္ခနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရပါသည်။

မျက်နှာဖုံးသတင်း

### ကယက်ကြိုးပြင်ကာကွယ်တော



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ ချင်းပြည်နယ်၊ မတူပီခရိုင်၊ ပလက်ဝမြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း (၄,၉၈၈) ဧကရှိသောနယ်မြေကို **'ကယက် ကြိုးပြင်ကာကွယ်တော'** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၂)အရ ၁၃၈၄ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် (၂၀၂၂ခုနှစ်၊ဩဂုတ်လ ၈ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

PDF Compressor Free Version



ကယက်ကြိုးပြင်ကာကွယ်တောဧရိယာသည် ဆမီးချောင်း၊ ဝါမောက်ချောင်း၊ ဝါမီချောင်းတို့၏ ရေဝေရေလဲဒေသအားထိန်းသိမ်းရန်၊ ရာသီဥတုပြောင်းလဲမှုလျော့ချရန်၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရန်နှင့် မြေဆီလွှာထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ကယက်ကြိုးပြင်ကာကွယ်တောအတွင်း ကညင်၊ စကားဝါ၊ သစ်အယ်၊ ယင်းစပ်၊ ယင်းတိုက်၊ ဆီးဖြူစသည့် သစ်မျိုးများပေါက်ရောက်နေပြီး ဝက်ဝံ၊ တောဆိတ်၊ တောင်ဆိတ်၊ တောဝက်၊ တောကြောင်၊ မျောက်၊ ဆတ်၊ ဂျီ၊ သင်းခွေချပ်၊ တောခွေး၊ ကြောင်ပျံ၊ တောကြက်၊ ရစ်၊ ဖြူ စသည့် တိရစ္ဆာန်များ၊ ငုံး၊ ခါ၊ ချိုး၊ ငှက်တော်၊ ကြက်တူရွေး စသောငှက်မျိုးများ၊ ဖွတ်၊ လိပ်၊ မြွေ စသောတွားသွားသတ္တဝါများ ကျက်စားရာဒေသဖြစ်သည့်အပြင် ကုလားတန်မြစ်၏လက်တက်ဖြစ်သော ဆမီးချောင်း၊ ဝါမောက်ချောင်း၊ ဝါမီချောင်းတို့၏ ရေဝေရေလဲဧရိယာဖြစ်သဖြင့် သစ်တောသယံဇာတများကို စနစ်တကျထိန်းသိမ်း စီမံအုပ်ချုပ်ရန်လိုအပ်ခြင်းနှင့် တောင်ဘက်ပိုင်းတွင် ထူးခြားသည့် သဲကျောက်တောင်တန်းရှိခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ်သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

## ပေါ်လယ်–ဝက်ချီပါကြိုးပြင်ကာကွယ်တော



မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၈,၄၀၀) ဧကရှိသော နယ်မြေကို **'ပေါ်လယ်– ဝက်ချီပါ ကြိုးပြင်ကာကွယ်တော'** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် (၂၀၂၂ခုနှစ်၊ သြဂုတ်လ ၈ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ပေါ်လယ်–ဝက်ချီပါကြိုးပြင်ကာကွယ်တောဧရိယာသည် ကာကွယ်တောအနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများတွင်ရေရရှိနိုင်သည့် ရေဝေရေလဲဒေသအားထိန်းသိမ်းရန်၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ပေါ်လယ်–ဝက်ချီပါကြိုးပြင်ကာကွယ်တောအတွင်း အဖိုးတန်သစ်မျိုးများဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ယင်းမာ၊ ထောက်ကြံ့ စသည့် သစ်မျိုးများ၊ အင်၊ ရှားတယ်၊ နဘဲ၊ ဖန်ခါး၊ ဇီးဖြူ၊ ခုသန်၊ နှော၊ လက်ပံ၊ သစ်ဖယောင်း၊ ဖောင်းပုလွေးပင်များ ပေါက်ရောက်နေပြီး ဂျီ၊ တောခွေး၊ တောကြောင်၊ တောကြက်၊ တောဝက်၊ ယုန်နှင့် မျောက်စသည့်တိရစ္ဆာန်များ၊ သစ်တောက်ငှက်၊ ငုံး၊ ခါ၊ ချိုး၊ စွန် စသည့်ငှက်မျိုးများ နေထိုင်ကျက်စားရာဒေသဖြစ်သည့်အပြင် မြစ်သာမြစ်အတွင်း စီးဝင်သော ပေါ်လယ်ချောင်းမကြီး၏ ရေဝေရေလဲဧရိယာဖြစ်သဖြင့်သစ်တောသယံဇာတများကို စနစ်တကျ ထိန်းသိမ်းစီမံအုပ်ချုပ်ရန်အတွက် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

## ဖျန်ကြိုးပြင်ကာကွယ်တော

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄,၈၂၇) ဧက ရှိသောနယ်မြေကို **'ဖျန်ကြိုးပြင်ကာကွယ်တော'** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၂၈/၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း (၁)ရက် (၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ဖျန်ကြိုးပြင်ကာကွယ်တောသတ်မှတ်သည့်ဧရိယာ၏ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအသုံးပြုနေသော စိမ့်စမ်းရေများ၏ရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကျက်စားနေထိုင်လျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ဖျန်ကြိုးပြင်ကာကွယ်တောအတွင်း ပျဉ်းကတိုး၊ ထောက်ကြံ့၊ အင်ကြင်းစသော အဖိုးတန်သစ်မျိုးများနှင့် နဘဲ၊

PDF Compressor Free Version



ချဉ်ယုတ်၊ နှော၊ အင်၊ ဖောင်းပုလွေး စသောသစ်မျိုးများပေါက်ရောက်ခြင်း၊ ဂျီ၊ တောကြောင်၊ တောဝက် စသော တိရစ္ဆာန်များနှင့် ငုံး၊ ခါ၊ ရစ်၊ ချိုး စသည့်ငှက်မျိုးများ၊ ဖွတ်၊ ပုတက်၊ မြွေ စသည့်တွားသွားသတ္တဝါများ၏ ကျက်စားရာနေရာဒေသဖြစ်ခြင်း၊ ဥပဒေများနှင့်အညီ စနစ်တကျထိန်းသိမ်းစီမံအုပ်ချုပ်ရန် လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာရခြင်းဖြစ်ပါသည်။

## ကြိုးကြာအင်းကြိုးပြင်ကာကွယ်တော



နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း(၄,၀၈၇) ဧကရှိသောနယ်မြေကို **ကြိုးကြာအင်းကြိုးပြင်ကာကွယ်တော** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၂၉/၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက်(၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ကြိုးကြာအင်းကြိုးပြင်ကာကွယ်တောတည်ထောင်ခြင်း ဖြင့် ရေ၊ မြေထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ မြေဆီမြေသားကောင်းမွန်ခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း စသည့် လိုအပ်ချက်များကို သဘာဝသစ်တောများမှသာ အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် သဘာဝတောများကို အဓွန့်ရှည်စွာဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ကြိုးကြာအင်းကြိုးပြင်ကာကွယ်တောဧရိယာအတွင်း အဖိုးတန်သစ်မျိုးများဖြစ်သည့် ပျဉ်းကတိုး၊ အင်ကြင်း၊ ပိတောက်၊ သစ်ယာ၊ ယင်းမာ အစရှိသည့်သစ်မျိုးများအပြင် ဆင်တုံးမနွယ်၊ ရှဉ့်မတက်၊ ဝံအူ၊ ကျားမနိုင်၊ သက်ရင်းကြီး စသည့်ဆေးဖက်ဝင်အပင်များ ပေါများစွာပေါက်ရောက်ခြင်း၊ တောကြောင်၊ တောကြက်၊ ရစ်၊ ယုန်၊ ခါ၊ ချိုး စသည့် တိရစ္ဆာန်များ၏ ကျက်စားရာနေရာဒေသဖြစ်ခြင်း၊ ဆင်သေဆည်၏ ရေဝေရေလဲဧရိယာဖြစ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ရခြင်းဖြစ်ပါသည်။

## ပေါက်မြောက်ပိုင်း(၁)ကြိုးပြင်ကာကွယ်တော



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃,၈၁၇) ဧကရှိသောနယ်မြေကို **ပေါက်မြောက်ပိုင်း(၁) ကြိုးပြင်ကာကွယ်တောအဖြစ်** အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက်(၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ပေါက်မြောက်ပိုင်း(၁)ကြိုးပြင်ကာကွယ်တောဧရိယာ အတွင်း သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန်၊ ဒေသခံပြည်သူများအတွက် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စနစ်တကျပိုမိုထုတ်ယူနိုင်စေရန်၊ ရာသီဥတုမျှတစေရန်နှင့် အနောက်ဘက်နှင့် အနောက်မြောက်ဘက် ပုံတောင်ပုံညာဒေသရှိ သစ်တောကြိုးဝိုင်းများအတွက် ဤကာကွယ်တောအား ကြားခံသစ်တောနယ်မြေအဖြစ် တည်ထောင်ထားရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ပေါက်မြောက်ပိုင်း(၁)ကြိုးပြင်ကာကွယ်တောအတွင်း ပျဉ်းကတိုး၊ အင်ကြင်း၊ ယင်းမာ၊ ထောက်ကြံ့၊ သစ်ယာ စသည့်အဖိုးတန်သစ်မျိုးများအပြင် အင်၊ ရှား၊ တယ်၊ သန်း၊ ဇွဲနီ၊ နဘဲ၊ ဖန်ခါး၊ ဇီးဖြူ၊ လက်ပံ၊ သစ်စေး စသည့် သစ်မျိုးများ ရောနှောပေါက်ရောက်လျက်ရှိခြင်း၊ ဂျီ၊ တောခွေး၊ တောကြောင်နှင့် သမင် စသည့်တိရစ္ဆာန်များနှင့် သစ်တောက်ငှက်၊ ငုံး၊ ခါ၊ ချိုးစသည့်ငှက်မျိုးများ ကျက်စားရာဒေသဖြစ်ခြင်းနှင့် ဥပဒေများနှင့်အညီ စနစ်တကျထိန်းသိမ်းစီမံအုပ်ချုပ်ရန်လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

PDF Compressor Free Version



## မအိုင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃,၃၄၀)ဧကရှိသော နယ်မြေကို **မအိုင်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော** အဖြစ် အမိန့်ကြော်ငြာ စာအမှတ် (၁၃၁/၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တော်သလင်း လဆန်း(၁)ရက်(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

မအိုင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော တည်ထောင်ခြင်းဖြင့် ဒီရေတောဂေဟစနစ်ကို ရေရှည်တည်တံ့စေခြင်း၊ ဒီရေတောပင်များသည် ကပ္ပလီပင်လယ်ပြင်မှဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် တားဆီး ကာကွယ်ပေးနိုင်ခြင်း၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသောရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့စေရေးကို အထောက်အကူပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်လေထုမှ ကာဗွန်များစွာ သိုလှောင်ထိန်းညှိပေးနိုင်ခြင်း၊ လူသားတို့၏ စနစ်မကျသော မြေအသုံးချမှုများအား သစ်တောဥပဒေနှင့်အညီ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန်နှင့် သစ်တောဖုံးလွှမ်းမှုဧရိယာတိုးပွားလာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးပြင်ကာကွယ်တော အဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

မအိုင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တောဧရိယာအတွင်း လမု၊ သမဲ့၊ ကန့်ပလာ၊ ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ မဒမ၊ ပင်လယ်အုန်း၊ ခရာ အစရှိသည့်ဒီရေတောပင်များ ပေါက်ရောက်နေပြီး ရေငန်ငါးအမျိုးမျိုး၊ ပုစွန်၊ ဂဏန်း၊ ခရုစုပ်ငှက်၊ နှုတ်သီးပိုင်းရေညောင့်ငှက်၊ ဝန်ပိုငှက်၊ တောဘဲ၊ ဒင်ကျီးငှက်တို့ ကျက်စားရာဒေသဖြစ်သည့်အပြင် ဒေသခံများအတွက် ဆူနာမီမုန်တိုင်း အစရှိသောသဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ သား၊ ငါး၊ ပုစွန်များ ခိုအောင်းပေါက်ပွား ရှင်သန်နိုင်သဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာနိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေ တိုးပွားလာစေခြင်း၊ ဒေသခံများအတွက် အခြေခံလိုအပ်သည့် သစ်၊ တိုင်၊ ထင်းလောင်စာများအတွက်လည်း အထောက်အကူပြုစေနိုင်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## မုလဲကြိုးပြင်ကာကွယ်တော



မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂,၆၁၇) ဧကရှိသော နယ်မြေကို **မုလဲကြိုးပြင်ကာကွယ်တောအဖြစ်** အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၂၂)အရ ၁၃၈၄ခုနှစ်၊ တော်သလင်းလဆန်း (၁)ရက်နေ့ (၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

မုလဲကြိုးပြင်ကာကွယ်တောသတ်မှတ်သည့်ဧရိယာ၏ အနီးပတ်ဝန်းကျင်ရှိကျေးရွာများ အသုံးပြုနေသောစိမ့်စမ်းရေများ၏ ရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်နှင့် ကျက်စားနေထိုင်လျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

မုလဲကြိုးပြင်ကာကွယ်တောအတွင်း ပျဉ်းကတိုး၊ ထောက်ကြံ့၊ အင်ကြင်းစသောအဖိုးတန်သစ်မျိုးများနှင့် နဘဲ၊ ချဉ်ယုတ်၊ နော၊ အင်၊ ဇောင်းပုလွေး စသောသစ်မျိုးများ ပေါက်ရောက်ခြင်း၊ ကျီ၊ တောကြောင်၊ တောဝက် စသော တိရစ္ဆာန်များနှင့် ငုံး၊ ခါ၊ ရစ်၊ ချိုး၊ စသည့်ငှက်မျိုးများ၊ ဖွတ်၊ ပုတက်၊ မြွေ စသည့်တွားသွားသတ္တဝါများ၏ ကျက်စားရာနေရာဒေသဖြစ်ခြင်း၊ ဥပဒေများနှင့်အညီ စနစ်တကျထိန်းသိမ်းစီမံအုပ်ချုပ်ရန် လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာရခြင်းဖြစ်ပါသည်။

PDF Compressor Free Version



## ကျီရိုးယန်းတောင် အမျိုးသားဥယျာဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့နယ်အတွင်းရှိ ဧရိယာ (၆၈၀၄.၅၀)ဧကကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အတွက် ကျီရိုးယန်းတောင်အမျိုးသားဥယျာဉ်အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၂၂ အရ)၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း (၁၂)ရက်(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်) မှစ၍ သတ်မှတ်ဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။

ကျီရိုးယန်းတောင်သည် ချင်းပြည်နယ်တွင် ထင်ရှားသော ကျောက်တောင်ကြီးတစ်ခုဖြစ်ပြီး ထန်တလန်မြို့မှ ၄၃ မိုင်ခန့်အကွာတွင် တည်ရှိ၍ ဟားခါး – ထန်တလန် – ဆာဆီချောက် ကားလမ်းမကြီးဖြင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ကားလမ်းပေါက်ပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာ အပန်းဖြေနိုင်သောနေရာဖြစ်ခြင်း၊ သစ်ပင်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝခြင်း၊ ဘူမိရုပ်သွင်ထူးခြားသောဒေသဖြစ်ခြင်းတို့ကြောင့် ကာကွယ်ထိန်းသိမ်းရန်ရည်ရွယ်၍ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

အမျိုးသားဥယျာဉ်အတွင်း ချင်းပြည်နယ်၏ အမှတ်အသားသင်္ကေတဖြစ်သော တောင်ဇလပ်ဖြူ၊ တောင်ဇလပ်နီနှင့် ချယ်ရီပင်များ ပေါက်ရောက်ပြီး သဘာဝတောအနေအထားများ ကောင်းမွန်ခြင်း၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် တောဆိတ်၊ တောင်ဆိတ်၊ ကျားသစ်နှင့် သင်းခွေချပ်စသည့် တောရိုင်းတိရစ္ဆာန်များကျက်စားနေထိုင်ခြင်း၊ ဘူမိရုပသွင်ပြင်ထူးခြားသည့် သဘာဝကျောက်ဆောင်၊ ကျောက်တန်းများနှင့် ရေတံခွန်များတည်ရှိခြင်းနှင့် ရှည်လျားပြီး လူတစ်ရပ်ခန့်မြင့်သည့် လိုဏ်ဂူအတွင်း သေးငယ်သည့် လင်းနို့များစွာတွေ့ရှိရခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ စုံလင်သဖြင့် ကျီရိုးယန်းတောင်အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

---

## နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း စာရင်းချုပ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၂၂-၈-၂၀၂၂) ရက်မှ (၂၈-၈-၂၀၂၂) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်**ကျွန်း (၄၉.၉၉၈၈)တန်၊ သစ်မာ (၇.၇၄၆၆)တန်၊ အခြား(၅၉.၈၉၈၈)တန်၊ စုစုပေါင်း (၁၁၇.၆၄၄၂)တန်၊ တရားခံ(၁၇)ဦး၊ ယာဉ်/ယန္တရား (၁၈)စီး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၂၃-၈-၂၀၂၂ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ မြောက်ပြင်ဘိနယ်၊ မင်းတုန်းရိုးမ ကြိုးဝိုင်းအကွက် (၂၄ ၊ ၃၀)အတွင်းမှ တရားမဝင် ကျွန်းခွဲသား (၂၃၅)ချောင်း (၂၉. ၃၇၄၀) တန် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပါသည်။





# စီတ်ဝင်စားစရာ REDD+ကာဗွန်ဈေးကွက် အခြေအနေများ

ဒေါက်တာ သောင်းနိုင်ဦး

## ကာဗွန်ဈေးကွက်နောက်ခံအခြေအနေ

၁၉၉၇ ခုနှစ်တွင် ကျင်းပသည့် (၃) ကြိမ်မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု မူဘောင်ကွန်ဗင်းရှင်း (UNFCCC)အဖွဲ့ဝင်များ၏ ညီလာခံတွင်တိုကျိုသဘော တူညီချက်အရ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန်အတွက် သစ်တောကဏ္ဍမှ သစ်တောပြန်လည်တည် ထောင်ခြင်းကို ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် ကျင်းပသော(၁၃)ကြိမ်မြောက် UNFCCC အဖွဲ့ဝင်များ၏ ညီလာခံနှင့် ၂၀၀၈ ခုနှစ်၊ (၁၄) ကြိမ်မြောက် ညီလာခံများတွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ ချခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းနှင့် စဉ်ဆက် မပြတ်သစ်တောစီမံအုပ်ချုပ်ခြင်း၊ သစ်တောများပြန်လည် တည်ထောင်ခြင်း (REDD+)ကို အကောင်အထည်ဖော် ရန်ဆုံးဖြတ်ခဲ့ကြပါသည်။

၂၀၁၂ ခုနှစ်၊ (၁၈)ကြိမ်မြောက် UNFCCC အဖွဲ့ဝင်များ၏ညီလာခံတွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းမှုကြောင့် ကာဗွန်သိုလှောင်နိုင်မှုများ ကို ရလဒ်အခြေပြုငွေပေးချေခြင်းဆောင်ရွက်ရန်၊ သစ်တော ကာဗွန်အပြင် အခြားအကျိုးရလဒ်များကိုထည့်သွင်းစဉ်းစား ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောကဏ္ဍမှ ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးဆောင်ရွက်နေမှုများကို အဆက် မပြတ်ထောက်ပံ့ပေးရန်ဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင်သစ်တော စောင့်ကြည့်လေ့လာမှုစနစ်တည်ဆောက်ရန်နှင့် သစ်တော ကာဗွန်သိုလှောင်မှု၊ သစ်တောဇီဝဗေဒပြောင်းလဲမှုကြောင့် ကာဗွန်သိုလှောင်နိုင်မှု/ကာဗွန်ထုတ်လွှတ်မှုများကို တွက် ချက်ရန်လိုအပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ထည့်သွင်းစဉ်းစားရ မည့်အချက်များကို သတ်မှတ်ခဲ့ကြသည်။

၂၀၁၅ ခုနှစ်၊ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင်ကျင်းပ သော (၂၁)ကြိမ်မြောက် UNFCCC အဖွဲ့ဝင်များ၏ ညီ လာခံတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူ ညီချက် စာချုပ်ကိုချုပ်ဆိုနိုင်ခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သစ်တောကာဗွန်သိုလှောင်မှု၊ စဉ်ဆက်မပြတ် သစ်တော စီမံအုပ်ချုပ်ခြင်းနှင့် REDD+ဆိုင်ရာလုပ်ငန်းများကို ရလဒ် အခြေခံပေးချေမှု (Result-based payments) နည်းစနစ် တို့ဖြင့် ကူညီပံ့ပိုးဆောင်ရွက်သွားရန် ဆုံးဖြတ်ချက် စာပိုဒ် ၅၅ တွင်လည်းကောင်း၊ ပဲရစ် သဘောတူညီချက် (Paris Agreement) စာပိုဒ် ၅ (၁) တွင်လည်းကောင်း၊ စာပိုဒ် ၆ တွင်လည်းကောင်းထည့်သွင်းခဲ့ပါသည်။ သစ်တောပြုန်း တီးမှုလျှော့ချရေးနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန် အရေး ပါလှသည့်တွန်းအားတစ်ရပ်ဖြစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် ကာဗွန်ရောင်းဝယ်မှုလုပ်ငန်းများ၊ ဈေးကွက်များစတင် စဉ်းစားဆောင်ရွက်လာခဲ့ပါသည်။

သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစား ကျဆင်းမှုကို တားဆီးကာကွယ်ခြင်းဖြင့် အဆိုပါလျှော့ချ နိုင်သည့်ပမာဏကို Carbon Credit အဖြစ်သတ်မှတ်၍ သစ်တောကဏ္ဍရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ရပ်အဖြစ် ကာဗွန် ဈေးကွက်တွင်ရောင်းဝယ်သတ်မှတ်ကြပါသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ် သဘောတူညီချက်ဆိုင်ရာကတိကဝတ်ကို ဖြည့်ဆည်း ရန်ကာဗွန်ရောင်းဝယ်မှုဈေးကွက်တွင်ပါဝင်လာကြပါသည်။

UNFCCC ကချမှတ်ထားသော စည်းမျဉ်း စည်း ကမ်းများနှင့်အညီ ရောင်းဝယ်သောကာဗွန်ဈေးကွက် (Compliance Carbon Market) နှင့် မိမိ သဘောဆန္ဒ အလျောက် ရောင်းဝယ်သည့်ကာဗွန်ဈေးကွက် (Voluntary Carbon Market) တို့ဖြစ်ပါသည်။ Compliance Carbon Market သည် UNFCCC မှတစ်ဆင့် အပြည် ပြည်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းဆွေးနွေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့်အညီဆောင်ရွက်ကြရပြီး ရလဒ်ကိုအခြေ ပြုသောရန်ပုံငွေ ပေးချေမှုများ (Results-based payments) ပြုလုပ်ကြသည်။

မိမိသဘောဆန္ဒအလျောက် ရောင်းဝယ်သည့် ကာဗွန်ဈေးကွက်သည် ပုဂ္ဂလိကနှင့် စိတ်ဝင်စားသည့်အဖွဲ့ အစည်းများက အဓိက ကမကထပြု ဆောင်ရွက်နေသော ဈေးကွက်တစ်ခုဖြစ်ပါသည်။ မိမိသဘောဆန္ဒအလျောက် ရောင်းဝယ်သည့် ကာဗွန်ဈေးကွက် Voluntary Carbon Market သည် အပြုသဘောဆောင်သည့်လုပ်ငန်းစဉ်များ အတွက် အားပေးကူညီချီးမြှင့်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းများ တင်းကြပ်ရှုပ်ထွေးစွာ ချမှတ်မထားဘဲ ရောင်းဝယ်သော ဈေးကွက်ဖြစ်ပါသည်။

PDF Compressor Free Version



ကာဗွန်စုပ်ယူသိုလှောင်မှု အသားတင်ပမာဏ သို့မဟုတ် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်သည့် အသားတင်ပမာဏကို တိုင်းတာ၍ Carbon Credits အဖြစ် ပြောင်းလဲပြီး ကုန်သွယ်ရောင်းဝယ်မှု ပုံစံအမျိုးမျိုးဖြင့် ဈေးကွက်များသို့ တိုက်ရိုက်ရောင်းချကြပါသည်။

## Compliance Carbon Market အခြေအနေ

စည်းမျဉ်းစည်းကမ်းများချမှတ်၍ ရောင်းဝယ်သော ကာဗွန်ဈေးကွက် (Compliance Carbon Market) သည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင်ကွန်ဗင်းရှင်း၏စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းများဖြစ်ပါသည်။ ဆိုလိုသည်မှာ နိုင်ငံအဆင့် မဟာဗျူဟာရေးဆွဲခြင်း (National REDD+ Strategies)၊ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်စနစ်တည်ထောင်ခြင်း (National Forest Monitoring System)၊ သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏသတ်မှတ်ခြင်း Forest Reference Emission Level/ Forest Reference Level (FREL/FRL)၊ ကာကွယ်စောင့်ရှောက်မှုစနစ်တည်ထောင်ခြင်း Safeguard Information System – SIS) လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ REDD+ လုပ်ငန်းများသည် ရလဒ်ကိုအခြေခံ၍ စီးပွားရေးမက်လုံးများပေးသည့် လုပ်ငန်းစဉ်များဖြစ်ပါသည်။ ရလဒ်ဆိုသည်မှာ ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ခြင်းနှင့် ကာဗွန်စုပ်ယူသိုလှောင်မှုပမာဏ များပြားလာခြင်းကို ဆိုလိုပါသည်။ စီမံကိန်းအဆင့်လုပ်ငန်းများ (Project- Level mechanism or sub national approach)၊ နိုင်ငံအဆင့်လုပ်ငန်းစဉ်များ (National Level approach mechanism) နှင့် ယင်းနှစ်မျိုးအားရောနှောချိတ်ဆက်ထားသောလုပ်ငန်းစဉ်များ (Nested approach) ဟူ၍ ခွဲခြားဆောင်ရွက်လျက်ရှိပါသည်။

Compliance Carbon Market ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် အပြည်ပြည်ဆိုင်ရာလေကြောင်းအဖွဲ့အစည်း (International Civil Aviation Organization, ICAO) က စတင်လက်ခံခဲ့ပါသည်။ အဆိုပါ ICAO သည် REDD+ Carbon Credits ကို လက်ခံသည့် ကမ္ဘာ့ပထမဦးဆုံးသော Compliance Market ဖြစ်လာခဲ့ပါသည်။ လေကြောင်းလိုင်းများသည် အတည်ပြုထားသော အစီအစဉ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ လေကြောင်းသွားလာမှုမှထုတ်လွှတ်သော ကာဗွန်နိုင်အောက်ဆိုဒ်ကို ဖယ်ရှားနိုင်ရန် ကာဗွန်ခရက်ဒစ်ကိုဝယ်ယူကြရခြင်းဖြစ်ပါသည်။ ကယ်လီဖိုးနီးယားနှင့် ကိုရီးယားဈေးကွက်တို့သည် REDD+ Carbon Credits ကို ဝယ်လိုအားရှိသော အပြည်ပြည်ဆိုင်ရာဈေးကွက်များဖြစ်လာပါသည်။ ပဲရစ်သဘောတူညီချက် Article 6 အရ အပြည်ပြည်ဆိုင်ရာ ကာဗွန်ဈေးကွက်များဆိုင်ရာ စည်းမျဉ်းစည်းကမ်း အသစ်များ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း Compliance ဈေးကွက်တွင် ကာဗွန်ခရက်ဒစ်မှာ အကန့်အသတ်ဖြင့်ရှိဆဲဖြစ်ပါသည်။

## Voluntary Carbon Market အခြေအနေ

လွတ်လပ်စွာရောင်းဝယ်သော ကာဗွန်ဈေးကွက် (Voluntary Carbon Market) မှ Carbon Credits များသည် ဈေးကွက်တွင်သိသာထင်ရှားစွာ လွှမ်းမိုးလျက်ရှိသည်။ နှစ်စဉ်မိမိဆန္ဒသဘောဖြင့် ရောင်းဝယ်သော ကာဗွန်ဈေးကွက်သည် ပထမအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ထက်ပိုခဲ့သည်။ အဓိက အကြောင်းအရင်းမှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကတိကဝတ်များကြောင့်ဖြစ်သည်။ သဘာဝကိုအခြေခံသော Carbon Credits များ၊ အထူးသဖြင့် သစ်တောနှင့် မြေအသုံးချမှုဆိုင်ရာ Carbon Credits များ သည် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်အတွင်း ဝယ်လိုအားများ မြင့်မားခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် မိမိဆန္ဒအလျောက်ရောင်းဝယ်နိုင်သော ကာဗွန်ဈေးကွက်တွင် သစ်တောနှင့်မြေအသုံးချမှုဆိုင်ရာစီမံကိန်းများမှ ကာဗွန်ရောင်းဝယ်မှုသည် ပမာဏအားဖြင့် အများဆုံးဖြစ်ခဲ့ပြီး $CO_2$ တန် ၂၃.၃ သန်း (23.3 Mt $CO_2$) ရှိခဲ့ပါသည်။ အဆိုပါပမာဏမှာ ၂၀၁၇ ခုနှစ်ကရောင်းဝယ်ခဲ့သော $CO_2$ တန် ၁၀.၆ သန်း (10.6 Mt $CO_2$) ထက်သိသာစွာ များပြားလာခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် REDD+ Credit ပျမ်းမျှဈေးနှုန်းမှာ $CO_2$ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃.၈၀ ဖြစ်ပါသည်။ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းမှ ဈေးကွက်တွင် ရောင်းဝယ်သောပမာဏမှာ သိသာစွာတိုးတက်လာခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် $CO_2$ တန် ၂ သန်း (2 Mt $CO_2e$) ရှိရာမှ ၂၀၁၈ ခုနှစ်တွင် တန် ၈.၄ သန်း (8.4 Mt $CO_2e$) နှင့် ၂၀၁၉ ခုနှစ်တွင် ပြန်လည်လျော့နည်းလာခဲ့ပြီး $Co_2$ တန် ၃ သန်း (3 Mt $Co_2e$) ရှိခဲ့ပါသည်။ ပျမ်းမျှဈေးနှုန်းမှာ $CO_2$ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇. ၉၆ ဖြစ်ပါသည်။

ဝယ်လိုအားမြင့်မားလာသည့်အတွက် အဆိုပါ Carbon Credits ဈေးနှုန်းများလည်းမြင့်တက်လာခဲ့သည်။ မိမိဆန္ဒအလျောက်ရောင်းဝယ်နိုင်သည့် ကာဗွန်ဈေးကွက်သည် အင်အားကောင်းစွာ နယ်ပယ်မျိုးစုံတွင် ဆက်လက်ကြီးထွားလာလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်အစောပိုင်းကာလတွင် မိမိဆန္ဒအလျောက် အသားတင်ကာဗွန်ထုတ်လွှတ်မှုမရှိစေရေး(Net Zero Emission) နှင့် ရာသီဥတုမျှခြေ ကတိကဝတ်များကြောင့် ပုဂ္ဂလိက ကုမ္ပဏီပေါင်း ၁,၅၀၀ ကျော်သည် ၂၀၃၀ ပြည့်နှစ် မတိုင်မီ အစောပိုင်းကာလတွင် ၎င်းတို့၏လုပ်ငန်းများမှ အသားတင်

PDF Compressor Free Version



ကာဗွန်ထုတ်လွှတ်မှုမရှိစေရေး ကြိုးပမ်းလာကြပါသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ်တွင် ကဏ္ဍအသီးသီးမှ ကာဗွန် ရောင်းဝယ်မှုပမာဏမှာ တန်သန်း ၁၀၀ (100 Mt $CO_2$e) နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၉၆ သန်းရှိခဲ့ ပါသည်။ ၂၀၁၉ ခုနှစ်တွင် $CO_2$ တန် ၁၀၄ သန်း (Mt CO2e) ရောင်းဝယ်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၂၀ သန်းရှိခဲ့ပါသည်။ အဆိုပါပမာဏမှာ ၂၀၁၇ ခုနှစ် ရောင်းဝယ်မှုပမာဏ၏ ၂ ဆရှိခဲ့ပါသည်။

သစ်တောနှင့် မြေအသုံးချမှုဆိုင်ရာကဏ္ဍ၏ အဓိကလုပ်ငန်းဖြစ်သော REDD+ Carbon Credits ရောင်းဝယ်မှုပမာဏသည် ၂၀၁၈ ခုနှစ်တွင် တန် ၃၁ သန်း (31 Mt $CO_2$e) နှင့် ၂၀၁၉ ခုနှစ်တွင် တန် ၂၃ သန်း (23 Mt $CO_2$e) ရှိခဲ့ပြီး ဈေးကွက်တွင် ရောင်းဝယ်ခဲ့မှု စုစုပေါင်းပမာဏထက် ၃၀ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင် နှုန်းအသီးသီး ရှိခဲ့ပါသည်။ ပျမ်းမျှဈေးနှုန်းမှာ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာမှ ၄ ဒေါ်လာရှိသော ကြောင့် စုစုပေါင်းရောင်းဝယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာသန်း ၁၀၀ ခန့်ရှိပါသည်။ အဆိုပါ REDD– ကာဗွန်ရောင်းဝယ်မှုသည် စီမံကိန်းကိုအခြေပြုသော Carbon Credits များဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မိမိဆန္ဒအလျောက်ရောင်းဝယ်သော ကာဗွန်ဈေး ကွက်တွင် REDD+ Carbon Credits ဝယ်လိုအားသည် ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း ခန့်မှန်းထားပါ သည်။ လေ့လာမှုများအရ ၂၀၃၀ ပြည့်နှစ်တွင် REDD+ Carbon Credits ဝယ်လိုအားသည် တန် ၁ ဘီလီယံ (1 Gt $CO_2$e) ထိရှိလာမည်ဖြစ်သည်။ တစ်နည်းအားဖြင့် သစ်တော Carbon Credits ဝယ်လိုအားသည် နှစ်စဉ်တန် သန်း ၂၅၀ (250 Mt $CO_2$e) ရှိမည်ဖြစ်ပါသည်။

**ကာဗွန်ကုန်သွယ်မှုတွင် ဝင်ရောက်ဆောင်ရွက်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကာဗွန်ဈေးနှုန်းများ**

၂၀၁၉ ခုနှစ်တွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချ သည့် လုပ်ငန်းဆောင်ရွက်သည့်နိုင်ငံ ၂၈ နိုင်ငံရှိခဲ့ပြီး အဆိုပါ ကာဗွန်ထုန်လွှတ်မှုလျှော့ချသည့်ပမာဏ၏ ၈၆ ရာခိုင်နှုန်းသည် အင်ဒိုနီးရှား၊ ပီရူး၊ ကင်ညာ၊ ဘရာဇီး၊ အမေရိကန်၊ ဂွာတီမာလာ၊ ဇင်ဘာဘွေနှင့် အီသီယိုပီး ယားနိုင်ငံ(၈)နိုင်ငံမှ ရောင်းချခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ (၈)နိုင်ငံအနက် အမေရိကန်နိုင်ငံမှအပ ကျန်နိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး သစ်တောပြုန်းတီးမှုဖြစ်လာနိုင် သော အလားလာများဖြစ်ပေါ်လျက်ရှိပါသည်။

လက်တင်အမေရိကနိုင်ငံများသည် ၂၀၁၉ ခုနှစ် တွင် သစ်တောနှင့်မြေအသုံးချမှုမှရရှိသော Carbon Credits များ၏ ဈေးကွက်ဝေစု ၃၈ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ပီရူးနိုင်ငံအနေဖြင့် $CO_2$ တန် ၅.၇ သန်း (5.7 Mt$Co_2$e)၊ ဘရာဇီးနိုင်ငံအနေဖြင့် $CO_2$ တန် ၃.၇ သန်း (3.7 Mt$Co_2$e) ဂွာတီမာလာနိုင်ငံအနေဖြင့် $CO_2$ တန် ၂.၆ သန်း (2.6 Mt$Co_2$e) အသီးသီးရှိခဲ့ပါသည်။ Carbon Credits အများဆုံးထုတ်လုပ်သည့် အဆိုပါနိုင်ငံ ၃ နိုင်ငံ သည် ကာဗွန် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃.၀၅ ရရှိခဲ့ပါသည်။ လက်တင်အမေရိကတွင် ရောင်းဝယ်လျက် ရှိသော ပျမ်းမျှဈေးနှုန်း ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၃.၃၆ အောက်သို့ကျဆင်းခဲ့ပြီး ကမ္ဘာ့ပျမ်းမျှ ဈေးနှုန်း ကာဗွန် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄.၃၃ ထက် လျော့နည်းကြောင်းတွေ့ရပါသည်။

အခြားလက်တင်အမေရိကနိုင်ငံများဖြစ်သော နိုင်ကာရာဂွာ၊ မက္ကဆီကို၊ ကိုလံဘီယာနှင့် ပနားမား စသည့် ၄ နိုင်ငံတွင် စုစုပေါင်း $CO_2$ 891,000 တန် (891 Kt$CO_2$e) ရှိခဲ့ပြီး အဓိကအားဖြင့် သစ်တောတည် ထောင်ခြင်းလုပ်ငန်းမှ ရရှိခဲ့ခြင်းဖြစ်သည်။ ပျမ်းမျှဈေးနှုန်း (၁) တန်လျှင် အမေရိကန်ဒေါ်လာ ၆.၆၉ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် အာဖရိကနိုင်ငံများမှ Carbon Credits ထုတ်လုပ်မှုပမာဏသည် ၂၇.၁ ရာခိုင်နှုန်းရှိပြီး အဓိက အားဖြင့် ကင်ညာ၊ ဇင်ဘာဘွေ၊ အီသီယိုးပီးယား၊ ယူကန္ဒာ နှင့် တန်ဇန်းနီးယားနိုင်ငံများအပါအဝင် အရှေ့အာဖရိက နိုင်ငံများမှ Carbon Credits ထုတ်လုပ်ခြင်း ဖြစ်ပါသည်။ ဒေသအတွင်း ပျမ်းမျှဈေးနှုန်းမှာ ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၄.၁၃ ဖြစ်ပြီး ကမ္ဘာ့ သစ်တောနှင့်မြေအသုံးချမှု ကာဗွန်ဈေးနှုန်းနီးပါးရှိပါသည်။

၂၀၁၉ ခုနှစ်တွင် အာရှဒေသ၌ သစ်တောကဏ္ဍမှ Carbon Credits ထုတ်လုပ်မှုသည် စုစုပေါင်းပမာဏ၏ ၂၃.၁ ရာခိုင်နှုန်း ရှိခဲ့ပြီးပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် $CO_2$ တန် ၆.၉ သန်း (6.9 Mt$Co_2$e) ထိအများဆုံးထုတ်လုပ်ခဲ့ပြီး၊ ကမ္ဘောဒီးယားနိုင်ငံနှင့် အိန္ဒိယ နိုင်ငံများသည် အာရှတွင် ဒုတိယနှင့်တတိယ အများဆုံး ကာဗွန်ခရက်ဒစ် ထုတ်လုပ်ခဲ့ပါသည်။ မြောက်အမေရိက၊ ဥရောပနှင့်သမုဒ္ဒရာနိုင်ငံများရှိစီမံကိန်းများသည် လက်တင် အမေရိကမှ ထုတ်လုပ်မှုပမာဏထက်လျော့နည်းပြီး ၂၀၁၉ ခုနှစ်တွင် တန် ၂.၉ သန်း (2.9 Mt$Co_2$e) ထုတ်လုပ်ခဲ့ပါ သည်။ ၁ တန်လျှင် ပျမ်းမျှဈေးနှုန်း အမေရိကန်ဒေါ်လာ ၇.၄၇ ဖြစ်ပါသည်။ သမုဒ္ဒရာနိုင်ငံများသည် ပမာဏအား ဖြင့် တန် ၄၀၀,၀၀၀ (400 Kt$CO_2$e)ကိုသာ ကုန်သွယ်မှု ပြုနိုင်ခဲ့ပြီး ပျမ်းမျှဈေးနှုန်းမှာ သိသာစွာမြင့်မားလာပြီး (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၂.၆၇ ရရှိခဲ့ပါ သည်။

သစ်တောနှင့် မြေအသုံးချမှုပြောင်းလဲခြင်းဆိုင်ရာ စီမံကိန်းအမျိုးအစား (၇)မျိုးရှိပြီး ၂၀၁၉ ခုနှစ်တွင် ကာဗွန်ဈေးကွက်၌ရောင်းဝယ်ခဲ့သော စီမံကိန်းအမျိုးအစား (၇)မျိုးမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်–

PDF Compressor Free Version



(က)စီမံကိန်းရေးဆွဲဆောင်ရွက်မှုမရှိသော သစ်တော ပြုန်းတီးမှုများကို ရှောင်ရှားခြင်း (REDD+, Avoided Unplanned Deforestation)၊

(ခ) စီမံကိန်းရေးဆွဲဆောင်ရွက်ခြင်းကြောင့် သစ်တော ပြုန်းတီးမှုများကိုရှောင်ရှားခြင်း ((REDD+ ၊ Avoided Planned Deforestation)၊

(ဂ) တိတိကျကျသတ်မှတ်မထားသော သစ်တောနှင့် မြေအသုံးချမှုများ (Non-specific Forestry and Land-use)၊

(ဃ)သစ်တောစိုက်ခင်းများတည်ထောင်ခြင်းနှင့် သစ်တောစိုက်ခင်းများပြန်လည်တည်ထောင်ခြင်း (Afforestation and Reforestation)၊

(င) သစ်တောစီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေ ရန်ဆောင်ရွက်ခြင်း (Improved Forest Management)၊

(စ) တိတိကျကျ သတ်မှတ်မထားသော REDD+ လုပ်ငန်းများ (REDD+, Non Specified)၊

(ဆ)ထာဝစဉ်တည်တံ့သောစိုက်ပျိုးရေးနှင့် သီးနှံ သစ်တောရောနှောစိုက်ပျိုးခြင်းလုပ်ငန်းများ (Sustainable Agriculture/Agroforestry)၊

## သစ်တောကာဗွန်ဝယ်ယူမှုအများဆုံးနိုင်ငံများ

၂၀၁၉ ခုနှစ်တွင် သစ်တောကာဗွန်ကို အများဆုံး ဝယ်ယူခဲ့သောနိုင်ငံများမှာ ပြင်သစ်နိုင်ငံ ၃၃. ၀ ရာခိုင်နှုန်း၊ အင်္ဂလန်နိုင်ငံ ၁၁.၄ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံ ၁၀.၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ အဆိုပါ ၃ နိုင်ငံကဝယ်ယူခဲ့သော ကာဗွန်ပမာဏသည် ဈေးကွက်တွင် ရောင်းချနေသော ကာဗွန်ပမာဏ၏ ၅၁ ရာခိုင်နှုန်းရှိပါသည်။ ဆွီဒင်၊ ဘယ်ဂျီယံ၊ ဆွစ်ဇာလန်၊ ဂျာမဏီ၊ သြစတေးလျ၊ ဘရာဇီးလ်၊ နယ်သာလန်၊ နယူးဇီလန်၊ ကနေဒါ၊ စပိန်နှင့် အီတလီ နိုင်ငံများကလည်း အများဆုံးဝယ်ယူသည့် ၁၄ နိုင်ငံများ စာရင်းတွင် ပါဝင်ခဲ့ပါသည်။

ကာဗွန်ဝယ်ယူသူများကို အဖွဲ့ခွဲ (၂) ဖွဲ့ ခွဲခြား နိုင်ပါသည်။ ပထမအဖွဲ့မှာ လက်လီပြန်လည်ရောင်းချသူ သို့မဟုတ် ပွဲစားမှတစ်ဆင့် ပြန်လည်ရောင်းဝယ်သော သူများဟူ၍ ခွဲခြားနိုင်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ရောင်း ဝယ်ခဲ့သော သစ်တောကာဗွန်၏ ၆၀ ရာခိုင်နှုန်းကို တိုက် ရိုက်သုံးစွဲသူများက ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ပုဂ္ဂလိက ကုမ္ပဏီများ၏ သစ်တောနှင့်မြေအသုံးချမှုဆိုင်ရာ ကာဗွန် များဝယ်လိုအားများ မြင့်တက်လျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင် ၉၆.၄ ရာခိုင်နှုန်းထိဝယ်ယူခဲ့ပါသည်။ ပုဂ္ဂလိက ကုမ္ပဏီ များသည် တိုက်ရိုက်သုံးစွဲသူများအဖြစ် ဝယ်ယူကြပြီး ဖန် လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် ၎င်းတို့ ကုမ္ပဏီ၏ တာဝန်ယူမှုတာဝန်ခံမှုအစိတ်အပိုင်းအဖြစ် ဝယ် ယူခြင်းဖြစ်ပါသည်။ အချို့ကိစ္စများတွင် သစ်တော ကာဗွန် ခရက်ဒစ်များကို ဈေးကစားလိုသောရည်ရွယ်ချက်ဖြင့် ရင်း နှီးမြှုပ်နှံဝယ်ယူခြင်းများလည်းရှိပါသည်။ Ecosystem Market Place ၏လေ့လာမှုများအရ ပုဂ္ဂလိကကဏ္ဍမှ ဝယ် ယူသောပမာဏ၏ ၂၄.၃ ရာခိုင်နှုန်းသည် အခြား ဝယ်လို သူများကို ပြန်လည်ရောင်းချရန် ကြားခံအဖြစ်ဝယ်ယူထား ခြင်းဖြစ်ကြောင်း တစ်နည်းအားဖြင့် ပွဲစားအဖြစ် ဝယ်ယူ ထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍမှဝယ်ယူခဲ့ သောပမာဏ၏ ၃.၃ ရာခိုင်နှုန်းကို အကျိုးမြတ်အတွက် မဟုတ်ပဲ ကာဗွန်ခရက်ဒစ်ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ၇.၃ ရာခိုင်နှုန်းသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး ရည် ရွယ်ချက်အတွက် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ အချုပ်အား ဖြင့် ၂၀၁၉ ခုနှစ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော သစ်တောကာဗွန်ပမာဏ၏ ၇၃.၆ ရာခိုင်နှုန်းကို တိုက်ရိုက် သုံးစွဲသူများက ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ၂၆.၄ ရာခိုင်နှုန်းကို ပွဲစားများ၊ ကြားခံကုမ္ပဏီများကဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

## ကမ္ဘာ့ကာဗွန်ဈေးကွက်အလားအလာ

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘော တူ ညီချက် Article 6 သည် နိုင်ငံအလိုက် ကာဗွန်ထုတ် လွှတ်မှုလျှော့ချရေးအစီအစဉ်များ (Nationally Determined Contribution – NDC) နှင့်အညီ ဆောင်ရွက် နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာကာဗွန်ဈေးကွက်ကို ခွင့်ပြုထားပါသည်။ UNFCCC အဖွဲ့ဝင်နိုင်ငံများသည် NDC ကတိကဝတ်များပြည့်ဆည်းရေးအတွက် အပြည် ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးရလဒ်များ ပြောင်းရွှေ့ခြင်း (Internationally Transferred Mitigation Outcomes ITMOs)ကို သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်နိုင်ပါသည်။ဒေသများအလိုက် ဆောင် ရွက်သော REDD+ Carbon Credits သည် UNFCCC ၏ ဝါဆော REDD+ မူဘောင်နှင့်ကိုက်ညီပြီး ITMOs ၏ပုံစံတစ်ခုဖြစ်လာနိုင်ပါသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူညီ ချက်နှင့်အညီဆောင်ရွက်သည့် ITMOs ကာဗွန်ခရက်ဒစ် ရောင်းဝယ်မှုသည် နှစ်စဉ်ဒေါ်လာ တစ်ဘီလီယံခန့် ဝယ်လို အားရှိနေပြီး ဆက်လက်၍လည်း တိုးတက်လာနိုင်မည် ဖြစ်ပါသည်။ Compliance Carbon Market သို့မဟုတ် ရလဒ်ကိုအခြေပြုသောငွေပေးချေမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး လာပါက သစ်တောထိန်းသိမ်းရေးအတွက်လည်း ရန်ပုံငွေ ကြေးလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ် ပါသည်။

စာမျက်နှာ (၁၅) သို့

PDF Compressor Free Version



ယခင်လမှအဆက် ➤

စိမ်းကိန်းနှင့် တရင်းအင်းဌာန

# LCC နှင့် UTM မြေပုံများအကြောင်းသိကောင်းစရာ

**မြေပုံ၏ အစိတ်အပိုင်းများအား ခွဲခြားလေ့လာခြင်း**

မြေပုံတစ်ပုံတွင် ပါရှိသောအင်္ဂါအစိတ်အပိုင်းများအား အောက်ပါခေါင်းစဉ်များခွဲခြား၍ ရှင်းလင်းဖော်ပြသွားမည်ဖြစ်ပါသည်–

(၁) မြေပုံအညွှန်းများ အညွှန်းတည်ဆောက်ပုံစနစ် (Index System)
(၂) မြေပုံနံပါတ် (Map Number/ Sheet Number)
(၃) မြေပုံအမည် (Map Name/ Sheet Name)
(၄) မြေပုံတွဲအမည် (Serie's Name)
(၅) အုပ်ချုပ်ရေးနယ်နိမိတ် အညွှန်းပြမြေပုံကွက် (Administrative Index)
(၆) မြေပုံစကေး (Scale)
(၇) အကွာအဝေးပြဘား (Bar Scale/Graph Scale)
(၈) လားရာဘက်အညွှန်းပုံ (Direction Diagram)
(၉) ကွန်တိုမျဉ်း (Contour Line)
(၁၀) ဂရစ်မျဉ်း (Grid Line)
(၁၁) ဂရစ်အညွှန်း (Grid Reference)
(၁၂)ဘေးပတ်လည်ရှိ မြေပုံနံပါတ်များ (Adjoining Sheets)
(၁၃) ထုတ်လုပ်သည့်နှစ် (Printing Note)
(၁၄) သင်္ကေတအညွှန်းများ (Legends)

**(၁) မြေပုံအညွှန်းများ အညွှန်းတည်ဆောက်ပုံစနစ် (Index System)**

(က) LCC မြေပုံများ အညွှန်းတည်ဆောက်ပုံစနစ် (LCC's Index System)

LCC မြေပုံများတွင် မြေပုံအညွှန်းကို တောင်–မြောက် ၄˚ ၊ အရှေ့–အနောက် ၄˚ ကျယ်ဝန်းသော နံပါတ်ကွက်ကြီးများ (ဥပမာ – 83, 84, 92, 93) တို့ဖြင့် ရှေ့ဆုံးမှညွှန်းထားသည်။ ၎င်းနောက် တောင်–မြောက် ၁˚ ၊ အရှေ့–အနောက် ၁˚ စီ ကျယ်ဝန်းသော အက္ခရာကွက်များ (A,B,....,P) ဖြင့် A မှစ၍ P ထိတိုင် ညွှန်းထားသည်။ ၎င်းနောက် တောင်–မြောက် ၁၅' ၊ အရှေ့–အနောက် ၁၅' စီ ကျယ်ဝန်းသော ဂဏန်းငယ်များ (1,2,....,16) ဖြင့် ၁ မှစ၍ ၁၆ ထိတိုင် ညွှန်းထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဥပမာ– 92 A 1, 84 D 5 အိန္ဒိယနိုင်ငံကို ဖဟိုပြုပြီး အီရန်နိုင်ငံမှစ၍ အရှေ့တောင်အာရှအပေါ်ပိုင်းအထိ ဒေသတစ်ခုအဖြစ် ပင်လယ်သမုဒ္ဒရာပိုင်းကို ချန်လှပ်၍ ကုန်းတွင်းပိုင်း (အာရှတိုက် အလယ်ပိုင်း ကုန်းတွင်းဒေသ – Central Asia Land) ကို ၄˚ စတုရန်းကွက်ကြီးများ ၁၃၆ ကွက် စိတ်ပိုင်းထားသည်။ မြန်မာပြည် အတွင်းကျရောက်သော နံပါတ်ကွက်ကြီးများမှာ 83, 84, 85, 86, 91, 92, 93, 94, 95, 96 နှင့် 102 တို့ဖြစ်ကြပါသည်။



ပုံ (၇) အာရှတိုက်အလယ်ပိုင်း ကုန်းတွင်းဒေသအတွက် LCC မြေပုံနံပါတ်များတည်ဆောက်ပုံ

(ခ) UTM မြေပုံများ အညွှန်းတည်ဆောက်ပုံစနစ် (UTM's Index System)

UTM မြေပုံများ၏ အညွှန်းတည်ဆောက်ပုံမှာ LCC မြေပုံများ၏ အညွှန်းတည်ဆောက်ပုံစနစ်ထက် ပိုမိုလွယ်ကူရှင်းလင်းပြီး တခြားနိုင်ငံများ၏မြေပုံများ (Topographic Map) နှင့် ဆက်စပ်၍ ကြည့်ရှုနိုင်ပါသည်။ Universal Transverse Mercator စနစ်အရ တစ်ကမ္ဘာလုံးအတွက် ဂရစ်ဇုံများကို တူညီစနစ်ကျစွာခွဲခြားထားပြီး လွယ်ကူစွာနားလည်စေနိုင်ပါသည်။ အရှေ့အနောက်ညွှန်းဆိုသော လောင်ဂျီတွဒ် စုစုပေါင်း ၃၆၀˚ အား ၆˚ အကွာအဝေးတိုင်းကို Column များအဖြစ် ပိုင်းခြားထားပြီး၊ ၎င်း Column များအား ဇုံ (Zone) များဟု ခေါ်ဆိုပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့အနောက်ခြမ်းအတွက် လောင်ဂျီတွဒ် (၀˚ မှ ၁၈၀˚ အထိ) ၆˚ အကွာအဝေးColumn ပေါင်း (၃၀)နှင့် အရှေ့ကမ္ဘာခြမ်းအတွက် (၀˚ မှ ၁၈၀˚ အထိ) Column ပေါင်း (၃၀)၊ စုစုပေါင်း Column ပေါင်း (၆၀)နှင့် ပိုင်းခြားထားပါသည်။ ၎င်း Column များကို UTM

၏ အဓိကဇုံအပိုင်းအခြား (UTM Zone) အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့အနောက်ခြမ်း လောင်ဂျီတွဒ် ၁၈၀˚ မှ အရှေ့လောင်ဂျီတွဒ် ၁၈၀˚ အထိ ဂဏန်းနံပါတ်များ ၁ မှ ၆၀ အထိ အစီအစဉ်အတိုင်း ဇုံနံပါတ်များအဖြစ် သတ်မှတ်သုံးစွဲပါသည်။

UTM Zone တစ်ခုခြင်းစီအတွက် မည်သည့် လတ္တီတွဒ်အပိုင်းအခြားတွင် တည်ရှိသည်ကို ညွှန်းဆိုနိုင်ရန် Row များ ပိုင်းခြားသတ်မှတ်ထားပြန်ပါသည်။ တောင်လတ္တီတွဒ် ၈၀˚ မှ အီကွေတာအထိ ၈˚ ကျယ်ဝန်းသော Row ပေါင်း (၁၀) ခု၊ အီကွေတာမှ မြောက်လတ္တီတွဒ် ၇၂˚ အထိ ၈˚ ကျယ်ဝန်းသော Row ပေါင်း (၉) ခု၊ မြောက်လတ္တီတွဒ် ၇၂˚ မှ ၈၄˚ အထိ ၁၂˚ ကျယ်ဝန်းသော Row (၁) ခု၊ စုစုပေါင်း Row ပေါင်း (၂၀) ခုဖြင့် သတ်မှတ်ဖွဲ့စည်းထားပါသည်။ Row များကို အင်္ဂလိပ် အက္ခရာများဖြင့် သတ်မှတ်ပြီး၊ I နှင့် O ကို ချန်လှပ်ပါက C မှ X အထိ (C, D, E,…,W, X) တောင်မှ မြောက်ဘက်သို့ အက္ခရာစဉ်အတိုင်း သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံသည် UTM ဇုံအနေဖြင့် 46, 47 အတွင်း ကျရောက်သည်ကို တွေ့ရှိရပါသည်။ လတ္တီတွဒ်နှင့် လောင်ဂျီတွဒ် (၁˚ x ၁˚ ) ဖြတ်မျဉ်းကွက်များကို အမှီပြု၍ (Reference) ဂရစ်မျဉ်းကွက်အောက်ပိုင်း လက်ဝဲဘက်ထောင့်ရှိ လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်တန်ဖိုးတို့ကို မြေပုံအညွှန်းအဖြစ် အသုံးပြုပါသည်။ ဥပမာ– မြေပုံ၏ အောက်ဘက် ဝဲဘက်ထောင့်၏ လတ္တီတွဒ် ၂၃˚ နှင့် လောင်ဂျီတွဒ် ၉၆˚ ရှိသော မြေပုံကို ၂၃၉၆ ဟု ညွှန်းဆိုပါသည်။



ပုံ (၈) UTM မြေပုံနံပါတ်များ တည်ဆောက်ပုံ

## (၂) မြေပုံနံပါတ် (Map Number)

(က)LCC မြေပုံများ၏ နံပါတ်စနစ် (LCC's Map Number)

LCC မြေပုံများ၏နံပါတ်စနစ်(LCC's Map Number)ကို စကေးအလိုက်ခွဲခြားထားသော်လည်း ရှေ့ဦးဆုံးအညွှန်းမှာ လတ္တီတွဒ်၊ လောင်ဂျီတွဒ်(၄˚ x ၄˚) အကွာအဝေးတိုင်းကို အိန္ဒိယနိုင်ငံကို ဗဟိုထား၍ ဆက်စပ်ယူခဲ့သောနံပါတ်ကြီးများနှင့် ညွှန်းဆိုထားပါသည်။ ၎င်းနောက် လတ္တီတွဒ်၊ လောင်ဂျီတွဒ် (၄˚ x ၄˚ ) အကွက်တိုင်းအား (၁˚ x ၁˚ ) စီရှိသော အကွက်(၁၆)ကွက်ကို အကွက်ကြီး၏ အပေါ်ပိုင်းလက်ယာဘက်အကွက်ငယ်မှ အပေါ်မှ အောက်သို့ ဒေါင်လိုက်အတိုင်း A မှ P သို့တိုင် အက္ခရာများနှင့် ညွှန်းဆိုထားပါသည်။ LCC တစ်လက်မလေးမိုင်မြေပုံများ၏ နံပါတ်အညွှန်းများကို အထက်ပါနည်းအတိုင်း ညွှန်းဆိုထားပါသည်။ ဥပမာ– 93 A, 93 P

(၁˚ x ၁˚ )အက္ခရာကွက်များကို (၃၀' x ၃၀') အကွက်ငယ်လေးကွက် ထပ်မံပိုင်းစိတ်ပြီး၊ အရပ်မျက်နှာများကိုညွှန်း၍ အရှေ့မြောက် (NE)၊ အရှေ့တောင်(SE)၊ အနောက်မြောက်(NW)နှင့် အနောက်တောင်(SW) ဟူ၍ ထပ်မံပိုင်းခြားထားပါသည်။ တစ်လက်မနှစ်မိုင်မြေပုံများကို လေ့လာပါက ဤနည်းအတိုင်း ညွှန်းဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဥပမာ– 93 A NW, 93 A SE

(၁˚ x ၁˚)အက္ခရာကွက်များကို (၁၅' x ၁၅') အကွက်ငယ်လေး ၁၆ ကွက် စိတ်ပိုင်း၍ အပေါ်ပိုင်းလက်ဝဲဘက်မှစ၍ ၁ မှ ၁၆ ထိတိုင် ဒေါင်လိုက် ညွှန်းဆိုထားပါသည်။ LCC တစ်လက်မတစ်မိုင် မြေပုံများကို လေ့လာပါက ဤနည်းအတိုင်း ညွှန်းဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဥပမာ– 93 A 1, 91 A 16



ပုံ(၉) LCC မြေပုံများမြေပုံနံပါတ်အညွှန်း တည်ဆောက်ပုံစနစ်

(ခ) UTM မြေပုံများ၏ နံပါတ်စနစ် (UTM's Map Number)

UTM မြေပုံများ၏ အညွှန်းနံပါတ်စနစ် တည်

ဆောက်မှုစနစ်မှာ (၁ ° x ၁ ° ) လတ္တီတွဒ်၊ လောင်ဂျီတွဒ် ဂရစ်ကွက်များပေါ်မူတည်၍ ညွှန်းဆိုထားသည်။ UTM မြေပုံ (၁း၂၅၀,၀၀၀) စကေးမြေပုံများကို ၂၂၉၆၊ ၂၃၉၉ စသည်ဖြင့် တွေ့ရှိရမည်ဖြစ်ပြီး၊ UTM မြေပုံ (၁း၅၀,၀၀၀) စကေးမြေပုံများကို (၁၅ ' x ၁၅') အပိုင်းအခြား အကွက်ငယ်လေးများ ၁ မှ ၁၆ ထိတိုင် ထပ်မံပိုင်းခြားပြီး ၂၂၉၆–၁၊ ၂၃၉၉–၁၆ စသည်ဖြင့် ညွှန်းဆိုထားကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။




**ပုံ (၁၀) LCC နှင့် UTM မြေပုံများ၏ မြေပုံနံပါတ်အညွှန်းတည်ဆောက်ပုံစနစ်**

| LCC (1:253,440) (1 inch = 4 mile) (1° x 1°) Map Extent Indian Adjacent Number (93) & (4 x 4) Alphabetic Matrix Box (A-P) | UTM (1:250,000) (1° x 1°) Map Extent Latitude & Longitude |
|---|---|
| 93 A | 2396 |
| 93 B | 2296 |
| 93 C | 2196 |
| ..... | ..... |
| 93 O | 2199 |
| 93 P | 2099 |

| LCC (1:253,440) (1 inch = 4 mile) (15' x 15') Map Extent Indian Adjacent Number (93) & (4 x 4) Alphabetic Matrix Box (A-P) & (4 x 4) Numeric Matrix Box (1-16) | UTM (1:250,000) (15' x 15') Map Extent Latitude & Longitude (4 x 4) Numeric Matrix Box (1-16) |
|---|---|
| 93 G 1 | 2197 01 |
| 93 G 2 | 2197 02 |
| 93 G 3 | 2197 03 |
| ..... | ..... |
| 93 G 15 | 2197 15 |
| 93 G 16 | 2197 16 |

(ဂ) မြေပုံအမည် (Sheet Name, Map Name)

မြေပုံအမည် (Map Name) ကို မြေပုံ၏ အပေါ်ပိုင်းလက်ဝဲဘက်ထောင့်တွင်တွေ့ရှိရမည်ဖြစ်ပါသည်။ အများအားဖြင့် မြေပုံအတွင်းကျရောက်သော ခရိုင်များ၏ အမည်များဖြင့် ညွှန်းဆိုထားပါသည်။ မြေပုံစကေးအမျိုးအစားပေါ်မူတည်၍ ခရိုင်အမည်၊ ခရိုင်များ၏အမည် စသည်ဖြင့် ကွဲပြားပါသည်။ ဥပမာ–မြန်မာပြည်အပေါ်ပိုင်းလတ္တီတွဒ် ၂၃ ° နှင့် ၂၄ °၊ လောင်ဂျီတွဒ် ၉၆ ° နှင့် ၉၇ ° ကြားရှိ UTM (၁း၂၅၀,၀၀၀) စကေးမြေပုံနံပါတ် ၂၃၉၆ တွင် မြေပုံအမည်ကို ဗန်းမော်၊ ကသာ၊ ကျောက်မဲ၊ ပြင်ဦးလွင်ခရိုင် (BHAMO, KATHA, KYAUKME, PYINOOLWIN DISTRICT) ဟူ၍ တွေ့ရှိရပြီး လတ္တီတွဒ် ၂၃ ° ၄၅' နှင့် ၂၄ ° ၊ လောင်ဂျီတွဒ် ၉၆ ° နှင့် ၉၆ ° ၁၅' ကြားရှိ UTM (၁း၅၀,၀၀၀) စကေးမြေပုံနံပါတ် ၂၃၉၆–၀၁ တွင် မြေပုံအမည်ကို ကသာခရိုင် (KATHA DISTRICT) ဟူ၍ တွေ့ရမည်ဖြစ်ပါသည်။




**ပုံ(၁၁) UTM မြေပုံများတွင် မြေပုံအမည်များကို စကေးအလိုက်ခေါ်ဆိုပုံ**

(ဃ) မြေပုံတွဲအမည် (Serie's Name)

မြေပုံတွဲအမည်ကို မြေပုံ၏အပေါ်ဘက် အလယ်တည့်တည့်တွင် ခေါင်းစဉ်အဖြစ်တွေ့ရှိရမည်ဖြစ်ပါသည်။ အများအားဖြင့် တိုင်းဒေသကြီး/ပြည်နယ်အမည်များဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ UTM (၁း၂၅၀,၀၀၀) စကေးမြေပုံနံပါတ် ၂၃၉၆ တွင် (Serie's Name) ကို ကချင်၊ ရှမ်း၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး (KACHIN, SHAN STATE & MANDALAY, SAGAING DIVISIONS) ဟု ရိုက်နှိပ်ထားသည်ကိုတွေ့ရှိရမည်ဖြစ်သည်။ UTM (၁း၅၀,၀၀၀) စကေးမြေပုံ နံပါတ် ၂၃၉၆–၀၁ တွင်မြေပုံတွဲအမည်ကို စစ်ကိုင်းတိုင်းဒေသကြီး (SAGAING DIVISION)ဟု ရိုက်နှိပ်ထားသည်ကို တွေ့ရှိရမည် ဖြစ်သည်။



PDF Compressor Free Version

PDF Compressor Free Version






ပုံ (၁၂) မြေပုံတွဲအမည်များကို စကေးအလိုက်ခေါ်ဆိုပုံ

(င) အုပ်ချုပ်ရေးနယ်နိမိတ် အညွှန်းပြမြေပုံကွက် (Administrative Index)

အုပ်ချုပ်ရေးနယ်နိမိတ်အညွှန်းပြမြေပုံကွက်ကိုမြေပုံ၏အောက်ပိုင်း ညာဘက်အစွန်ဆုံးတွင် ရှာဖွေနိုင်သည်။ မြေပုံအတွင်းကျရောက်သော မြို့နယ်များ၏ အစိတ်အပိုင်းတို့ကို အုပ်ချုပ်ရေးနယ်နိမိတ် အညွှန်းပြမြေပုံကွက် (Administrative Index) တွင် ကြည့်ရှုနိုင်သည်။ UTM မြေပုံနံပါတ် ၂၃၉၆ တွင် ကသာ၊ ပြင်ဦးလွင်နှင့် ကျောက်မဲခရိုင်တို့ကို တွေ့ရှိရမည်ဖြစ်သည်။ UTM မြေပုံနံပါတ် ၂၃၉၆-၀၁ တွင် အုပ်ချုပ်ရေးနယ်နိမိတ် အညွှန်းပြမြေပုံ၌ အင်းတော်၊ ကသာ၊ ထီးချိုင့် (INDAW, KATHA, TIGYAING) ဟူ၍ ဖော်ပြထားသည်။




ပုံ (၁၃) UTM မြေပုံများတွင် တွေ့ရသည့် အုပ်ချုပ်ရေးနယ်နိမိတ်အညွှန်း

ဆက်လက်ဖော်ပြပါမည်

၂၀၂၂ ခုနှစ်၊ ဩဂုတ်လထုတ် သစ်တောကြေးမုံ မာတိကာနှင့် စာမျက်နှာ (၅)တွင် ဖော်ပြပါရှိသည့် စီမံကိန်းနှင့်စာရင်းအင်းဌာန၏ ခေါင်းစဉ်အမှန်မှာ "LCC နှင့် UTM မြေပုံများအကြောင်း သိကောင်းစရာ" ဖြစ်ပါသည်။

စာမျက်နှာ (၁၁)မှ အဆက်

**မိမိဆန္ဒအလျောက်ရောင်းဝယ်သောကာဗွန်ဈေးကွက်**

(Voluntary Carbon Maket) တွင် REDD+ ကာဗွန်ခရက်ဒစ်ဝယ်လိုအားသည် ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ Voluntary carbon market သည် နည်းစနစ်အသစ်များ၊ လုပ်ထုံးလုပ်နည်းအသစ်များဖော်ထုတ်လျက်ရှိကြောင်း တွေ့ရပါသည်။ ဥပမာအားဖြင့် ၂၀၁၅ ခုနှစ်တွင် ဒီရေတောများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအတွက် Blue Carbon Methodology (VM 0033) ကို Voluntary Carbon Standard (VCS) ကအတည်ပြုပေးနိုင်ခဲ့ပါသည်။ မကြာသေးမီအချိန်ကလည်း ဒီရေတော၊ ရေဝပ်ဒေသထိန်းသိမ်းရေးနှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ အတွက် REDD+ Methodology Framework (VM 0007) ကို ခေတ်နှင့်အညီ ပြင်ဆင်ခဲ့ပါသည်။ အဆိုပါ နည်းစနစ် (Methodology)တွင် ဒီရေတောများ၊ ပင်လယ်မြက်များ (Sea grasses, Salt marshes) ပြန်လည်တည်ထောင်ရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများပါဝင်ပါသည်။ အကျိုးရလဒ်အဖြစ် အဆိုပါ Methodology VM 0007 နည်းစနစ်သည် ပထမဆုံး Blue Carbon Conservation Methodology အဖြစ် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်းအစီအစဉ်တွင် အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်းများရှင်းလင်းလွယ်ကူခြင်း၊ နည်းစနစ်များ တိကျစွာ သတ်မှတ်ထားပြီး မိမိနှစ်သက်ရာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်း၊ NDC ကတိကဝတ်များ ဖြည့်ဆည်းရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် စီးပွားရေး ကုမ္ပဏီကြီးများက စိတ်ဝင်စားစွာပါဝင်ဆောင်ရွက်လာခြင်းကြောင့် Voluntary Carbon Maket တွင် Carbon Credits ဝယ်လိုအားများ မြင့်မားလာပြီး အလားအလာကောင်းသောဈေးကွက် တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

**ကိုးကားစာတမ်းများ။**

-Nathaniel Keohane and Frances Seymour, 2021. Forests and International Carbon Market: Climate and Forests 2030.
Patrick Maguire et., al, 2021. A Green Growth Spurt: State of Forest Carbon Finance 2021 (Ecosystem Market Place Insights Report)
-The World Bank, 2022. State and Trends of Carbon Pricing
Coalition for Rainforest Nations, 2022. Paris Agreement Verified REDD+ Rainforest Carbon Credits: A Buyer's Guide
https://unfccc.int/process-and-meetings/the-paris-agreement/the-paris-agreement (Paris Agreement)

PDF Compressor Free Version





အယ်မိုးအေး (သစ်/သု)

# ဝါးအခြေခံစက်မှုလုပ်ငန်းနှင့် ဝါးအချောထည်ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

## ဝါး၏အသုံးဝင်ပုံ

လူသားများ၏ လူမှုဘဝအတွက် ဝါးသည် အမျိုးမျိုးအသုံးပြုနိုင်သည့် သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများအနက် အရေးပါသည့် သစ်တောသယံဇာတတစ်မျိုးဖြစ်ပါသည်။ ဝါးရုံတစ်ရုံ၏သက်တမ်းမှာ မြေအောက်ပင်စည်အဖွဲ့အစည်းပေါ်တွင်သာ တည်မှီပြီး၊ မြေပေါ်ပင်စည် (ဝါးပင်)၏ သက်တမ်းမှာ ထွက်ရှိလာသည့် နှစ်အပိုင်းအခြားပေါ်တွင်မူတည်ပါသည်။ ဝါးရုံတစ်ရုံတွင် သက်တမ်းမတူသည့် ဝါးပင်များ (ဝါးနု၊ တညင်၊ ဝါးရင့်)နှင့် ဖွဲ့စည်းတည်ဆောက်ထားပြီး နှစ်စဉ်ထွက်ရှိသည့် ဝါးနုများ (မျှစ်)သည် လူသားများအတွက် စားနပ်ရိက္ခာကို အထောက်အပံ့ပေးနိုင်ခြင်း၊ တစ်နှစ်သားဝါးများ (တညင်)မှ နှီးဖြာ၍ ဝါးနှီးဖြင့် ရက်လုပ်ရသော လူ့အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်း၊ ထိုမှသက်တမ်းရင့်လာပြီး ၃ နှစ်နှင့် အထက်သက်တမ်းရှိသည့် ဝါးများ၏ဖွဲ့စည်းတည်ဆောက်မှုသည် ရူပဂုဏ်သတ္တိရင့်သန်လာသဖြင့် အိမ်ရာအဆောက်အဦများဆောက်လုပ်ရာတွင် အသုံးပြုနိုင်ခြင်းကြောင့် ဝါး၏ အသုံးဝင်ပုံကို မောင်ငယ်ရင်သွေး ဟင်းစားပေး၍ အစ်ကို လတ်ကား နှီးနွယ်တတ်ကာ၊ အကိုကြီးကအိမ်ရာပေး၏ ဟူ၍ ဝါး၏အသုံးဝင်ပုံကို ရှေးမြန်မာလူကြီးသူမများက တင်စားခဲ့ကြပါသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဝါး

ဝါး၏အသုံးဝင်ပုံမှာ ထိုမျှသာမက ဝါးရုံ၏ ကျစ်လစ်သိပ်သည်းပြီး ကွန်ရက်သဖွယ်ယှက်နွယ်နေသည့် မြေအောက်အမြစ်အဖွဲ့အစည်း၏ဂုဏ်သတ္တိကြောင့် မြေဆီလွှာနှင့်ရေတိုက်စားမှုကို ကာကွယ်ပေးနိုင်ခြင်း၊ ဝါးပင်များသည် ကမ္ဘာကြီးပူနွေးမှုနှင့်ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို သစ်ပင်များထက် ပိုမိုစုပ်ယူပေးထားနိုင်ခြင်း၊ နှစ်စဉ်ဇီဝဒြပ်ထု ဝါးရွက်ကြွေများသည် အလွယ်တကူဆွေးမြေ့နိုင်ပြီး မြေဆီလွှာ အာဟာရကို ဖြည့်တင်းပေးခြင်းစသည့် ဂုဏ်သတ္တိများ ရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင်လည်း အသုံးဝင်သည့် သယံဇာတတစ်မျိုးလည်း ဖြစ်ပါသည်။

## သစ်အစားထိုးနိုင်သည့်ရွှေစိမ်း

ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းပညာနှင့် ခေတ်မီစက်ကိရိယာများ၏ ပေါင်းစပ်တီထွင်လာမှုနှင့် အတူ တန်ဖိုးမြှင့်ဝါးထုတ်ကုန်ပစ္စည်းများဖြစ်သည့် ဝါးပါကေး၊ ဝါးကြမ်းခင်းပြား၊ ဝါးအထပ်သား၊ ဝါးဖျာဘုတ်ပြား၊ Bamboo particle Board၊ Bamboo Lumber များ စသည့် ထုတ်လုပ်သုံးစွဲလာနိုင်ခြင်းကြောင့် သစ်၏နေရာတွင် အစားထိုးအသုံးပြုနိုင်လာသည့် အလားအလာရှိသော ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝသယံဇာတတစ်မျိုးလည်း ဖြစ်လာခြင်းကြောင့် ဝါးကို ရွှေစိမ်း ဟူ၍လည်း တင်စားခေါ်ဝေါ်လာခဲ့ကြပါသည်။

## မြန်မာနိုင်ငံ၏ ဝါးသယံဇာတအရင်းအမြစ်များ

ဤကဲ့သို့ အရေးပါသည့် သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ဝါးသယံဇာတ ပေါက်ရောက်မှုကို လေ့လာကြည့်ပါက ကမ္ဘာပေါ်တွင် ဝါးမျိုးစု ၇၅ မျိုးနဲ့ ဝါးမျိုးစိတ် ၁,၂၅၀ မျိုးခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးရှိသဖြင့် ကမ္ဘာ့ဝါးမျိုးစိတ်အရေအတွက်၏ ၈ ရာခိုင်နှုန်းခန့်သည် နိုင်ငံအဝန်း ပျံ့နှံ့ပေါက်ရောက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ဝါးနှင့်ကြိမ်အဖွဲ့အစည်း (International Bamboo and Rattan Organization-INBAR) ၏ စံသတ်မှတ်ချက်များဖြစ်သည့် ကျယ်ပြန့်စွာပျံ့နှံ့ပေါက်ရောက်မှု၊ မျိုးပွားခြင်းနှင့်စိုက်ပျိုးရန်နည်းလမ်းရှိမှု၊ ဘက်စုံအသုံးချနိုင်မှု၊ ဈေးကွက်ဝင်မှုစသည့် စံသတ်မှတ်ချက်များအရ မြန်မာနိုင်ငံ၏ ဝါးမျိုး ၁၀၂ မျိုးအနက် ဖော်ပြပါ ဝါးမျိုးစိတ် (၁၈) မျိုးအား စီးပွားရေးအသုံးဝင် ဝါးမျိုးစိတ်များအဖြစ် မှတ်တမ်းတင်ထားသည်ကိုလေ့လာတွေ့ရှိရပါသည်။

## မြန်မာနိုင်ငံ၏ သဘာဝတောများရှိ ဝါးပေါက်ရောက်သည့် ဧရိယာ

သဘာဝတောများတွင် ဝါးပေါက်ရောက်နိုင်သည့် ဧရိယာ ၆၉,၆၃၄,၇၅၀ ဧကခန့်ရှိပြီး (Forest Resources Assessment-FRA 2005)၊ ပဲခူးရိုးမဒေသ၊ ရခိုင်ရိုးမနှင့် တနင်္သာရီဒေသ ၃ နေရာအား အဓိကစီးပွားဖြစ် ဝါးထုတ်ယူနိုင်သောဒေသများအဖြစ် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားရှိပြီး ဧရိယာအားဖြင့် ၄,၄၀၇,၈၄၈ ဧက ရှိသည့်အတွက် ဝါးထုတ်ယူနိုင်သည့် ဧရိယာမှာ ဝါးပေါက်ရောက်သည့် ဧရိယာစုစုပေါင်း၏ ၆.၄ ရာခိုင်နှုန်းသာ ဝါးထုတ်ယူနိုင်သည်ကိုတွေ့ရှိရပါသည်။

PDF Compressor Free Version



### စီးပွားရေးအသုံးဝင် ဝါးမျိုးစိတ် (၁၈)မျိုး

| စဉ် | မြန်မာအမည် | သိပ္ပံအမည် |
|---|---|---|
| ၁။ | ကြခတ်ဝါး | *Bambusa bambos* (L) Voss. |
| ၂။ | တပင်တိုင်ဝါး | *Bambusa longispiculata* Gamble ex Brandis |
| ၃။ | ကျသောင်းဝါး | *Bambusa polymorpha* Munro |
| ၄။ | သိုက်ဝါး | *Bambusa tulda* Roxb. |
| ၅။ | ဝါးနက် | *Bambusa vulgaris* Schrad. Ex J.C.Wendl |
| ၆။ | တင်းဝါး | *Cephalostachys pergracile* Munro. |
| ၇။ | ကလေ့ဝါး | *Dendrocalamus asper* (Schult. & Schult.f.) Backer ex K. Heyne |
| ၈။ | ကျလော့ဝါး | *Dendrocalamus brandisii* Kurz. |
| ၉။ | ဝါးကြီး | *Dendrocalamus calostachys* Kurz. |
| ၁၀။ | ဝါးဘိုး | *Dendrocalamus giganteus* Munro. |
| ၁၁။ | ဝါးဘိုးမျက်ဆန်ကျယ် | *Dendrocalamus hamiltonii* Nees |
| ၁၂။ | ဝါးနီ | *Dendrocalamus latiflorus* Munro |
| ၁၃။ | မျင်ဝါး | *Dendrocalamus strictus* Nees. |
| ၁၄။ | ဝါးနွယ် | *Dinochloa m'clellandi* (Munro) Kurz |
| ၁၅။ | ဝါးယား | *Oxtenthera nigrociliata* Munro. |
| ၁၆။ | ကရင်ဝါး/ခရင်ဝါး | *Melocanna baccifera* (Roxb.) Kurz |
| ၁၇။ | သနပ်ဝါး | *Thyrsostachys oliveri* Gamble. |
| ၁၈။ | ထီးရိုးဝါး | *Thyrsostachys siamensis* Gamble. |

### ဝါးကုန်ကြမ်းများထုတ်လုပ်မှု

နိုင်ငံအတွင်း ဒေသသုံး၊ အိမ်တွင်းလက်မှုလုပ်ငန်းသုံးနှင့် စက်မှုလုပ်ငန်းသုံးများအတွက် လိုအပ်သော ဝါးကုန်ကြမ်းများကို သဘာဝတောများမှ ထုတ်လုပ်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ၁၃ နှစ်တာကာလအတွင်း တိုင်းဒေသကြီး /ပြည်နယ်များအတွင်း ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်ပျမ်းမျှ ဝါးအလုံးရေ ၁၄၇ သန်းထုတ်လုပ်ရန် လျာထားခဲ့ပြီး နှစ်စဉ်ပျမ်းမျှ ဝါးအလုံးရေ ၁၂၇ သန်းထုတ်လုပ်နိုင်ခဲ့ပါသည်။

### ဝါးအခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဝါးစိုက်ခင်းတွေတည်ထောင်ဖို့လို

၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန်ရှိ United Wood Industries Co., Ltd စက်ရုံ၌ ကျင်းပသည့် ကြိမ်၊ ဝါးအချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များ၊ ဝါးစိုက်ပျိုးမည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်အသုံးပြုသူများအဖွဲ့များ၊ ဆက်စပ်ဌာနမှ ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ဝါးအခြေခံစက်မှုထုတ်ကုန်များ ထုတ်လုပ်မည့် စက်ရုံအတွက် လိုအပ်သော ဝါးကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရန် စက်ရုံတစ်ရုံအတွက် အနည်းဆုံး ဝါးစိုက်ခင်းဧက ၁,၀၀၀ တည်ထောင်နိုင်မှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးမည့် ဝါးအမျိုးအစားအတွက် လုပ်ငန်းရှင်များဘက်မှ ဝါးစိုက်မည့်အစုအဖွဲ့များသို့ ဝါးမျိုးပင်ထောက်ပံ့ပေးနိုင်ရန်စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်းလမ်းညွှန်ခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံရဲ့ဝါးအခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အရည်အသွေးမီ ဝါးကုန်ကြမ်းများစဉ်ဆက်မပြတ်ရရှိဖို့ သဘာဝတောတွေများမှ ထုတ်လုပ်ခြင်းအပြင် ဝါးစိုက်ခင်းများတည်ထောင်ပြီး စနစ်တကျ ထုတ်ယူသုံးစွဲရန် လိုအပ်လျက်ရှိလာခြင်းကြောင့် သစ်တောဦးစီး ဌာနအနေနဲ့ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများတွင် ပုဂ္ဂလိက ဝါးစိုက်ခင်းများ တည်ထောင်ခြင်းကို ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် ခွင့်ပြုပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကဝါးစိုက်ခင်းတည်ထောင်ခွင့်အတွက် လုပ်ငန်းစဉ် အဆင့်ဆင့်၊ လုပ်ထုံးလုပ်နည်းများချမှတ်ပြီး စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ ပြည်နယ်/တိုင်းဒေသကြီး ၇ ခုတွင် လုပ်ငန်းရှင် ၁၃၆ ဦးနှင့် ခွင့်ပြုပြီး ၆,၀၈၁.၅ဧက၊ စိုက်ပျိုးပြီး ၄,၁၉၁.၅ ဧကနှင့် စိုက်ပျိုးရန် ကျန်ရှိ ၁,၂၄၀ ဧကနှင့် စုစုပေါင်း ဆိုပြီး ၃,၁၂၈.၅၀ ဧကကို ပုဂ္ဂလိက ဝါးစိုက်ခင်းများအဖြစ် တည်ထောင်ခွင့်ပြုခဲ့ပါသည်။

### ဝါးအခြေခံစက်မှုလုပ်ငန်းအတွက် ဝါးမျိုးစိတ်များ ရွေးချယ်စိုက်ပျိုးခြင်း

ဝါးအခြေခံစက်မှုလုပ်ငန်းများအတွက် အသုံးပြုမည့် ဝါးမျိုးစိတ်များကို ရွေးချယ်စိုက်ပျိုးရန်လိုအပ်ပါသည်။ ဝါးအခြေခံစက်မှုထုတ်ကုန်များဖြစ်သည့် ဝါးပါကေး၊ ဝါးကြမ်းခင်းပြား၊ Bamboo Lumber များထုတ်လုပ်ရာတွင် အသုံးပြုမည့်ဝါးမျိုးသည် ရင်းဖျားအသားညီသည့် ဝါးမျိုးဖြစ်ရန် လိုအပ်သည့်အတွက် ဝါးကြီးမျိုးဖြစ်သည့် ကလေ့ဝါး၊ ဝါးဘိုး၊ ကျလော့ဝါး၊ ဝါးနီ၊ ဝါးဘိုးမျက်ဆန်ကျယ်စသည့်ဝါးမျိုးများကို စိုက်ပျိုးရန်နှင့် စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီပြီး စက်ရုံအတွက် အမှန်တကယ် လိုအပ်မည့် ဝါးမျိုးကိုရွေးချယ်စိုက်ပျိုးသင့်ပါသည်။

### မျှစ်အခြေခံထုတ်ကုန်ပစ္စည်းထုတ်လုပ်ရန် ဝါးမျိုးရွေးချယ်စိုက်ပျိုးခြင်း

မျှစ်ထုတ်လုပ်သည့် ဝါးစိုက်ခင်းများ တည်ထောင်မည်ဆိုပါကလည်း ကမ္ဘာ့မျှစ်ဈေးကွက်ဝင် ဝါးမျိုးများဖြစ်သည့် ဝါးနီ၊ ကလေ့ဝါးစသည့် မြန်မာမူရင်းဝါးမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ယခုအခါ ပြည်တွင်းမျှစ်ဈေးကွက်အတွက် ပုဂ္ဂလိကဝါးစိုက်ခင်းများတွင် ကင်စွန်းဝါး၊ မျှစ်ချိုဝါးမျိုးများကို ထိုင်းနိုင်ငံမှ တင်သွင်းစိုက်ပျိုးလာကြသည်ကို တွေ့ရှိရပါသည်။

PDF Compressor Free Version



## ဝါးမျိုးထောင်စိုက်ပျိုးနည်း

ဝါးစိုက်ခင်းများ တည်ထောင်ရန် ဦးစွာဝါးပျိုးပင်ရှိရန်လိုအပ်ပါသည်။ အပင်အများစုကို စိုက်ခင်းတည်ထောင်လိုပါက မျိုးစေ့ကိုစုဆောင်း၍ ပျိုးပင်များအဖြစ်ပျိုးထောင်ကြရပါသည်။ သို့သော် ဝါးပင်၏ သဘာဝသဘာဝအရ ဝါးအမျိုးအစားနှင့်ဒေသကိုလိုက်၍ နှစ် ၂၀-၆၀ ခန့်ကြာမှ ဝါးပွင့်/သီးခြင်း (ဝါးသုဉ်းခြင်း) ဖြစ်ပေါ်လေ့ရှိသဖြင့် ဝါးစေ့ကို နှစ်အပိုင်းအခြားတစ်ခုရောက်မှသာ မျိုးစေ့ရရှိနိုင်သည့်အတွက် အချိန်တိုင်း(သို့မဟုတ်) နှစ်စဉ် ဝါးစေ့ကိုစုဆောင်းပြီး ဝါးပျိုးပင်အဖြစ် ပျိုးထောင်ရန် မလွယ်ကူလှပေ။ သို့ဖြစ်၍ ဝါးများကိုမျိုးပွားရာတွင် ပင်ပိုင်း/ ခန္ဓာပိုင်းမျိုးပွားနည်းကို အဓိကအသုံးချ ပျိုးထောင်လေ့ရှိပါသည်။ လက်တွေ့ကျသော ဝါးပျိုးထောင်မှုနည်း(၄) နည်းရှိပါသည်။ ၎င်းတို့မှာ-

(က) ဝါးဘေးကိုင်းတက် အသုံးပြုမျိုးပွားခြင်းနည်း၊

(ခ) ဝါးအဆစ်ဖြတ်ပိုင်းများ အသုံးချမျိုးပွားနည်း၊

(ဂ) ပင်ပွားခွဲ၍မျိုးပွားနည်းနှင့်

(ဃ) တစ်နှစ်သားဝါးအမြစ်ဆုံကို အသုံးပြုမျိုးပွားနည်းများဖြစ်ပါသည်။

မျိုးပွားနည်း (က၊ ခ၊ ဂ) နည်းတို့ဖြင့် မျိုးပွားပျိုးထောင်သည့်ဝါးပျိုးပင်ဖြင့် ဝါးစိုက်ခင်းတည်ထောင်မည်ဆိုပါက တည်ထောင်ပြီး ၅-၇ နှစ်အတွင်း စီးပွားဖြစ်ဝါးထုတ်ယူနိုင်ပါမည်။ မျိုးပွားနည်း (ဃ)နည်းဖြင့် ပျိုးထောင်သည့် ဝါးပျိုးပင်ဖြင့် စိုက်ပျိုးပါက ၃-၅ နှစ်အတွင်း စီးပွားဖြစ်ဝါးထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ဝါးများကို ပင်ပိုင်းမျိုးပွားရာတွင် မျိုးပွားယူချိန်သည် ငှက်ပျောကဆုန်၊ ဝါးနယုန် ဆိုသည့်အတိုင်း မေလနှင့်ဇွန်လများတွင် မျိုးပွားပျိုးထောင်ရပါသည်။ သို့မှသာ ဝါးစိုက်ခင်းတည်ထောင်ရန်အတွက် ရှင်သန်မှုကောင်းမွန်သည့် ဝါးပျိုးပင်များရရှိနိုင်မည်ဖြစ်ပါသည်။

စနစ်ကျသောဝါးခုတ်ယူခြင်း- သဘာဝဝါးတောမှဖြစ်စေ၊ ဝါးစိုက်ခင်းမှဖြစ်စေ ဝါးများထုတ်ယူရာတွင် စနစ်တကျခုတ်ယူသင့်ပါသည်။ စနစ်မကျသော ဝါးခုတ်ယူမှုသည် သဘာဝဝါးတောနှင့် ဝါးစိုက်ခင်းများ၏ ရှိသင့်သည့်အရည်အသွေးကို ကျဆင်းစေတတ်ပါသည်။ မြန်မာနိုင်ငံရှိဝါးမျိုးအများစုသည် အရုံလိုက်ပေါက်သည့် ဝါးမျိုးများဖြစ်ကြပြီး ဝါးနုနှင့် တညင်ဝါးများသည် ဝါးရုံ၏ အပြင်ဖက်အဝန်းတွင်ရှိသဖြင့် ဝါးရုံအတွင်းပိုင်းရှိ ဝါးရင့်များခုတ်ယူရာတွင် အပြင်ဖက်အဝန်းရှိ ဝါးနုနှင့် တညင်ဝါးများပျက်ဆီးဆုံးရှုံးမှုမရှိစေရန် ဂရုပြုထုတ်ယူရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝါးနု (၁ နှစ်သားဝါး) က သာလျှင်မျှစ်ထုတ်ပေးနိုင်သောကြောင့်ဖြစ်ပါသည်။ ဝါးနုများ ဆုံးရှုံးမှုများလာလေလေ နောင်တွင် မျှစ်ထွက်နှုန်းနည်းလေဖြစ်လာပြီး ဝါးသယံဇာတရှားပါးလာခြင်း၊ အရည်အသွေးမီဝါးများထွက်ရှိမှုနည်းလာခြင်း စသည့် ပြဿနာများ ကြုံတွေ့လာနိုင်ပါသည်။ ဝါးသယံဇာတများ ရေရှည်တည်တံ့ပြီး အရည်အသွေးမီဝါးများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရန် စနစ်ကျသောဝါးခုတ်ယူမှုကို ဆောင်ရွက်သင့်ပါသည်။ ဝါးခုတ်ယူရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

- ၃ နှစ်နှင့်အထက်ကျော်လွန်သော ဝါးများကိုသာ ခုတ်လှဲထုတ်လုပ်ရမည်၊
- ဝါးတစ်ရုံတွင် ၂ နှစ်နှင့်အောက်ဝါးများကို အသုံးပြုမည့်အရေအတွက်အား သတ်မှတ်ပြီး ၃ ပုံ ၁ ပုံကိုသာ ခုတ်ယူသုံးစွဲပြီး၊ ကျန် ၂ ပုံကို နောင်မျိုးဆက်အတွက် မဖြစ်မနေထိန်းသိမ်းထားရန်နှင့် ဝါးရင့်အရေအတွက်၏ ၄ ပုံ ၃ ပုံကို ခုတ်ယူသုံးစွဲပြီး ကျန် ၁ ပုံကို ဝါးရုံသန်စွမ်းမှုအတွက် ချန်လှပ်ထိန်းသိမ်းထားရပါမည်။
- ဝါးရုံများအား အရုံလိုက် အပြောင်ခုတ်လှဲခြင်းမပြုရ၊
- ဝါးသီးပွင့်ခြင်း(ဝါးသုဉ်းခြင်း) ဖြစ်ပေါ်ခဲ့ပါက ဝါးရုံများကို အပြောင်ခုတ်လှဲပြီး အကျိုးရှိစွာထုတ်ယူသုံးစွဲနိုင်ရန် စီမံရမည်၊
- ဝါးခုတ်ယူရာတွင် မျှစ်စို့ထွက်သည့် ဆန့်ကျင်ဘက်အရပ်မှ စတင်ခုတ်ပါ၊
- အလွန်ကြပ်ညပ်နေသော ဝါးရုံများကို ပင်ကျပ်နုတ်ပေး၍ ဖယ်ရှားပေးရပါမည်။ ပင်ကျပ်နုတ်ရာတွင် နှစ်ချင်းပေါက်ဝါးများကို ချန်လှပ်ထားရန် လိုအပ်ပါသည်။ သို့သော်ပိုးမွှားရောဂါကျရောက်နေသော နှစ်ချင်းပေါက်ဝါးပင်များကို ရှင်းလင်းဖယ်ရှားသင့်သည်။
- ဝါးရင့်များ ထုတ်ယူသည့်အခါ မြေမျက်နှာပြင်အပေါ် ဝါးတစ်ဆစ်သာချန်၍ ခုတ်ယူရပါမည်၊
- မုတ်သုံမိုးကျပြီး ဇွန်၊ ဇူလိုင်လ မျှစ်ထွက်ချိန်နှင့် ဝါးပင် ကြီးထွားရာသီ ဇွန်လမှ အောက်တိုဘာလကြားကာလအတွင်း ဝါးခုတ်ယူမှုမပြုသင့်ပေ။
- တန်ဆောင်မုန်းဝါး၊ ပိုးမစား ဆိုသည့်အတိုင်း ကြီးထွားရာသီကုန်ပြီးနောက် နိုဝင်ဘာလမှစ၍ မေလအထိ ဝါးထုတ်ယူပါက ဝါးတွင်းအချိုဓာတ်ကျဆင်းချိန်ဖြစ်၍ အသုံးပြုရာတွင်လည်း တာရှည်ခံနိုင်မည်ဖြစ်သည်။
- ဝါးတောဧရိယာအတွင်း စားကျက်ချခြင်းအား လုံးဝတားမြစ်ရမည်။

### ဝါးအချောထည်ထုတ်ကုန်ပစ္စည်းပိုမိုထုတ်လုပ်ရန်လို

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တတိယဝါး

PDF Compressor Free Version





အောင်မြင်ဖြစ်ထွန်းနေသည့် ဝါးဘိုးဝါးစိုက်ခင်း

သယံဇာတပေါများသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ဝါးထုတ်ကုန်ပစ္စည်းနိုင်ငံခြားသို့ တင်ပို့မှုသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၈ နှစ်တာကာလအတွင်း ဝါးထုတ်ကုန်ပစ္စည်းပြည်ပသို့ တင်ပို့ရန် သစ်တောထောက်ခံချက် ခွင့်ပြုပေးခဲ့မှု စာရင်းအရ ဝါးကုန်ကြမ်းဖြစ်သော ဝါးလုံး ၃.၅ သန်း၊ ဝါးခြမ်း ၆၃.၂ သန်းနှင့် ဝါးကုန်ချောထည်ပစ္စည်းမျိုးစုံ စုစုပေါင်း ၀.၉ သန်း တင်ပို့နိုင်သဖြင့် ဝါးကုန်ကြမ်းတင်ပို့မှုသည် များနေပြီး၊ ဝါးအချောထည် ကုန်ပစ္စည်းတင်ပို့နိုင်မှုသည် ဝါးထုတ်ကုန်ပစ္စည်းအမျိုးမျိုးတင်ပို့မှုစာရင်း စုစုပေါင်း၏ ၁.၃၄ ရာခိုင်နှုန်းခန့်သာရှိပါသည်။ ထို့ကြောင့် ဝါးထုတ်ကုန်ပစ္စည်းများ နိုင်ငံခြားဈေးကွက်သို့ တင်ပို့မှုမြှင့်တင်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ဝါးထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုကို ပိုမိုမြှင့်တင်ရန် လိုအပ်လျက်ရှိပါသည်။

## ဝါးတစ်ပင်လုံးအလေအလွင့်မရှိအသုံးချခြင်း

ဝါးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝါးသယံဇာတများကို ထိထိရောက်ရောက် အလေအလွင့်မရှိ အသုံးချလာနိုင်မည်ဖြစ်ပြီး၊ ဝါးတစ်ပင်ရှိ အရင်းပိုင်း၊ အလယ်ပိုင်း၊ အပေါ်ပိုင်းအလိုက် သင့်တော်သည့် ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပါက ဝါးတစ်ပင် လုံးအလေအလွင့်မရှိ အသုံးချနိုင်မည် ဖြစ်ပါသည်။ ဝါးအောက်ခြေအရင်းပိုင်းရှိ အဆစ်များကို ဝါးပန်းပုများ ထုတ်လုပ်ခြင်း၊ ဝါးမီးသွေး၊ ဝါးမီးသွေးထုတ်လုပ်ရာတွင် ဘေးထွက်ရရှိသည့် ဝါးအချဉ်ရည်မှ ဝါးဆပ်ပြာ၊ အပင်ပိုးသတ်ဆေး၊ အလှကုန်နှင့် ကျန်းမာရေးသုံးပစ္စည်း အမျိုးမျိုးထုတ်လုပ်ခြင်း၊ ဝါးအလယ်ပိုင်းအောက်ခြေကို ဝါးအထပ်သား၊ ဝါးကြမ်းခင်း၊ ဝါးပရိဘောဂများ၊ Bamboo Lumber များ ထုတ်လုပ်ခြင်း၊ ဝါးအလယ်ပိုင်း အထက်ကို ဝါးချောင်းထိုး၍ ဆောင်ရွက်ရသော ယင်းလိပ်၊ စားပွဲတင်ဖျာ၊ ထိုင်ခုံနောက်မှီအခင်းပြားများနှင့် နီးဖြာ၍ထုတ်လုပ်ရသော တန်ဖိုးမြှင့်ဝါး လက်မှုပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း၊ ဝါးအပေါ်ပိုင်းကို တူ၊ သွားကြားထိုးတံ၊ အသားကင်ဝါးချောင်းများထုတ်လုပ်ခြင်း၊ ဝါးအကိုင်းအခက်များကို လယ်ယာသုံးပစ္စည်း၊ တံမြက်စည်း၊ အပေါ်ရုံအင်္ကျီများ ထုတ်လုပ်ခြင်း၊ ဝါးအရွက်မှ ဖျော်ရည်၊ တိရစ္ဆာန် အစာအစာ၊ သဘာဝမြေသြဇာများထုတ်လုပ်ခြင်း၊ ဝါးထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရာမှ ထွက်ရှိလာသည့် ဝါးရွှေဘော်စများ၊ ဝါးစများ၊ ဝါးလွှစာမှုန့်များကိုအသုံးပြု၍ လောင်စာတောင့်၊ Bamboo Particle Board များ စသည့်ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် ဝါးထုတ်ကုန်တစ်ခုတည်းသာ ထုတ်လုပ်သည့် စက်ရုံတစ်ခု မဟုတ်ဘဲ ဖော်ပြပါ ဝါးထုတ်ကုန်အမယ်စုံကို တစ်နေရာတည်းတွင် ပေါင်းစပ်ထုတ်လုပ်နိုင်မည့် အစီအမံများချမှတ်ဆောင်ရွက်နိုင်ခြင်းဖြင့် ဝါးကိုအလေအလွင့်မရှိ အသုံးချနိုင်သကဲ့သို့ ဝါးအခြေခံစက်မှုလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါသည်။



ဝါးတစ်ပင်လုံးအလေအလွင့်မရှိအသုံးချခြင်းဖြင့် ဝါးထုတ်ကုန်များထုတ်လုပ်ခြင်း

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ဝါးသယံဇာတ အရင်းအမြစ်များနှင့် သဘာဝ ဝါးတောများ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် အသုံးချနိုင်ရန်၊ ဝါးကုန်ကြမ်းများကို သဘာဝတောမှအပြင် ဝါးစိုက်ခင်းများမှထုတ်ယူနိုင်ရန်အတွက် ဝါးစိုက်ခင်းများ ယခုထက်ပိုမိုတည်ထောင်လာနိုင်ရန်၊ ဝါးအချောထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုးတက်လာစေရန်အတွက် အစိုးရဌာနများမှ နည်းပညာများပံ့ပိုးပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံခြင်း၊ ဝါးစိုက်တောင်သူအစုအဖွဲ့များမှ ဝါးစိုက်ခင်းများတည်ထောင်မှုတွင် ပူးပေါင်းပါဝင်မှုဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ ဝါးအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။



# အမှတ်တရ (၂)

## ကိုနေဖြိုးဦး (မြောင်)

**ခြရာတော်** စိုက်ခင်းအကြောင်းပြောလျှင် ဦးကျော်တင် +ဒေါ်ဝင်းတို့က မပါမဖြစ် ပါရပေလိမ့်မယ်..

ကျွန်တော်တို့အားလုံးက လေးကျော် + ကြီးတော်ဝင်းလို့ ခေါ်ကြပြီး ကျွန်တော်တို့ဟာ သူတို့အတွက် သားသမီးတွေလိုပါပဲ.... သူ့တို့တဲက ကျွန်တော်တို့ နားရာစားရာနေရာ... ရွာမှာ ကိုယ်ပိုင်အိမ်နဲ့ ကိုယ်ပိုင်ယာခင်းတွေနဲ့ပါ ... အဲဒါကို သစ်တောအသိုင်းအဝိုင်းမှာနေရတာ ပျော်လို့ဆိုပြီး သူများနည်းတူ ကျင်းတူး အပင်စိုက် သီးနှံ သစ်တောရောနှောစိုက်ပြီး သစ်တောထဲမှာပျော်နေကြသူတွေ....

သူတို့အိမ်မှာ အိမ်ဆိုင်လေးလည်းရှိပါတယ် ... အိမ်သုံး အတိုအထွာ စားစရာ စသည် ဝယ်/ရောင်း ကျွန်တော်မြင်သမျှတော့ ရောင်းရတာထက် ပေးလိုက်ကျွေးလိုက်တာက ပိုများနေသလားလို့ ၊အမြတ်အစွန်းထက် ဝေစားမျှစားဖို့ ရည်ရွယ်ဟန်လည်းတူပါရဲ့.... အဟောင်းပေး အသစ်ယူ အကြွေးနလံမထုနိုင်ကြတဲ့ ရွာသားတွေအတွက် လေးကျော်တို့လင်မယားဟာ သိကြားမင်းဖန်ဆင်းပေးထားတဲ့ ခေတ်သစ် ဝေသန္တရာလင်မယားပါပဲ....

စေတနာ သဒ္ဓါအားကောင်းသလို သတ္တိအရာမှာလည်းမနည်းပါ၊ ကိုယ့်ဆရာတွေဆိုတဲ့ သစ္စာရှိမှုတင်မကဘဲ သားသမီးတွေကဲ့သို့ အကာအကွယ်ပေးဝံ့တဲ့ မေတ္တာမျိုးထားတာကို အဖြစ်အပျက်တစ်ခုက အမှတ်ရစေပါတယ်...

ခြရာတော်မှာက စိုက်ခင်းသစ်တွေ စိုက်နေသလို စိုက်ခင်းဟောင်းတွေလည်း များစွာရှိလေတော့ တစ်ဖက်မှာ စိုက်ရေးပျိုးရေး အားစိုက်နေကြချိန် စိုက်ခင်းဟောင်းတွေကို မသမာသူတွေ ခိုးယူခုတ်လှဲနေကြကြောင်း သတင်းရတာနဲ့ ညကင်းလှည့်ဖို့ အင်အားစုစည်းကြပါတယ်....

'ဆရာသမားတို့ ဘယ်သွားမလို့လဲ' လို့ လေးကျော်က မေးလို့ စိုက်ခင်းဟောင်းတွေ ညကင်းလှည့်မလို့ လို့ ပြောပြလိုက်တယ်၊ လေးကျော်က သူလည်းလိုက်ခဲ့မယ်ဆိုပြီး ကိုယ်တုံးလုံးကို အကျႌမဝတ်ဘဲ ပုဆိုးခြုံပြီး လိုက်လာပါတယ်၊ ပုဆိုးတိုတိုနဲ့ အကျႌ ကိုယ်တုံးလုံးစတိုင်ဟာ လေးကျော်ရဲ့ မူပိုင်ပါပဲ....

တွေ့ပါပြီ .... လှည်း ၁၀ စီးလောက်နဲ့ လူ ၂၀ ခန့် လက်ထဲမှာလည်း ဓားကိုယ်စီနဲ့ 'မင်းတို့ ဘယ်ရွာကလဲ.... ဘာလုပ်လာတာလဲ' မေးတာကို ပြန်မဖြေဘဲ 'မင်းတို့က ဘာကောင်တွေလဲ' လို့ ပြန်မေးပါတယ်....

အဲ့ဒီအချိန်မှာပဲ ပုဆိုးခြုံနဲ့ လေးကျော်က ရှေ့ထွက်လာပြီး 'ဘာမှ ပြောမနေနဲ့ မင်းတို့ လာလမ်းအတိုင်းပြန်..မပြန်လျှင် ငါနဲ့တွေ့မယ်'ဆိုပြီး ပုဆိုးခြုံထဲက ဓားရွဲထုတ်ပြီး ခပ်မာမာ အမိန့်ပေးလိုက်ပါတယ်....

ပထမတော့ ဒီကောင်တွေကြောင်သွားပြီး ဘာမှ ပြန်မပြောနိုင်ဖြစ်သွားပါတယ်.... ခဏနေတော့မှ တစ်ယောက်က 'မင်းကဘာကောင်မို့ ငါတို့ကို အမိန့်ပေးတာလဲ' လို့မေးပါတယ်.... 'လေးကျော် က ခပ်အေးအေးပါပဲ လူပုံက ပိန်ပိန်ပါးပါး အသားညိုညို ပုပုပြတ်ပြတ် ဥပဓိပြ ခြောက်ရုံနဲ့တော့ ကြောက်မဲ့အနေအထားမရှိ....

ဒါပေမဲ့ လေးကျော်က'ငါဘာကောင်လဲ သိချင်ရင် သတ္တိရှိတဲ့ကောင် ရှေ့တက်ခဲ့လေ' ဆိုပြီး သူက ရှေ့တစ်လှမ်းတိုးလိုက်ပါတယ် .... လူ ၂၀ လောက် အင်အားရှိသူတွေဟာ လေးကျော် ရှေ့ တစ်လှမ်းတိုးလိုက်တော့ နောက်တစ်လှမ်းဆုတ်သွားကြပါတယ်.... အဲ့ဒီထဲက တစ်ယောက်က လေးကျော်ကို သိပုံရပါတယ်....

'ဟောကောင်တွေ ....အဲ့ဒါ ကိုကျော်တင် ဟ တကယ်လုပ်မဲ့လူ'ဆိုတဲ့ပြီး နောက်ပြန်လှည့် လှည်းတွေပေါ်တက်ပြီး မောင်းပြေးကြပါလေတော့တယ်.... လေးကျော်က သူ့နယ်မှာတော့ လူမိုက်ဆိုပဲ.. ပြီးတော့မှ လေးကျော်ကို ပြန်မေးကြည့်တဲ့အခါ ကြောက်တော့ကြောက်တာပေါ့ ဆရာသမားရယ်၊ ဒါပေမဲ့.. ကိုယ်က ကြောက်ပြလျှင် ဟို

PDF Compressor Free Version



ကောင်တွေ အတင့်ရဲလာမှာပေါ့၊ ဒါ့ကြောင့် ကိုယ့်ဆရာတွေကို တစ်ခုခုလုပ်လိုက်မှာစိုးလို့ ကြောက်ကြောက်နဲ့ ဖြဲခြောက်လိုက်ရတာတဲ့.. အဲ့ဒီလို ချစ်စရာကောင်းတဲ့ လေးကျော်ရယ်ပါ.. ပြီးတော့မှ ပြောတာက လူဆိုတာ နှစ်ခါ မသေပါဘူး ဆရာသမားရယ်.. ဒီကောင်တွေက တစ်ခါတောင် မသေရဲတဲ့ ကောင်တွေပါတဲ့..

------

လေးကျော်နဲ့ ကျွန်တော် စိုက်ခင်းထဲမှာ သီးနှံအကျိုးတူစိုက်ကြပါတယ်... အဲ့ဒီတုန်းက ဈေးကောင်းတဲ့ ခရမ်းချဉ်စိုက်ကြတာ ရာသီဥတု က ကောင်း ၊ လေးကျော်ကလည်း ဂရုစိုက်တော့ ခရမ်းချဉ် အတော်သီးပါတယ်၊ နွားချေး ကျွေးရသလို ဓာတ်မြေသြဇာလည်း ကျွေးရပါတယ်... ပိုးသတ်ဆေးလည်း ဖြန်းပေါ့၊ အဲ့ဒီအချိန်တုန်းကတော့ အော်ဂဲနစ်ဆိုတဲ့ အသံ သိပ်မကျယ်သေးဘူးကိုး... ရတဲ့ ခရမ်းချဉ်သီးကို တောင်းကြီး၊ တောင်းငယ်အသွယ်သွယ်နဲ့ စစ်ကိုင်းဒိုင်ကိုပို့၊ ပိုက်ဆံလေး စုံစုံပို့ပို့ ရတဲ့အခါ 'ကြုံးတက်' ဆိုတဲ့ ဘီယာကို ကျွဲရိုင်းနဲ့ ရောသောက်ပေါ့ဗျာ. အဝတ်အစား ဒီဇိုင်း ကာလာ ဘာညာ ချိန်းပေါ့ ... ခရမ်းချဉ်ပင်ကို ကျွေးသမျှ မြေသြဇာ၊ ဖြန်းသမျှ ပိုးသတ်ဆေးတွေက စိုက်တဲ့သစ်ပင်ကိုလည်း အကျိုးပြုလေတော့ ခရမ်းချဉ်ခင်းထဲက ယူကလစ်ပင်တွေဟာ ထွားမှထွားပါပဲ... မြေကိုလည်းတူးဆွ ပေါင်းခဏ ခဏ ရှင်းပေးနေတော့ ယူကလစ်အဖို့ ဆိုဖွယ်ရာမရှိပြီပေါ့...

ရာသီကုန်လို့ သီးနှံသိမ်းပြီးတော့ ၂ ယောက်သားအမြတ် ၇ သိန်း ကျန်တယ်၊ တစ်ယောက် ၃ သိန်းခွဲပေါ့ အဲ့ဒီတုန်း က ၃ သိန်းခွဲဆိုလျှင် Toyota Publica တစ်စီးဝယ်လို့ ရပါတယ်,.. ဒါပေမဲ့ စိုက်ခင်းထဲမှာ စက်ဘီးစီးဖို့တောင် မိုးရွာလျှင် အဆင်မပြေတော့ Publica လည်း ခေါင်းထဲ မရောက်လာပါဘူး... လေးကျော် သိမ်းထားလိုက်ဗျာဆိုပြီး လေးကျော်ဆီပဲ အပ်ထားလိုက်ပါတယ်၊ အဲ့ဒီအချိန်က ငွေဆိုတာ မက်လောက်စရာ အရေးမပါလှပါဘူး မေတ္တာ ယုံကြည်မှုနဲ့ ရင်ဘတ်ချင်း ဂျက်ပင်ထိုးခဲ့ကြတာပါ...

ကျွန်တော်တို့လိုပဲ အခြားသူတွေလည်း ခရမ်းချဉ်သီးက ဘဝတွေ စိုပြည်စေခဲ့ပါတယ်, ရွာထဲသွားလျှင် ဘယ်အိမ်သွားသွား အခါးရည်နဲ့ ပဲကြော်သုပ်၊ ကြက်ဥကြော်၊ တောသား အမျိုးမျိုးကြော်တို့ စားရလွန်းလို့ ကြုံရာတဲမှာစား တစ်ရေးတမောအိပ်ပြီး ညနေစောင်းမှ စခန်းကိုပြန်ဖြစ်ခဲ့တဲ့ ရက်တွေကို မနည်းလှပါဘူး...

လာမဲ့နှစ် မိုးရာသီမှာ ဒီနှစ်ရတဲ့ငွေကို ရင်းနှီးပြီး သီးနှံသစ်တောစိုက်မယ်၊ အရင်းအနှီး ပိုတိုးလာမယ်၊ စိုက်ခင်းလည်း အောင်မြင်မယ်၊ အဲ့ဒါ အဲ့ဒီတုန်းက စိုက်ခင်းတာဝန်ခံတစ်ယောက်ရဲ့မျှော်မှန်းချက်အစစ်ပါပဲ... ဒီထက်ဒီထက် ပိုတဲ့ မျှော်လင့်ချက် မရှိတာ တကယ်ပါ... လိုချင်ရချင်တာ ဆိုတဲ့ လောဘ အလွန်နည်းသေးတဲ့ ကာလလို့ ဆိုရမယ်ထင်ပါရဲ့ ...

-----

တောအုပ်ကြီး လစာ က ၁၂၅၀၊ နေ့တွက် ခရီးစရိတ်က တစ်လကို ၄၀၀ လောက်နဲ့ဆို ကိုယ့်အတွက် ပြည့်စုံတယ်လို့ ပြောလို့ရပါတယ်... စိုက်ခင်းစခန်းမှာပဲနေ စိုက်ခင်းစခန်းမှာပဲ စုပြီးချက်စားကြတော့ စားစရိတ်ကလည်း မများလှပါဘူး၊ ယမကာ မှိုဝဲတတ်လျှင်လည်း ထနောင်းခေါက်နဲ့ ထန်းလျက်ရောပြီး ပေါင်းခံထားတဲ့ တွေးညိုလေးနဲ့ဆို အိုကေပါတယ်... ဘယ်လောက်မှ မကျဘူးရယ်... လကုန်ရက် လစာထုတ်ဖို့ အစည်းအဝေးတက်ဖို့ စိုက်ခင်းစခန်းကနေ မနက် ၄ နာရီလောက် ထပြီး ကားလမ်းအထိ ၃ မိုင်ခန့် လမ်းလျှောက်၊ ကားလမ်းရောက်လျှင် ရန်ကြီးအောင်–မန်း၊ သားတောင်–မန်း စတဲ့ လိုင်းကားတွေ စီးပြီးသွားရပါတယ်... အပြန်လည်း ထိုနည်းလည်းကောင်း၊ လိုင်းကားပေါ်ကဆင်း ၃ မိုင်လမ်းလျှောက် ညမိုးချုပ်မှ စိုက်ခင်းစခန်း ရောက်ပါတယ်။

တစ်နေ့သား မနက် ၄ နာရီလောက် ထပြီး လစာထုတ်ဖို့အသွား လရောင်ဖွေးဖွေးကိုသာ အားပြုသွားနေရချိန် ဝေလီဝေလင်း အလင်းရောင်ကောင်းကောင်း မရသေးတော့ သတိနဲ့ လျှောက်ရပါတယ်၊ ရှေ့ဆုံးက လျှောက်တာ တောကြပ် ကိုလှဘူး ပါ...

တစ်မိုင်လောက် ခရီးအရောက် ကိုလှဘူး ခြေထောက်တွေ နောက်ပြန်ယက်ပြီး 'ဟာ မြွေဟ' လို့ အော်သံကြားလိုက်ရတာနဲ့ ကျွန်တော်တို့ ခြေလှမ်းတွေအားလုံး တစ်ပြိုင်တည်း ရပ်သွားကြပါတယ်... 'ခြုံထဲဝင်သွားတယ်ဟေ့' လို့ ကိုလှဘူးက ပြောလည်းပြော၊ တရှူးရှူး အသံပေး၊ ခဲနဲ့ပေါက်နဲ့ မြွေကို ခြောက်ထုတ်နေပါတယ်...

'ခင်ဗျား ဘာလုပ်နေတာလဲ' ဆိုတော့ လင်းမြွေကြီး ဆရာကြီးရဲ့ ရိုက်ပြီး ချက်စားရအောင်လို့တဲ့၊ ဟိုဖက်က စောင့်နေ ထွက်လာရင် ရိုက်လို့လည်း ပြောလိုက်ပါသေးတယ်.. ခဏအကြာမှာ 'ထွက်လာပြီဟေ့ ရိုက် ရိုက်'လို့ အော်တော့ ဒီဘက်က ကိုတင်ကြွယ်က ရိုက်ဖို့ စောင့်နေချိန် မြွေ က ထွက်ထွက် ပြေးပြေး ပြေးပါလေတယ်..

ရိုက်ဖို့ မမီလိုက်တဲ့ ကိုတင်ကြွယ် ဘာလုပ်မလဲ ကြည့်နေတုန်း ဖြုန်းဆို မြွေခေါင်းပေါ် ခြေထောက်စုံခုန်ပြီး တက်နင်းပါလေတယ်.. အလမ္ဘာယ်ပွဲတွေမှာ ဒီလို ကြက်သီးထဖွယ်မြင်ကွင်းမျိုးတွေ့ဖူးပေမဲ့.. အပြင်မှာတွေ့ဖူးတာ

PDF Compressor Free Version



ဒါဟာ ပထမဆုံးပါပဲ၊ သဲထိတ်ရင်ဖိုဆိုတဲ့ စကားကို အခုမှ ရေရေရာရာ သဘောပေါက်သွားပါတယ်… ‘ရိုက်ကြလေကွာ’ လို့ ကိုတင်ကြွယ်ကပြောတော့ အသက်အကြီးဆုံး တောကြပ်ကြီး ဦးဘစိန်က ‘လင်း .. လင်းမြွေ မြွေ မ…ဟုတ်ဘူး မြွေ မြွေဟောက်ကြီး’ လို့ စကားကလည်း ထစ်၊ တုန်တုန်ရီရီနဲ့ ပြောလိုက်တော့မှ ကိုတင်ကြွယ် ဖောခွေးတွေ ပြန်လာပြီး ‘ဟ လုပ်ကြဦးဟ၊ ငါက နင်းထားပြီးပြီ ဘယ်လိုလုပ်ကြမလဲ’လို့ မေးရှာပါတယ်…

အစားတစ်လုပ်အတွက် အသက်နဲ့ရင်းရတာ သင်ခန်းစာယူလောက်ပါပေတယ် … နောက်တော့ ကိုသန်းရွှေနဲ့ ကိုမြင့်လွင်က ခဲတစ်လုံးစီကိုင်ပြီး ၁၂၃ တိုင်မင်ခေါ်ကာ ခြေထောက်အကြွ ခဲအကျ တစ်ပြိုင်တည်းချိန်ပြီး ကိုတင်ကြွယ်ကို ကယ်လိုက်ကြပါတယ် … အမှန်တော့ ကိုတင်ကြွယ် စပြီး နင်းလိုက်ကတည်းက မြွေက ခေါင်းပြားသွားပြီးသားပါ… ဒါပေမဲ့ အသက်ဘေးဆိုတော့ ဒါတွေ မတွေးမိတော့ဘဲ ပူပင်သွားခဲ့ကြတာပါ.. လူတွေဟာ ကိုယ့်အသက်ကို တန်ဖိုးထားတတ်သလို သူတစ်ပါးအသက်ကိုလည်း တန်ဖိုးထားတတ်မယ်ဆိုလျှင် ကမ္ဘာကြီးငြိမ်းချမ်းနေမှာပါ…

-----

လကုန်ရက် လစဉ်ပုံမှန်အစည်းအဝေးက လစာထုတ်ပြီးချိန် နေ့လယ် ၁ နာရီခွဲလောက်စပြီး ၄ နာရီဝန်းကျင်မှာ ပြီးတတ်ပါတယ်.. ၄ နာရီနောက်ပိုင်းဆို ကျွန်တော်တို့ စီးရမဲ့ လိုင်းကားတွေက မရှိသလောက်ကျဲသွားပါတယ် အစည်းအဝေးချိန် နောက်ကျပြီဆို ကြုံရာယာဉ်နဲ့လိုက်ကြရပြီး မှောင်နဲ့မဲမဲ အချိန်မှာ လမ်းလျှောက်ပြီး ပြန်ခဲ့ရတာတွေလည်း ရှိပါတယ်….

တစ်နေ့မှာ အစည်းအဝေး စတာကိုက ၃ နာရီလောက်မှ စနိုင်တော့ အစည်းအဝေးက အချိန်နှောင်းနေပါပြီ၊ ၄ နာရီကလည်း ကျော်နေပြီမို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘယ်လိုလုပ်ကြမလဲလို့ မျက်ရိပ်ပြ မေးနေကြပြီ… မြို့နယ်မှူးကလည်း မှာစရာပြောစရာတွေ မှာကောင်း၊ ပြောကောင်းဆဲ အပြီးသတ်မဲ့ အရိပ်အရောင် မမြင်ရသေး၊ ကျွန်တော်တို့ တစ်ဖွဲ့လုံးက ဖင်တကြွကြွ ဖြစ်နေပြီ … မြို့နယ်မှူးကို ခွင့်ပန်ပြီး ပြန်ရင်ကောင်းမလား၊ တစ်ယောက်ချင်း လစ်ထွက်ပြီး ပြန်လစ်သွားကြရင် ကောင်းမလားရယ်နဲ့ တိုင်ပင်နေကြတာကို ဘေးနားက လူတွေလည်း ရိပ်မိနေကြပါတယ်၊ မြို့နယ်မှူးကတော့ နည်းနည်းမှ ရိပ်မိပုံမပေါ်ပါ…

ဒီအခက်အခဲကို ကူညီဖြေရှင်းပေးလိုက်တာက တောအုပ် ဦးဆန်းဝင်း (ယခု-ငြိမ်း) တခြားသူတွေက သူ့ကိုခေါ်တဲ့ Nick name ကတော့ ‘ကျီးမိုက်’တဲ့ မိုက်တဲ့ ကျီးကန်းမို့လား ဒါမှမဟုတ် ကြီးမှမိုက်လို့များလား ဘာရယ်တော့မသိ၊တောအုပ်ကြီး ခဏ စောင့်ပါဦး ဆိုပြီး မြို့နယ်မှူးကို ကွမ်းတစ်ယာ သွားကျွေးပါတယ်.. သူက ကွမ်းကျွေးနေကြမို့ ဘာမှလည်း မထူးဆန်းလှပါ၊ ပြီးတော့ သူ့ နေရာသူ ပြန်ထိုင်ပြီး မှတ်စုစာအုပ်လေး ဖွင့်ရေးနေပါတယ်..

ခဏကြာတော့ မြို့နယ်မှူး ကွမ်းတွေ တဖွီးဖွီးထွေးတာတွေ့ရပါတယ်.. ‘ရေ ရေ’ လို့ တောင်းပြီး ရေသောက်၊ ရေနဲ့ ပလုပ်ကျင်းပြီး ထွေး.. နဖူးမှာလည်း ချွေးတွေရွှဲလို့၊ ‘ကိုဆန်းဝင်း ခင်ဗျား ကွမ်းက ဆေးများတယ်ထင်တယ်၊ ခေါင်းကို ချာချာလည်နေတာပဲဗျာ’ လို့ ပြောတော့ ‘ခါတိုင်း ဆရာစားနေကြအတိုင်းပါပဲ.. ဒီနေ့မှ ဘယ်လိုဖြစ်တာလဲ မသိဘူး’ လို့ပြောပြီး ကျွန်တော့် ဖက်ကို လှည့်ပြုံးပြပါတယ်.. အဲ့ဒီအချိန်အထိ ကွမ်းမစားတတ်တော့ ကွမ်းယာထဲထည့်တဲ့ဆေးရွက်ကြီးဟာ မူးတတ်တယ်ဆိုတာ မသိရိုးအမှန်ပါ၊ အချိန်မီ ပြန်ခဲ့ရတဲ့အတွက် ကျီးမိုက်ကို ကျေးဇူးတင်မိတာလည်း တကယ် ( လူကြီးကို ဒုက္ခပေးသလို ဖြစ်သွားခဲ့ခြင်းအတွက် မြို့နယ်မှူး အစ်ကိုကြီးကို ဒီနေရာကနေပဲ ကျီးမိုက်ကြီး ကိုယ်စား တောင်းပန်ပါတယ်)

ကဲ ….ဒီနေ့တော့ ဒီလောက်ပဲဗျာ လို့ အစည်းအဝေးအဆုံးသတ်သံကြားရင်ကြားချင်း နောက်ကျတဲ့ ခြေထောက်သစ္စာဖောက်လို့သဘောပိုက်ပြီး ကားဂိတ်ဆီ သုတ်ခြေတင်ခဲ့ကြပါတယ်၊ ဆားတောင်-မန်း လက်ကျန်လိုင်းကားကိုနောက်ခြေတက်ခုံက တွယ်စီးရင်း စိုက်ခင်းစခန်းကို ပြန်ခဲ့ရတဲ့ဘဝတွေဟာ အခုတော့လည်း လွမ်းစရာပါ..

-----

နောက်ထပ်ချန်ထားလို့မရတဲ့ အစ်ကိုတစ်ယောက်အကြောင်းလည်း ပြောချင်ပါသေးရဲ့…

သူကတော့ ဦးစိုးဝင်း (၄) -(၁၉၈၂ ဆင်း) ပါ.. ကျွန်တော်တို့ စစ်ကိုင်းမြို့နယ်ကို ရောက်ရောက်ချင်း ဆုံခဲ့တဲ့ အစ်ကို၊ ‘ဘဲလေးတို့ ဝဲလကမ်း ဝဲလကမ်း’ ဆိုပြီး ရုံးဘေးက ကောင်းဝမ်းဆိုင်မှာ ဘီယာတိုက်ပြီးကြိုဆိုခဲ့တဲ့ အစ်ကို၊ စိုက်ခင်းကနေ မြို့ကိုလာတိုင်း မြို့ကိုရောက်တဲ့ အခါတိုင်း ဘီယာတိုက်တဲ့ အစ်ကို၊ သူ့ရဲ့ Crazy က ABC၊ ‘ခွန်အားဖြိုးမောက် ABC Stout’ လို့ အားဆေးလိုလို ဘာလိုလို ကြော်ငြာပြီး ဘီယာလောကကို ထိုးဖောက် ဝင်ရောက်ခဲ့တဲ့ ဘီယာပေါ့.. ကျွန်တော်တို့ ခေါ်တဲ့ အစ်ကိုရဲ့ Nick Name ကတော့ S4 ပါ၊ အဲ့ဒီ အချိန်က S1 နဲ့ S2 လို့ပဲ ရှိတာကို ကျွန်တော်တို့က အစ်ကို့ကို S4 လို့ ချစ်စနိုးခေါ်ခဲ့ကြတာပါ…..

PDF Compressor Free Version



သူ့ရဲ့ လက်စွဲတော် တပည့်ကျော်တွေက တောခေါင်း နိုင်ဖေယျ၊ ခင်မောင်စိုး၊ တောကြပ်လှိုင်မျိုး၊ မောင်ဝင်း တခြားသူတွေလည်း ရှိပါလိမ့်ဦးမယ်.. သူ့ရဲ့ စီးတော်ယာဉ်က Humber (တံဆိပ်လို့ထင်ပါတယ်) စက်ဘီးအိုလေး သူသွားလေရာ တပည့်တစ်ယောက်က စက်ဘီးတွန်းပြီး လိုက်ရပါတယ်.. တစ်ခါက ၁၅၀၀၀ ထီပေါက်လို့ဆိုပြီး အစ်မဆီက ပိုက်ဆံ ၂၀၀၀ တောင်းကာ ကျွန်တော်တို့ကို ညှော်ခံကျွေးမွေးပါတယ်၊ ထီဆုငွေ သွားထုတ်တော့ ဆယ်ဦးစပ်ထီမို့ ၁၅၀၀ ပဲရလို့ အစ်မက စိတ်ဆိုးပြီး အိမ်ကမောင်းထုတ်လို့ ကျွန်တော်တို့ပါ ပြေးခဲ့ရဖူးပါတယ်၊ ညီတွေ တပည့်တွေကို အဲ့လို ချစ်တာ..

ညနေရုံးဆင်းလျှင် စက်ဘီးတွန်းပြီး မြို့ထဲကို လမ်းမကြီးအတိုင်း မပြန်ဘဲ ဖြတ်လမ်းက ပြန်လေ့ ရှိပါတယ်.. ဖြတ်လမ်းမှာ သချိုင်းဟောင်း (ယခု–စစ်ကိုင်းကားဝင်း)ကို ဖြတ်ရပါတယ်၊ အဲ့ဒီနားရောက်တာနဲ့ ဘာလုပ်တယ်ထင်ပါသလဲ.. အုတ်ဂူတစ်လုံးပေါ်တက်၊ တင်ပလ္လင်ခွေထိုင်ပြီး နာနာဘာဝ ဝိနာဘာဝအပေါင်းကို တရားနာဖို့ ဖိတ်ပြီး တရားဟောပါလေတော့တယ်..

ကျွန်တော်တို့မှာ ကြက်သီးတွေ ထ၊ ကြောက်ဒူးတွေတုန်လို့ သူနဲ့ အတွဲညီတာက တပည့်ကျော် နိုင်ဖေယျ (ကွယ်လွန်) ပါ၊ ဆရာ တရားမဟောမီ အုတ်ဂူဝန်းကျင်ရှင်းလင်း အမှိုက်တွေစုပြီး မီးရှို့ (သူ့အပြောကတော့ မီးပူဇော်တာတဲ့ ) ပြီးရင် အောက်မှာ ပုဆစ်ဒူးတုပ်ပြီး ဆရာဟောသမျှ မှန်ပါ့ဘုရား.. ဟုတ်ပါ့ဘုရား နဲ့ တရားထောက်လုပ်ပါလေတော့တယ် (ဆရာ့ဆန္ဒကို မငြီးမငြူ လိုက်လျောတတ်သူ နိုင်ဖေယျက လောကကြီးကို အရင်နှုတ်ဆက်သွားပါတယ်.. စိတ်ထားဖြူစင်သူမို့ ကောင်းရာဘုံတစ်ခုခု ရရှိနိုင်မှာပါ) အဲ့လို လိုက်ဖက်ညီတဲ့ ဆရာတပည့်တွေကို ဝန်ထမ်းဘဝတစ်လျှောက် သိပ်ပြီး မတွေ့ရပါဘူး..

နောက်တစ်နေ့ ရုံးဆင်းလို့ အိမ်ပြန်ရင်လည်း ညာဖက်ချိုးရင် လမ်းသာပါလျက်ကယ်နဲ့ တည့်တည့် မတ်မတ်သချိုင်းကို ဖြတ်ပြီးသာ ပြန်ပါတယ်၊ ဘယ်လောက်ပဲ မှုးနေနေ စက်ဘီးကိုကွေ့လို့ မရပါဘူး.. နိစ္စဓူဝ ဖိတ်ရဟောရ သတ္တဝါတွေ ချွတ်ရတာလည်း သူ့အလုပ်လို့ ခံယူထားဟန် တူပါရဲ့၊ သာမန်အားဖြင့် မူးကြောင်မူးကြောင်လုပ်ရပ်တစ်ခုလို့ ထင်ရပေမဲ့ ဆရာတပည့်တွေရဲ့ ချစ်ခင်မှုညီအစ်ကိုတွေစည်းလုံးမှုဟာ နောက်တစ်ခါ ထပ်ပြီး မကြုံရတော့တဲ့ ဘဝရဲ့ အမှတ်တရတွေပါပဲ...

-----

လစာထုတ်ရက်ကလွဲလို့ အခြားရက်တွေမှာ ကျွန်တော်တို့ မြို့ပေါ်ကို မသွားပါဘူး... အခြားရက် မြို့ပေါ်သွားလို့ မြို့နယ်မှူး သိသွားလျှင် ဘာလာလုပ်တာလဲ အမေးခံရပါတယ်.. တစ်ခါသား ပုံဆွဲစာရွက်မရှိလို့ မြို့သွားဝယ်မိပါတယ်၊ ညွှန်/မှူး ဆရာဦးစိုးမြင့် သိသွားပြီး စိုက်ခင်းတာဝန်ခံ တောအုပ်ကြီးတွေ မြို့ပေါ်ကို အကြောင်းမဲ့ မလာစေနဲ့လို့ ညွှန်ကြားပါလေတော့တယ်.. အဲ့ဒီတုန်းက ကွန်ပျူတာတွေ ပရင်တာတွေ ကော်ပီယာတွေ ဘာမှမရှိပါဘူး... မြေပုံကို ကိုယ့်ဘာသာဆွဲရပါတယ်၊ ပုံကြီးချဲ့ချင်ရင် ၁ လက်မ ၁ မိုင် မြေပုံကို ဂရစ်ကွက်ချပြီး ပေတံနဲ့ တိုင်းပြီးချ၊ ခဲတံနဲ့ ကြမ်းပြီး ရောင်စုံနဲ့ပုံဖော်၊ မြေပုံ ၁ ပုံ ဖြစ်လာဖို့ အချိန်အများကြီးပေးရပါတယ်..

တစ်ခါတော့ ကိုးခရိုင်အစည်းအဝေးရှိတယ်လို့ သတင်းကြားပါတယ်.. စိုက်ခင်းတာဝန်ခံတောအုပ်ကြီးတွေလည်း တက်ရမှာတဲ့လို့လည်း ကြားပါတယ်.. ဒါပေမဲ့ ကျွန်တော်တို့ကလည်း တောအုပ်ကြီးတွေ မြို့ပေါ်မလာစေနဲ့ ညွှန်ကြားခံထားရလေတော့ စိုက်ခင်းလုပ်ငန်းများ မအားလပ်ပါသဖြင့် မလာရောက်နိုင်ပါဆိုပြီး စိုက်ခင်းစခန်းမှာပဲ အေးအေးငြိမ့်ငြိမ့် နေနေလိုက်ပါတယ်...

ညနေစောင်းတော့ ညွှန်/မှူး ကားအဖြူကြီး စိုက်ခင်းစခန်းကို ရောက်လာပါတယ်၊ ညွှန်/မှူးတော့ မပါပါဘူး.. ကျွန်တော်တို့ အစည်းအဝေးမလာလို့ အခေါ်ခိုင်းလိုက်တာပါတဲ့.. လာခေါ်တာက ညွှန်/မှူးရဲ့ကားဆရာ အေးသန်းပါ 'အေး ... မင်းဆရာက တောအုပ်ကြီးတွေ မြို့မလာစေနဲ့ ဆိုလို့ တို့က မလာတာလေကွာ၊ မင်းဆရာကို အဲ့လိုပဲ ပြန်ပြီး သတင်းပို့လိုက်'ဆိုတော့ 'ဆရာတို့ကိုခေါ်ပြီး ပြန်လာပါလို့ မှာလိုက်ပါတယ်.. ဆရာ၊ ဆရာတို့မပါရင် ကျွန်တော်ပြန်လို့ ဘယ်ရမလဲ' ဆိုလို့ အေးသန်းကို အားနာပြီး မြို့ကို လိုက်ခဲ့ကြပါတယ်...

မြို့ရောက်ရောက်ချင်း ညွှန်/မှူးဆရာက ငှက်ပျောသီးကျွေးပါတယ်.. 'အေယိုးများက ဒါမျိုးကျအသေမှတ်ထားတယ်၊ တစ်ခါတလေတော့လည်း မြို့ကိုလာကြပေါ့.. အခုတော့ အစည်းအဝေးတောင် လာမတက်ဘူးတဲ့လား' ဆိုပြီး သူ့အိမ်မှာ တည်းခိုင်းပါတယ်.. ငှက်ပျောသီးစားလိုက်ရတာကလွဲပြီး ထုချေတာ ဖြေရှင်းတာ စသဖြင့် ဘာမှ မလုပ်ခဲ့ရတဲ့ ဂျစ်ကန်ကန် စိုက်ခင်းတာဝန်ခံဘဝဟာလည်း ဝန်ထမ်းဘဝရဲ့ ထူးထူးဆန်းဆန်း ဖြစ်ရပ်ဆန်းလိုပါပဲ...

ထမင်းလည်း စားရပါတယ်...ညနေမှာ ယမကာလည်း မိုဝဲရပါတယ်.. ဒါပေမဲ့ ဆရာက ည ၁ နာရီလောက်မှ အိပ်တော့ ကျွန်တော်တို့က ၂ နာရီလောက်မှ အိပ်ရပါတယ်.. အိပ်ကောင်းနေတုန်း မနက် ၄နာရီခွဲလောက်ကျတော့ ရေချိုးခန်းက ဆရာ့ ရေချိုးသံကြား

PDF Compressor Free Version



တာနဲ့ အိပ်ရာက ထလိုက်ရပါတော့တယ်.. နောက် နောင် မြို့သွားဖို့ မစဉ်းစားတော့သလို မြို့သွားလျှင်လည်း ဆရာ့ အိမ်တည်းဖို့ မစဉ်းစားတော့ပါဘူး...

------

စိုက်ခင်းသစ်တွေစိုက် စိုက်ခင်းဟောင်းတွေထိန်း ဆိုတော့ ရှိတဲ့ ဝန်ထမ်းအင်အားနဲ့ ဘယ်လွယ်ပါ့မလဲ.. ဒီတော့ ဆရာ ဦးစိုးမြင့် က အကြံပေးပါတယ်.. 'လူတွေက ဥပဒေဆိုလျှင် သိပ်ပြီး မကြောက်ချင်ကြဘူးကွ အဲ.. ဒါပေမဲ့ မမြင်ရတဲ့ နတ် တို့ စုန်း တို့ ဆိုလျှင်တော့ အသေကြောက်ကြတာဟ.. ဒီလိုလုပ်ကွာ မင်းရဲ့စိုက်ခင်း အဝင်၊ အလယ်၊ အစွန် ၃ နေရာမှာ နတ်စင် ၃ စင်ဆောက်ပြီး လျှင် အနီးအနားရွာက နတ်ကတော်တွေကို နတ်ကန္နားပွဲပေးပြီး တောတွေတောင်တွေကို နတ်တွေဆီအပ်ခိုင်း နတ်စောင့်တဲ့ စိုက်ခင်းဆိုလျှင် အန္တရာယ်ကင်းပြီ ပေ့ါကောင် တဲ့...' နတ်ကန္နားပွဲ အကြီးအကျယ်ပေး၊ နတ်တွေ ပျော်မပျော်တော့မသိ ရွာသားတွေကတော့အထူးပျော်၊ လေးကျော်ကတော့ အပျော်ဆုံးဖြစ်လိမ့်မယ်.. 'ထူးလည်း ထူးတယ်... မူးလည်းမူးတယ်... တို့ကိုကြီးကျော်...' ဆိုပြီး ကွေးနေအောင် ကတာများ ဇာတ်မင်းသား မီနိုင်မယ်မထင်၊ သေရည်လေးတမြမြနဲ့ ၂ ရက် ၁ ည နတ်တို့ပျော်တဲ့ ကာလပေ့ါ ... ပွဲပြီးကာနီးတော့ အသံကောင်းကောင်း နတ်ကတော် တစ်ယောက်ကို လော်နဲ့ အော်ခိုင်း၊ ဒီတောဒီတောင်တွေကို နတ်အပေါင်းကို အပ်ပါတယ်၊ ဝိုင်းဝန်းစောင့်ရှောက်ကြဖို့နဲ့... တောတောင်ဖျက်ဆီးသူတွေကို နတ်အပေါင်းက ဆုံးမဒဏ်ခတ်ကြဖို့ အော်ပြီးကတည်းက စိုက်ခင်း ထင်းခုတ်တဲ့ကိစ္စ အတော်သက်သာသွားပါရောလား...

ဒီလိုနဲ့ တစ်ရက် ... စိုက်ခင်းဖက်ရောက်တော့ ကိုယ်ဆောက်ထားတဲ့ နတ်စင်မှာ ပန်းတွေဆက်ထားတာ မြင်လိုက်ရတာ ကိုယ်တောင် ကြက်သီး ထ ချင်ချင်ရယ်၊ တောကြပ် ကိုတင်ကြွယ် အပြောအရတော့ ဒီနတ်စင်နားကို ဖြတ်သွားသူတိုင်း ပန်းတစ်ကုံးဆက်ပြီးမှ သွားကြပါသတဲ့... ဒါမှ သွားလမ်းသာလို့ လာလမ်းဖြောင့်တယ် ဆိုပဲ ကိုယ့်နတ်စင်ကို လှမ်းကြည့်ပြီး ကိုယ်တောင် ကျောချမ်းချင်သလိုလို... အဲ့ဒီနတ်စင်က ပုဂံတူ–ကြွယ်ပုံရွာသွားလမ်းဘေးမှာပါ...

တစ်နေ့သား နတ်စင်ဘေး Dyna ခါးရှည် ၊ အမြင့်ကားတစ်စီးအဖြတ် မြွေကြီးတစ်ကောင် လမ်းကို ဖြတ်ကူးတာတွေ့တော့ ကားပေါ်ပါလာတဲ့သူတွေက မြွေကြီးကိုသတ်ဖို့ ဝိုင်းပြောကြသတဲ့ ...ဒါပေမဲ့ ကားဆရာက မသတ်ဖို့တားတယ် မြွေအကောင်ကြီးလျှင် ရိုးရိုးမြွေ မဖြစ်နိုင် နတ်မြွေ (သို့) မြွေရောင်ဖန်ဆင်းထားတဲ့တစ်ခုခုပဲ ဖြစ်ရမယ် မသတ်ပါနဲ့ဆိုပြီး ရှေ့ဆက်မောင်းသွားတာမှာ အခြားသူတွေက အဓိပ္ပါယ်မရှိတာ ဘာညာ ပြောကြတာပေ့ါ...

အဲ့လိုနဲ့ဆက်ပြီး သွားကြရာ... ရှေ့နားက ကုန်းဆင်းကျတော့ ကားတိမ်းမှောက်ပါလေရောတဲ့... အဲ့ဒီအချိန်ကတည်းက နတ်ကြီးတယ် စကားပြော ဆင်ခြင်ကြဆိုပြီး နတ်စင်နားဖြတ်တိုင်း ပန်းတစ်ကုံးဆက်ပြီးမှ သွားကြပါသတဲ့... ဒီအဖြစ်အပျက်ကို တစ်နယ်လုံး ကြားသိသွားကြကာ ဒီနတ်စင်ဟာ ထင်ရှားကျော်ကြားလာခဲ့ပြီး နောက်အပင်ခုတ်ဖို့ဆိုတာ ဝေးရော စကားပြောတာတောင် ဆင်ဆင်ခြင်ခြင်ပြောနေကြရပြီဆိုတော့ ဆရာဦးစိုးမြင့် ပြောသလို နတ်စောင့်တဲ့စိုက်ခင်းအန္တရာယ်ကင်းပြီပေ့ါ...

-----

ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အထူးအရာရှိ (၃) ဦး ပို့ပါတယ်... မကွေးတိုင်းက ဒု/ဗိုလ်မှူးကြီး သန်းအောင်၊ မန္တလေးတိုင်း က ဒု/ဗိုလ်မှူးကြီး ထွန်းထွန်း (နောင်– စိမ်းစို ညွှန်/ချုပ်) ကျွန်တော်တို့ စစ်ကိုင်းတိုင်းအထူးအရာရှိက ဒု/ဗိုလ်မှူးကြီး ရဲထွဋ်ပါ... သူ့အကြောင်းကလည်း မပါမဖြစ်ဖော်ပြသင့်သူတစ်ဦးပါ... အထူးအရာရှိတွေရောက်ပြီဆိုတော့ ဆရာဦးစိုးမြင့်က ကျွန်တော်တို့ကို စစ်ကိုင်းခေါ်ပြီး မိတ်ဆက်ပေးပါတယ်၊ စီမံကိန်းအကြောင်း စိုက်ခင်းအကြောင်း ဆွေးနွေး၊ သိချင်တာတွေလည်း မေးပေ့ါ...

အဲ့ဒီညမှာ စားကြသောက်ကြရင်း အထူးအရာရှိ ၃ ယောက်ကို ဆရာဦးစိုးမြင့် ပြောခဲ့တာအမှတ်ရပါသေး... တကယ်တော့ သစ်တောပညာဆိုတာ ကျွန်တော်လည်း အခုအထိ လေ့လာနေရဆဲ ကျောင်းသားပဲ... ကျောင်းက သင်ပေးလိုက်တာက သစ်တောပညာ အခြေခံလောက်ပဲ သင်ခဲ့ရတာဗျာ... ခင်ဗျားတို့တောင်မှ သစ်တောမှာ အထူးအရာရှိ လုပ်မယ်ဆို ပြင်ဦးလွင်သစ်တောကျောင်း ၂ နှစ် သင်တန်းမျိုးတက်ပြီးမှ လုပ်သင့်တယ်ဆိုလို့ အထူးအရာရှိ (၃)ယောက်က ရယ်နေကြပြီး 'မလုပ်ပါနဲ့မင်းကြီးရယ် ဒီအရွယ်ကျမှ ကျောင်းသားမလုပ်ပါရစေနဲ့တော့'လို့ ပြောကြပါတယ်...'

နောက်တစ်နေ့ စိုက်ခင်းတက်မယ်ဆိုတော့ အထူးအရာရှိလည်း လိုက်မယ်တဲ့။

ဦးပြုံးရဲ့ ရေဘောက်ဆာကြီးကို အထူးအစီအစဉ်နဲ့ စိုက်ခင်းတက်ဖို့စီစဉ်...

အထူးအရာရှိက ကားခေါင်းခန်း၊ ကျွန်တော်တို့ သူငယ်ချင်း ၂ ယောက် က Upper Class ( တကယ်က ကားခေါင်းခန်းအပေါ်က ခြင်းထဲထိုင်ပြီးလိုက်ကြတာပါ)။ အုန်းတောမှာ ခဏကားနား လူနား...

အခန်းတောက စထွက်တုန်းကတော့ အထူးအရာရှိက ကားခေါင်းခန်းကပဲ စီးပြီးလိုက်ပါတယ်၊ ပုဂံတူရွာကို ရောက်လို့ ကားလမ်းကနေ တောပေါ်တက်မယ့်လမ်းခွဲကိုလည်း ရောက်ရော ... ကားကို အရပ်ခိုင်းကာ သူလည်း ကျွန်တော်တို့လို စီးချင်တယ်ဆိုပြီး Upper Class ကိုတက်လာပါတယ်.. Upper Class ဆိုတာ လေတဟူးဟူး အရှိန်ကို တွန်းကန်ရင်း ဘယ်ညာ ယိမ်းနွဲ့နေတဲ့ ရေဘောက်ဆာကြီးရဲ့ ခေါင်မိုးပေါ်မှာ ဇကောထဲက ဆီးဖြူသီးပမာမို့ အထူးအရာရှိကို အားနာမိလို့ ပိုလ်မှူးကြီး စီးရတာ အဆင်ပြေရဲ့လားလို့မေးတော့ သူ့မျက်နှာမှာ ကျေနပ်ပျော်ရွှင်နေဟန်အထင်းသားနဲ့ သဘာဝရဲ့အရသာကို တဝကြီး ခံစားခွင့်ရတာ အဆင်ပြေတာပေါ့ဗျာ.. ကျွန်တော် တစ်ခါမှ ဒီလိုမစီးဖူးဘူး.. တကယ့် လွတ်လပ်ပျော်ရွှင်ခြင်း အရသာ ခံစားရတယ်ဗျာတဲ့ ..

အဲလို အထူးအရာရှိရယ်လေ..

ကျွန်တော် စိုက်ခင်းစစ်ဖို့ လာတာမဟုတ်ပါဘူး.. ခင်ဗျားတို့ လိုအပ်တာ ကူညီပေးဖို့လာတာပါ.. ခင်ဗျားတို့က Professional သစ်တောသမားတွေပဲ ကျွန်တော်ဘာတွေများ စစ်ဆေးကြိုးကြပ်နေရဦးမှာလဲလို့ ပြောတတ်သူ၊ တကယ်လည်း အပြောနဲ့အလုပ် ရှေ့နောက်ညီညွတ်သူ၊ အခက်အခဲရှိလျှင်ပြော အကူအညီလိုလျှင်ပြော ကျွန်တော် ခင်ဗျားတို့နဲ့အတူ ရှိနေမယ်ဆိုတဲ့သူ.. ခင်မင်စရာ ကောင်းသူတစ်ယောက်ပါ ..

------

ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းမှာ အများဆုံးစိုက်ကြတာ ယူကလစ်ပါ .. စီမံကိန်းလည်းဖြစ်ပြန် မအောင်မြင်လျှင်လည်း ချက်ချင်း အိပ်ရာလိပ်ရမဲ့ အခြေအနေဆိုတော့ ယူကလစ်က အတော်အတန် မိုးခေါင်တာ၊ နေပူတာ၊ လေတိုက်တာ၊ ကျွဲ နွားဖျက်ဆီးတာ စတဲ့အပူပိုင်းဒေသရဲ့ဒုက္ခတွေကို ခံနိုင်တာမို့ အပူသစ်တွေ ငြိမ်းစေရန် အလို့ငှာ ယူကလစ်တွေ စိမ်းအောင် စိုက်ကြရတာပါ..

ကိုးခရိုင် စီမံကိန်းမတိုင်ခင်က ခြေရာတော်မှာ ဆီနီဂေါ်ရှားတွေစိုက်ခဲ့ပါတယ်.. အပင်က အမြင့်ကြီးမဟုတ်ပါဘူး.. အစေးထွက်တဲ့သစ်မျိုးဖြစ်ပြီး အစေးကို ကြွေရည်သုတ်ကော်အဖြစ် အသုံးပြုနိုင်ပါသတဲ့၊ သုတေသနလုပ်တာတွေ့ဖူးပေမဲ့ စီးပွားရေးအရ တွက်ခြေမကိုက်လို့ အစေးမထုတ်တာလို့သိရပါတယ်...

နွေခေါင်ခေါင်မှာကို စိမ်းနေနိုင်တဲ့ အာဂသစ်မျိုးပါ .. ၁၂ ပေ x ၁၂ ပေ ပန္နက် ၅ နှစ်သားလောက်ဆိုလျှင်ကို တစ်ပင်နဲ့တစ်ပင် အကိုင်းတွေယှက်ပြီး တိုးမရတော့ပါဘူး.. မြေအမျိုးအစားမရွေး ပေါက်ရောက်ရှင်သန်နိုင်တာကိုလည်း တွေ့ရပါတယ်.. အရွက်ချချိန်ဆိုလျှင်တော့ ရိုးတံမဲမဲကြီးတွေနဲ့ ကြည့်ရဆိုးပါတယ်..

အပင်မှာ ဆူးလေးတွေပါပြီး အခြားအပင်က ဆူးလိုဖြောင့်ဖြောင့်မဟုတ်ဘဲ သူ့ဆူးက ကောက်ကောက်လေးတွေပါ လက်ကို စူးလျှင်တောင် ပြန်နုတ်ဖို့ ခက်ပါတယ်.. ပြီးတော့ တိုတို ကောက်ကောက်ပါ..

နွေအလယ်မှာ စိမ်းနေတဲ့ ဆီနီဂေါ်ရှားခင်းဟာ တိရစ္ဆာန်တွေအတွက် အလွန်စိတ်ဝင်စားစရာပါ.. အရွက်လေးက စို၊ အပင်က ပုပြတ်ပြတ်ဆိုတော့ .. သိုးတို့ဆိတ်တို့ မျက်စိကျပြီပေါ့.. ဒီတော့ အပြေးအလွှားဝင်စားပြီး ပြန်ထွက်တာနဲ့ပြဿနာတက်တော့တာပါပဲ.. ဆူးကောက်ကောက်လေးတွေက သိုးမွေး ဆိတ်မွေးတွေကို ချိတ်နေလိုက်တာ.. ချစ်သူ့လက်ကို ဆွဲထားသည့်နှယ် ခိုင်ခိုင်မြဲလို့ ရှေ့တိုးလည်း ချိတ်၊ နောက်ဆုတ်လည်း ချိတ် ဆိုတော့...

သိုးတွေ ဆိတ်တွေဟာ ဆက်မရုန်းရဲတော့ဘဲ တပဲပဲ အော်နေပါတော့တယ်.. သခင်ဖြစ်သူက ကယ်မယ်ဆိုပြီး ဝင်အသွား.. သူ့ခါးကိုပါ ချိတ်မိသွားပြီး ဒုက္ခရယ် လှလှရယ် တွေ့ပါလေတော့တယ်.....

နောက်တစ်ခါ ဒီအခင်းထဲဝင်ဖို့ မဆိုထားနဲ့ အနားက ဖြတ်သွားလျှင်တောင် လှည့်မကြည့်တော့ပါဘူး.....

ဆီနီဂေါ်ရှားဟာ သူ့ဘာသာ ကာကွယ်ရင်း ရှင်သန်ခြင်းကို ဆုပ်ကိုင်ထားနိုင်တာပါ၊ သူများကို ဒုက္ခပေးဖို့မဟုတ်ဘဲ မိမိ ကိုယ်ကို ကာကွယ်ခွင့်၊ မိမိရဲ့ ရှင်သန်ခွင့်အတွက် အန္တရာယ်တွေ အဟန့်အတားပြုနိုင်တဲ့ ဆူးတော့ရှိသင့်တယ် ဆိုရလေမလား.......

+++++++



ယခင်လမှအဆက်

# ထန်းဖို ထန်းလျက် ယက်ရသလို . . .

ရောင်နီ (သစ်တော)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်ထဲက ကိုင်းရှည်ကြီးဝိုင်းကို မြန်မာ့သစ်လုပ်ငန်း သစ်ကွင်းစစ်ဖို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင် ရောက်ရှိလာသည်။ သစ်ကွင်းထဲမှာ လုံးပတ် ၂၁ ပေရှိသော ကျွန်းငုတ်ကြီးတွေ့တော့ ဝိုင်းဖြတ်ပြီး လင်းနို့ဂူသို့ ပို့ပေးဖို့ မြန်မာ့သစ်လုပ်ငန်းကို မှာသည်။ နှစ်ကွင်းများက ဖော်ပြနေသော ကျွန်းပင်ကြီး၏ ခေတ်ပြိုင်သမိုင်းဟူသည့်ခေါင်းစဉ်ဖြင့် ပြကွက်တစ်ခု ဖန်တီးဖို့ မိမိကို အကြံပေးသည်။

နှစ်ကွင်းတွေ ပေါ်ပေါက်ခဲ့တဲ့ခုနှစ်အလိုက် ဖြစ်ပေါ်ခဲ့တဲ့သမိုင်းဖြစ်စဉ်များနှင့် ယှဉ်တွဲပြသထားရန်ဖြစ်သည်။ လက်တွေ့မှာ သစ်ကွင်းထဲက ကျွန်းဖြတ်ပိုင်းကြီး ရောက်မလာနိုင်သဖြင့် သမိုင်းကြောင်းရှိသော လှစင်ကုန်းရွာက ကျွန်းသစ်လုံးကြီးကို ဒုတိယညွှန်ကြားရေးမှူးချုပ်၏ အကြံပြုချက်အတိုင်း အကောင်အထည်ဖော်ဖို့ ဖြစ်လာပါတော့သည်။

***'အစ်ကိုကြီး သုံးရာတော့ မပြည့်တော့ဘူးဗျ ကျွန်တော်ရေတာ နှစ်ရာရှစ်ဆယ့်ကိုးရှိတယ်'*** တင်လင်းအောင်က လှမ်းပြောသည်။

တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများပြကွက် အတွက် ဒီဇိုင်းဆွဲနေသောမျိုးသူဝင်းက ***'ကျွန်တော် Comfirm လုပ်ပေးမယ်'*** ဟုဆိုကာ ကျွန်းပိုင်းပေါ်က နှစ်ကွင်းတွေကို ဝင်ရောက်ရေတွက်တော့သည်။ မျိုးသူဝင်းက မျက်မှန်အထူကြီးတပ်ဆင်ထားသူဖြစ်သည်။ သူ၏ ရေတွက်မှုက ပထမတစ်ခေါက်မှာတော့ သုံးရာ့တစ်၊ နောက်တစ်ခေါက်ပြန်ရေတော့ နှစ်ရာကိုးဆယ့်ရှစ်၊ တစ်ခါ ရေဂဏန်းတစ်မျိုးဖြစ်နေသည်။ အနားမှာကူညီလုပ်ကိုင်ပေးနေသောမောင်ငယ်(ရှိုင်းခန့်အောင် ယခု တောခေါင်း)က မနေသာတော့ဘဲ ဝင်ရောက်ရေတွက်ပေးတော့မှ တင်လင်းအောင် ရေတွက်ရရှိသည့် နှစ်ရာရှစ်ဆယ့်ကိုးပြန်ရသလို၊ တောအုပ်သိန်းလွင် ခေါ်ပြီး ရေတွက်စေတော့လည်း နှစ်ရာရှစ်ဆယ့်ကိုးဖြစ်နေတော့မှ နှစ်ကွင်းအရေအတွက် နှစ်ရာရှစ်ဆယ့်ကိုးအမှန်ဖြစ်ကြောင်း အတည်ပြုနိုင်တော့သည်။

ဂျပန်များ ပြန်လည်ဆုတ်ခွာချိန်တွင် ရေအောက်ကို နစ်မြုပ်လိုက်ခြင်းဖြစ်၍ ဂျပန် ဆုတ်ခွာသည့် (၁၉၄၅) ခုနှစ်မှ တူးဖော်ရရှိသည့် ၂၀၁၇ ခုနှစ်အထိ ကာလကို တွက်စစ်ပါက ယခုသစ်လုံးသည် မြေအောက်၌ နှစ်ပေါင်း ၇၀ ကျော် နစ်မြုပ်နေပေလိမ့်မည်။ ဂျပန်မဝင်မီ အင်္ဂလိပ်တို့ နောက်ဆုံးသစ်ထုတ်ခဲ့သည့် ခုနှစ်မှာ ၁၉၃၆ ခုနှစ် ဖြစ်ရာ ယင်းကာလတွင် ယခု ကျွန်းပင်ကြီး ခုတ်လှဲခံရသည်ဟု ယူဆပါက ၁၉၃၆ ခုနှစ်မှစ၍ အပင်သက်တမ်း နှစ်ရာရှစ်ဆယ့်ကိုးနှစ်ကို နောက်ပြန်ရေတွက်လျှင် ကျွန်းပင်ကြီး စတင်ပေါက်ရောက်သောနှစ်သည် ၁၆၄၇ ခုနှစ်ဟု မှတ်ယူနိုင်ဖွယ် ဖြစ်သည်။ နှစ်ကွင်းတွေ ထင်ထင်ရှားရှား မပေါ်မီ အပင်ငယ်ဘဝကိုပါ ထည့်သွင်းမှန်းဆလျှင် ထို့ထက် နှစ်အနည်းငယ် ပိုပါလိမ့်မည်။ ခန့်မှန်းထားသော ၁၉၃၆ ခုနှစ်ထက်စော၍ ခုတ်လှဲခံရပါကလည်း စတင် အပင်ပေါက်သောနှစ်သည် ၁၆၄၇ ခုနှစ်ထက် အတန်ငယ် စောနိုင်စရာရှိသည်။

ကျွန်းပင်ကြီး၏ သက်တမ်းကို ခန့်မှန်းနိုင်ချိန်မှစ၍ သမိုင်းကြောင်းနှင့် တိုက်ဆိုင်နိုင်ဖို့ သမိုင်းဆိုင်ရာမှတ်တမ်းမှတ်ရာစာအုပ်များကို မုံရွာ၊ မန္တလေး ဖြန့်ကျက်ပြီး ဝယ်ယူ ဖတ်ရှုကြရတော့သည်၊၊ သူတစ်အုပ် ငါတစ်အုပ် ခွဲတမ်းလုပ်ပြီး ဖတ်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားသမိုင်းစာအုပ်များလည်းပါသည်။ ကျွန်းပင်ကြီး စတင်ပေါက်ရောက်သည်ဟု ယူဆရသော ၁၆၄၇ ခုနှစ်သည် ကောင်းမှုတော်စေတီ၏ မူလဒါယိကာ သာလွန်မင်းတရားကြီးထီးနန်းစိုးစံချိန်ဖြစ်သည်။

နှစ်ကွင်းများက ဖော်ပြနေသည့် ကျွန်းပင်ကြီး၏ သမိုင်းသည် သာလွန်မင်းတရားလက်ထက်မှ အစပြုသည်ဟု ဆိုရပေမည်။ ၎င်း တစ်နှစ်သားအရွယ်တွင် ကောင်းမှုတော်စေတီတည်ထားပြီး၊ တစ်ရာ့လေးနှစ်သားအရွယ် ၁၇၅၁ ခုနှစ်တွင် ညောင်ရမ်းခေတ် ပျက်သုဉ်းသည်။ အလောင်းမင်းတရားနန်းတက်ပြီး ကျွန်းသစ်အား 'တော်သစ် (Royal Tree) 'အဖြစ်သတ်မှတ်သည့် ၁၇၅၂ ခုနှစ်တွင် သက်တမ်းတစ်ရာ့ငါးနှစ်ရှိနေပြီ။ သူ့ခမျာ အသက်တစ်ရာကျော်မှ တော်ဝင်သူအဖြစ် ဂုဏ်ယူနိုင်ခဲ့သည်။ စစ်သူကြီးမဟာဗန္ဓုလမွေးဖွားသည့် ၁၇၈၃ ခုနှစ်တွင် သက်တမ်း တစ်ရာသုံးဆယ့်ခြောက်နှစ်ရှိပြီ၊ မင်းကွန်း ပုထိုးတော်ကြီးတည်ထားသည့် ၁၇၉၀ ခုနှစ်တွင် သက်တမ်း တစ်ရာလေးဆယ့်လေးနှစ်အရွယ်ဖြစ်ပြီ။

ပထမ အင်္ဂလိပ်– မြန်မာ စစ်ပွဲဖြစ်ပွားချိန် ၁၈၂၄

တွင် အသက်တစ်ရာခုနှစ်ဆယ့်ခုနှစ်နှစ် ရှိနေပြီ၊ သီပေါမင်း ပါတော်မူသည့် ၁၈၈၅ ခုနှစ်တွင် သက်တမ်း နှစ်ရာသုံးဆယ့်ရှစ်နှစ် ရှိပြီဖြစ်ရာ ပဒေသရာဇ်ခေတ်တွင် မွေးဖွားခဲ့ပြီး သူ့ကျွန်ဘဝအထိ ခေတ်ပြောင်း၊ စနစ်ပြောင်းကို မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့် ဖြတ်သန်းခဲ့ရရှာသည်။

မြန်မာပြည်ကြီးကို သူ့ကျွန်ဘဝက ကယ်တင်ဖို့အတွက် ၁၉၁၅ ခုနှစ်မှာ မောင်ထိန်လင်းလေး နတ်မောက်မြို့မှာ မွေးတော့ တောထဲမှာ သူအသက်ရှင်သန်နေဆဲ။ လွတ်လပ်ရေးအောင်ပန်း မဆွတ်လှမ်းနိုင်မီ ၁၂ နှစ်လောက်အလို ၁၉၃၆ ခုနှစ် အသက် (၂၈၉) နှစ်ခန့်အရွယ်မှာ နယ်ချဲ့တွေရဲ့ ဝိသမစီးပွားရေးအတွက် သူ့အသက်ပေးလိုက်ရသည်။ သစ်လုံးဘဝရောက်တော့လည်း မီးရှို့ခံရ၊ မီးမလောင်ဘဲ ကျန်ရစ်ပြန်တော့ရေမြှုပ်ခံရ၊ ဒီလိုနဲ့ သစ်ပင်ဘဝ ၂၈၉ နှစ်၊ သစ်လုံးဘဝ ၈၄ နှစ် ဒီကာလတွေ စုပေါင်းပါက ဒီကမ္ဘာပေါ်မှာ သူရှိနေတာ အခုဆိုရင် နှစ်ပေါင်း ၃၇၃ နှစ်။

ကျွန်းပင်ကြီးသာ စကားပြောတတ်ခဲ့ရင် တော်ဝင်သစ်အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ပုံတွေ၊ သူ့ကျွန်ဘဝမှာ အသတ်ခံရပြီး မြေကြီးအောက် ပုန်းကွယ်နေခဲ့ရပုံတွေကို အားတက်ဖွယ်၊ သံဝေဂယူဖွယ် ကြားရ နာရ ပေလိမ့်မည်။

-------

ဘုတ်ပြားကြီးတစ်ခုရဲ့အလယ်မှာ ကျွန်းသစ်လုံးဖြတ်ပိုင်းကြီး၏ အရွယ်အစား၊ ပုံသဏ္ဌာန်အတိုင်း ကွက်တိထွင်းဖောက်ပြီး ကျွန်းသစ်လုံးဖြတ်ပိုင်းကြီးကို ထည့်သွင်းတပ်ဆင်လိုက်သည်။



ဘုတ်ပြား၏ တစ်ဖက်မျက်နှာပြင်တွင် ရွှေဘော်ထိုး၊ ကော်ပတ်စားထားသဖြင့် အရစ်လိုက် နှစ်ကွင်းများပေါ်လွင်နေသည့် ကျွန်းသစ်လုံးဖြတ်ပိုင်းကိုမြင်တွေ့နိုင်ပြီး ကျန်မျက်နှာပြင်တစ်ဖက်တွင် နှစ်ပေါင်း ၈၀ ကျော် ရေအောက်၊ မြေအောက်၌ သဘာဝဒဏ်ခံထားရသဖြင့် အဖုအခွက်များဖြစ်ပေါ်နေသော ကျွန်းသစ်လုံးဖြတ်ပိုင်း၏ မျက်နှာပြင်ကြမ်းကြမ်းကို တွေ့မြင်နိုင်သည်။

နှစ်ကွင်းတစ်ခုချင်းအပေါ်မှာ ပင်အပ်ကလေးများ စိုက်ထိုးပြီး ၎င်းနှစ်ကွင်းများ ဖြစ်ပေါ်ခဲ့သည့် ခန့်မှန်း ခုနှစ်များ၊ ခုနှစ်အလိုက်ထင်ရှားသည့် သမိုင်းဖြစ်ရပ်များကို ရည်ညွှန်းဖော်ပြခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင် စိတ်ကူးယဉ်ခဲ့သော နှစ်ကွင်းများက ဖော်ပြနေသည့် ကျွန်းပင်ကြီး၏ခေတ်ပြိုင်သမိုင်း ပြကွက်ကြီး အကောင်အထည် ပေါ်လာတော့သည်။



စိစစ်ဖော်ထုတ်နိုင်ခဲ့သည့် ကျွန်းပင်ကြီး၏ ခေတ်ပြိုင်သမိုင်းကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်-

| အပင်အသက် | ခရစ်နှစ် | ထင်ရှားသော ခေတ်ပြိုင်ဖြစ်ရပ် |
|---|---|---|
| အပင်ပေါက် | ၁၆၄၇ | သာလွန်မင်းတရားလက်ထက် |
| (၁) နှစ်သား | ၁၆၄၈ | ပင်းတလဲမင်း (ကောင်းဘုန်ခေတ်) ခေတ် အုတ်မြစ်ချသော်လည်း မင်းရဲ ရဲနိုးတော်နန်းတက် |
| (၁၄) နှစ်သား | ၁၆၆၁ | ပြည်မင်းရဲကျော်ခေါင်(ပြည်မင်း)နန်းတက် |
| (၂၅) နှစ်သား | ၁၆၇၂ | နရာဝရမင်း နန်းတက်၊ မင်းရဲကျော်ထင် နန်းတက် |
| (၅၁) နှစ်သား | ၁၆၉၈ | စနေမင်း နန်းတက် |
| (၆၇) နှစ်သား | ၁၇၁၄ | တနင်္ဂနွေမင်း နန်းတက် |
| (၈၆) နှစ်သား | ၁၇၃၃ | မဟာဓမ္မရာဇာဓိပတိမင်း နန်းတက် |
| (၁၀၃) နှစ်သား | ၁၇၅၀ | ညောင်ရမ်းခေတ် ပျက်သုဉ်း |
| (၁၀၅) နှစ်သား | ၁၇၅၂ | အလောင်းမင်းတရားနန်းတက် ကျွန်းသစ်အား "တော်သစ်"(Royal Tree) သတ်မှတ် |
| (၁၁၃) နှစ်သား | ၁၇၆၀ | အလောင်းမင်းတရားကြီးနတ်ရွာစံ၊ နောင်တော်ကြီးမင်း နန်းတက် |
| (၁၁၆) နှစ်သား | ၁၇၆၃ | ဆင်ဖြူရှင်မင်း နန်းတက် |
| (၁၂၉) နှစ်သား | ၁၇၇၆ | စဉ့်ကူးမင်း နန်းတက် |
| (၁၃၅) နှစ်သား | ၁၇၈၂ | ဖောင်းကားစားမောင်မောင် နန်းတက်၊ ဘိုးတော် ဗဒုံမင်း နန်းတက် |
| (၁၃၆) နှစ်သား | ၁၇၈၃ | စစ်သူကြီးမဟာဗန္ဓုလ မွေးဖွား |
| (၁၄၃) နှစ်သား | ၁၇၉၀ | မင်းကွန်းဘုရားကြီးတော်ကြီးတည် |
| (၁၆၁) နှစ်သား | ၁၈၀၈ | မင်းကွန်းခေါင်းလောင်း သွန်းလုပ် |
| (၁၇၂) နှစ်သား | ၁၈၁၉ | ဘကြီးတော်စစ်ကိုင်းမင်း နန်းတက် |
| (၁၇၇) နှစ်သား | ၁၈၂၄ | ပထမ အင်္ဂလိပ်- မြန်မာစစ်ပွဲဖြစ်ပွား |
| (၁၇၈) နှစ်သား | ၁၈၂၅ | စစ်သူကြီးမဟာဗန္ဓုလ နတ်ရွာစံ |
| (၁၉၀) နှစ်သား | ၁၈၃၇ | သာယာဝတီမင်း နန်းတက် |
| (၁၉၉) နှစ်သား | ၁၈၄၆ | ပုဂံမင်း နန်းတက် |
| (၂၀၅) နှစ်သား | ၁၈၅၂ | ဒုတိယ အင်္ဂလိပ်- မြန်မာ စစ်ပွဲဖြစ်ပွား |
| (၂၀၆) နှစ်သား | ၁၈၅၃ | မင်းတုန်းမင်း နန်းတက် |
| (၂၁၀) နှစ်သား | ၁၈၅၇ | ရတနာပုံနေပြည်တော်(မန္တလေး)တည် |
| (၂၁၅) နှစ်သား | ၁၈၆၂ | ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ် မွေးဖွား |
| (၂၂၄) နှစ်သား | ၁၈၇၁ | ပဉ္စမသင်္ဂါယနာတင် |
| (၂၃၁) နှစ်သား | ၁၈၇၈ | သီပေါမင်း နန်းတက် |
| (၂၃၈) နှစ်သား | ၁၈၈၅ | တတိယ အင်္ဂလိပ်- မြန်မာစစ်ဖြစ်ပွား သီပေါမင်း ပါတော်မူ |
| (၂၆၇) နှစ်သား | ၁၉၁၄ | ပထမ ကမ္ဘာစစ် ဖြစ်ပွား |
| (၂၆၈) နှစ်သား | ၁၉၁၅ | ဗိုလ်ချုပ်အောင်ဆန်း မွေးဖွား |
| (၂၇၃) နှစ်သား | ၁၉၂၀ | အမျိုးသားအောင်ပွဲနေ့ စတင် သတ်မှတ် |
| (၂၈၃) နှစ်သား | ၁၉၃၀ | တောင်သူလယ်သမား အရေးတော်ပုံဖြစ် |
| (၂၈၉) နှစ်သား | ၁၉၃၆ | ကျွန်းပင်ကြီး သစ်ခုတ်သတ် ခံရ |

ဘုတ်ပြား၏အခြားတစ်ဖက်တွင် တွေ့မြင်ရသည့် ကျွန်းသစ်လုံးဖြတ်ပိုင်း၏ မျက်နှာပြင်သည် အချိုင့်အခွက်၊ အဖုအထစ်များ ဖြစ်ပေါ်နေသော်လည်း အနက်ဆုံးနေရာသည် တစ်လက်မခွဲ၊ နှစ်လက်မထက် မပိုသဖြင့် နှစ်ပေါင်း

PDF Compressor Free Version



၇၀ ကျော် ခံစားခဲ့ရသည့် သဘာဝဒဏ်အပေါ် မည်မျှ ကြံ့ကြံ့ခံနိုင်ကြောင်း သက်သေပြနေသလိုရှိသည်။



ဘုတ်ပြားပေါ်တွင် ကျွန်းသစ်၏ ထူးခြားသော ဂုဏ်သတ္တိများကို ရေးသားဖော်ပြခဲ့သည်။ (၁) အရောင်အဆင်း လှပခြင်း (၂) ညက်ညောခြင်း (၃) ကြာရှည်ခံခြင်း (၄) ကျုံ့ကြွမှု မရှိခြင်း (၅) ပုံသဏ္ဍာန်တည်မြဲခြင်း (၆) နိုင်ခံ့ပေါ့ပါးခြင်း (၇)ရေတွင်ပေါ်ခြင်း (၈) မှိုမတက်၊ ခြမစားခြင်း (၉) ဆွေးမြေ့မှုမရှိခြင်းဟူသည့် အချက် ၉ ချက်ဖြစ်သည်။ အဆိုပါဂုဏ်သတ္တိများအား ယခုကျွန်းသစ်လုံးဖြတ်ပိုင်းပေါ်တွင် မျက်ဝါးထင်ထင် တွေ့မြင်ကြရပေမည်။

သူမတူသည့် ဂုဏ်သတ္တိများကြောင့်ပင် အနောက်နိုင်ငံများတွင် မြန်မာ့ကျွန်းဖြင့် ပြုလုပ်သော ပရိဘောဂများသည် ကြွယ်ဝချမ်းသာမှု၏ ပြယုဒ်အဖြစ် ဖော်ညွှန်းစရာဖြစ်ရကြောင်း၊ ပင်လယ်ဆားငန်ရေဒဏ်ခံနိုင်ခြင်း၊ ကျုံ့ကြွမှုအနည်းဆုံးဖြစ်ခြင်းတို့ကြောင့် ပင်လယ်ရေကြောင်းသွားသင်္ဘောများ တည်ဆောက်ရန် အကောင်းဆုံး သစ်မျိုးဖြစ်သည်ကို နယ်ချဲ့အင်္ဂလိပ်တို့ သိရှိသွားပြီး ကျွန်းသစ်ကိုရယူလိုမှုကြောင့်ပင် မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့၏ ကိုလိုနီဘဝရောက်ရှိခဲ့ကြောင်းများကိုပါ ဘုတ်ပြားမှာ ရေးသားဖော်ပြခဲ့သည်။

မြန်မာ့သမိုင်းကြောင်းကို ပြောင်းလဲပစ်နိုင်သည်အထိ ကျွန်းသစ်၏အရေးပါမှုနှင့် ပတ်သက်သော ထိရောက်သည့် သတင်းစကားကို ပါးနိုင်ခဲ့ပြီဟု ပီတိဝမ်းသာဖြစ်ရသည်။



ပြကွက်ကို တရားဝင် မပြသနိုင်မီမှာပင် DVB အပါအဝင် သတင်းဌာနများက သတင်းအနံ့ရပြီး ဗီဒီယိုရိုက်ကူးထုတ်လွှင့်ကြသဖြင့် တောအုပ်ကြီး မျိုးသူဝင်းနှင့် တောအုပ်ကြီး တင်လင်းအောင် တို့နှစ်ဦး လက်မလည်အောင် ရှင်းပြနေရတော့သည်။




၂၀-၁-၂၀၁၈ ရက်နေ့တွင် လင်းနို့ဂူ၌ နှစ်ကွင်းများကဖော်ပြနေသည့် ကျွန်းပင်ကြီး၏ ခေတ်ပြိုင်သမိုင်းပြကွက်ကို ဆင်ယင်ပြသနိုင်ခဲ့သည်။

ဆွဲဆောင်မှု အရှိဆုံး၊ စိတ်ဝင်စားမှုအရဆုံး ပြကွက်လည်းဖြစ်ခဲ့သည်။ ထိုနေ့က စစ်ကိုင်းတိုင်းဒေသကြီး ခရီးရှည် ကားမောင်းပြိုင်ပွဲရဲ့ ပထမနေ့ဖြစ်ပြီး မော်တော်ကားများ ညအိပ်ရပ်နားမှုနှင့် တိုက်ဆိုင် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်များ၊ မော်ဒယ်များလည်းရောက်ရှိလာရာ စည်စည်ကားကား ဖြစ်ခဲ့သလို သတင်းမီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခံရသဖြင့် ပြကွက်ကို ဝိုင်းဝန်းအကောင်အထည်ဖော်ခဲ့ကြသည့် တောအုပ်ကြီး မျိုးသူဝင်း၊ တောအုပ်ကြီး တင်လင်းအောင်၊ တောအုပ် သိန်းလွင်နှင့် သစ်သားထည်များကို လက်စွမ်းပြဖန်တီးပေးခဲ့ကြသော တောအုပ် ဝင်းသူရကြီးမှူးသော မုံရွာမြို့မှ သစ်သားလက်မှုပညာရှင် ဦးစောထီး၊ ဦးတင့်လွင်၊ ဦးမျိုးညွန့်၊ ဦးမြင့်ဇော်၊ ဦးကိုနီ၊ ဦးကျော်ကြီး၊ ဦးသန်းထွန်းနိုင်တို့၏မျက်နှာများတွင် ပီတိအပြုံးများ တွေ့မြင်ရခြင်းက ပိန်းကြာရွက်တွင် ရေမတင်သည့်အလားမောသမျှ ပျောက်ကျပါတော့သည်။

နှစ်ကွင်းများက ဖော်ပြနေသော ကျွန်းပင်ကြီး၏ ခေတ်ပြိုင်သမိုင်းပြကွက်ကို ဖော်ဆောင်ခဲ့သည့် ကျွန်းသစ်လုံးနှင့်အတူ မြေအောက် ၁၁ ပေ အနက်က တူးဖော်ရရှိခဲ့သည့် ကျွန်းသစ် နောက်တစ်လုံးကို ဗုဒ္ဓရုပ်ပွားတော်များမထုလုပ်မီ ဟုမ္မလင်းမြို့နယ်၊ လွှစင်ကုန်းရွာ ပေါ်တော်မူကျောင်း ဆရာတော်က ၎င်း၏ ကျောင်းဝန်းအတွင်း အများပြည်သူ လေ့လာနိုင်အောင် ပြသထားသည်။

နောင်ပိုအောင်ရွာတွင် ဖွင့်လှစ်ပြသနိုင်ခဲ့သော ကိုလိုနီခေတ် ကျွန်းသစ်ပိုင်းများကို စိတ်ဝင်တစားရှိသူများထဲမှ နောင်ပိုအောင်ရွာသား ဦးအောင်နိုင်က ပေကုန်းရွာ ဘုန်းတော်ကြီးကျောင်းပြန်လည်ပြုပြင်ရာသို့ ရောက်ရှိစဉ် ပေကုန်းရွာသား ဦးဖေသောင်း ထုရိုက်နေသည့် ဝါးရိုးတပ် သံတူကြီးတစ်ချောင်းကို သတိထားမိခဲ့သည်။

တောင်းယူကြည့်ရှုတော့ ချင် နှင့် စကြာ ပုံ အမှတ်အသားပါနေတာကိုတွေ့ရသဖြင့် ကိုလိုနီခေတ်ကျွန်းသစ်လုံးများတွင် ရိုက်မှတ်ထားသော တံဆိပ်များနှင့် ဆက်

PDF Compressor Free Version



စပ်နိုင်ကြောင်းသုံးသပ်မိပြီး ဟုမ္မလင်းမြို့နယ် သစ်တောဦးစီးဌာန၊ နောင်ပိုအောင်ဘီနယ်မှ တောခေါင်း ကျော်ထွန်းနိုင်(ယခုကွယ်လွန်) ထံ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် သတင်းစကားပါးလာသည်။ တောခေါင်းကျော်ထွန်းနိုင်က ဦးဖေသောင်းနှင့် ဆက်သွယ်ပြီး တံဆိပ်တုံးကို သွားရောက်ကြည့်ရှုခဲ့ရာ မျက်နှာပြင် ၂.၅ လက်မ × ၂လက်မ၊ အနောင့် ၄.၅ လက်မ (လက်ကိုင်ရိုး တပ်ဆင်ရန် အချင်း ၁ လက်မအရွယ်အပေါက်ပိုင်းပါ) ချင်နှင့် စကြာပုံသင်္ကေတတွဲလျက်ပါသည့် လေးထောင့်သံတံဆိပ်တုံး ၁ ခုကို လက်ခံရရှိခဲ့သည်။

ဦးဖေသောင်းက ၂၀၀၇ ခုနှစ်မှာ အိမ်ထောင်ကျပြီး အိမ်ခွဲဆောက်ရန်အတွက် မိဘများ၏နေအိမ်ဝင်းအတွင်း တိုင်ကျင်းတူးစဉ် မြေအောက်မှတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း၊ မည်သည့်အရာဟု မသိသဖြင့် တန်ဖိုးထားရကောင်းမှန်းမသိခဲ့ကြောင်း၊ အရိုးတပ်ပြီး တူသဖွယ် ထုရိုက်ရာတွင် အသုံးပြုခဲ့ကြောင်း ရှင်းပြသည်။





ဦးဖေသောင်းက ၎င်းအိမ်နီးချင်း ဦးစောလှထံတွင်လည်း သံတံဆိပ်တုံးတစ်ခုရှိနေကြောင်း သတင်းပေးပြီး ဆက်သွယ်ပေးသဖြင့် နောက်ထပ် သံတံဆိပ်တုံးတစ်ခု လက်ခံရရှိခဲ့သည်။ ဦးစောလှ၏ တံဆိပ်တုံးတွင် ဦးဖေသောင်း၏ တံဆိပ်မှာကဲ့သို့ **ချင်** နှင့် **စကြာပုံ** အမှတ်အသားများပါဝင်သော်လည်း လေးထောင့်ပုံ မဟုတ်ဘဲ အချင်း ၃ လက်မအရွယ် အဝိုင်းပုံသဏ္ဍာန်ဖြစ်သည်။ ၂ လက်မခွဲအရွယ်အနောင့်ပါရှိပြီး အနောင့်တွင် လက်ကိုင် ရိုးတပ်ဆင်ရန် အချင်း ၁ လက်မခန့်အပေါက်ပိုင်းပါသည်။






မိမိတို့၏ ကြိုးပမ်းချက်အပေါ် ပြည်သူများ၏ စိတ်ဝင်တစားရှိမှု၊ ပူးပေါင်းပါဝင်လာမှုကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီ ဖြစ်သည်။ သစ်တောသစ်ပင်အပေါ် ချစ်ခင်မှု၊ တန်ဖိုးထားမှု၊ ထိန်းသိမ်းရန်တာဝန်သိမှုတို့ကိုလည်း တစ်ပါတည်း တွေ့မြင်လိုက်ရသည်။

'အတွေးမှောင်တွင် ဝင်းလက် ×××× ရုတ်တရက်ဖြာရောင်ခြည်၊

ရွှေစည်းပုံကလေးနဲ့ နတ်မယ်လျှလေး ပေါ်လာသည်။

မြို့မနဲ့နှီးဆီ ×××× ဘာကြောင့် တူနေသည်၊

မှတ်လော့လူသား ×××× ထန်းဖို ထန်းလျက်လိုမြို့မကား ချိုအီ၊'

နှုတ်ဖျားသို့ ဆရာမြို့မငြိမ်းရဲ့ ချိုအီ အမည်ရှိသည့် သီချင်းစာသား တစ်ပိုင်းတစ်စ ရောက်လာသည်။

'မလိုင်အပြည့်နှီးဆီ မြို့မနဲ့တူပေသည် ×××× လက်ညှိုးလေးနဲ့ တို့ယက်တော့ ပါးစပ်ထဲနှီးဆီ ချိုအီ ချိုအီ ' လို့ ဆိုပြန်သေးသည်။

မြို့မတီးဝိုင်းကြီးရဲ့ ဂေါ်ဂေါ်ဂွိဂွိ တီးမှုတ်သံများက ထန်းဖို ထန်းလျက် အရသာလို နှီးဆီနဲ့ တူပါသတဲ့။

ကန့်ဘလူမြို့နယ်၊ လင်းနို့ဂူတွင် ပြသနိုင်ခဲ့သော ကျွန်းပင်ကြီး၏ခေတ်ပြိုင်သမိုင်းပြကွက်၊ ဟုမ္မလင်းမြို့နယ်၊ နောင်ပိုအောင်ရွာတွင်ပြသနိုင်ခဲ့သော ဂျပန်ခေတ် ကျွန်းသစ်လုံးအစိတ်အပိုင်းများ ပြကွက်နှင့် လွှစင်ကုန်းရွာ ပေါ်တော်မူကျောင်းတိုက်အတွင်း လေ့လာနိုင်သည့် ကိုလိုနီခေတ် ကျွန်းသစ်လုံးကြီး၏သမိုင်းဆိုင်ရာ အထောက်အထားများက သစ်တော သစ်ပင် ချစ်ခင်စိတ်၊ တန်ဖိုးထားထိန်းသိမ်းလိုစိတ်များ တိုးပွားလာစေရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့် ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ထိုမျှော်လင့်ချက်ကလေး ဝင်းလက်လာခြင်းသည်ပင် သစ်တောဝန်ထမ်းအဖြစ် ၃၆ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သူ မိမိအတွက် ထန်းဖို ထန်းလျက် ယက်ရသလို ချိုအီ ချိုအီ ရှိနေပါတော့သည်။

+++++

PDF Compressor Free Version



# ပျားကြီးတစ်အုပ်နှင့် စစ်ခင်းခြင်း

တင်ဝင်း

ကျနော့်ရဲ့ မိခင်အသင်းက ကယားပြည်နယ် လွိုင်ကော်ခရိုင်ရုံးဖြစ်ပါသည်။

ဒါပေမဲ့ ဒီရာသီ ကစားသမားအရွှေ့အပြောင်းမှာ ဘော်လခဲမြို့နယ် ကျွန်းစိုက်ခင်း ၅၀ ဧက ၆' × ၆' ကို အငှားချထားခြင်းခံရပါသည်။

ပြောင်းရွှေ့ကြေး အလွတ်ပျို့။ ကိုယ့်လစာကို ခရိုင်မှာပဲထုတ်ရတာ။ ၆ လပိုင်းထဲရောက်တော့ ပန္နက်လိုအပ်တာကြောင့် လုပ်သားများ (ကျား/မ) ၁၀ ယောက်ကျော်နှင့်အတူ စိုက်ခင်းဘေးက ဝါးတောကြီးထဲကို ပန္နက်ချွန်ရန် ဝင်ရောက်ခဲ့ပါသည်။

ဝါးတောကြီးက ပိန်းပိတ်နေအောင် ကောင်းလှပါသည်။

ခြင်နှင့်ဖြုတ် ပေါများချက်မှာလည်း ''သဲနှင့် ဆုပ်ပက်'' နေသလား ထင်မှားလောက်ပါသည်။

ဘော်လခဲမြို့၏ ပထဝီအနေအထားကို အနည်းငယ်မျှတင်ပြပါရစေ။ ဘောလခဲမြို့သည် အောက်ခံချောင်းကြမ်းပြင်ကို ကျောက်သားများဖြင့်ဖွဲ့စည်းထားသည့် 'ပွန်ချောင်း' နဘေးတွင် တည်ရှိပါသည်။

ပွန်ချောင်းသည် အောက်ဘက် မိုင် ၂၀ ခန့်မျှ စီးဆင်းပြီးသောအခါ ထူးချောင်းနှင့်ပေါင်းဆုံပြီး သံလွင်မြစ်အတွင်းသို့စီးဝင်သွားပါသည်။ ထိုနေရာတွင် ''ဖာဆောင်းမြို့''တည်ရှိပါသည်။

အဓိကတင်ပြလိုသည်မှာ ဘော်လခဲမြို့သည် ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၅၀၆' ဝန်းကျင်သာရှိပြီး၊ ဘေးပတ်လည်မှ တောင်တန်းများကာရံထားပါသဖြင့် လေဝင်လေထွက် လုံးဝမကောင်းပါ။

နွေရာသီအပူချိန်မှာ ရေနံချောင်း၊ ချောက်နှင့် တူညီနေပါသည်။ အဖိုးတန်သစ်မျိုးများဖြစ်သည့် ကျွန်း၊ သစ်ယာ၊ အင်ကြင်း၊ ပိတောက်၊ ရုံး၊ ရှား၊ သစ်မျိုးများ၊ ပေါက်ရောက်သည့် အဆင့်မြင့်( DUMD )Dry Upper Mixed Deciduous) အထက်ရွက်ပြတ်ရောနှောသော တောခြောက် ဖြစ်ပါသည်။

မြို့နယ်တစ်ခုလုံး၏ တည်ရှိနေပုံမှာ ဒယ်အိုးကဲ့သို့ဖြစ်နေပြီး လေအဝင် အထွက် မကောင်းပါသဖြင့် ဖြုတ်၊ ခြင်အလွန်ကိုက်ခြင်း ဖြစ်ပါသည်။

ဘော်လခဲသူ ဖြူဖြူလေးတွေ့လျှင်... 'ဖြုတ်ကိုက် ဝဲစွဲ ဘော်လခဲ ' လို့ပြောကြည့်ပါလားဗျ။

(ဘောလခဲသူတွေ ဒီ post ကို မဖတ်မိပါစေနှင့်)

ကျနော့်လုပ်သားများ ဖြုတ်ကိုက်ခံနေရပါသဖြင့် မီးဖိုပြီး...

'မီးခိုးအူ' ပေးရန်ရည်ရွယ်ချက်ဖြင့် မီးပျိုး (မီးမွှေး) လေရာ...

လုပ်သားများက ... 'ဆရာ မီးခိုးတွေအူလာလျှင် ပျားတွေလာလိမ့်မယ် မလုပ်နဲ့' လို့တားကြတယ်။

ကျနော်သိထားတာက ကျနော်တို့အောက်ပြည်အောက်ရွာမှာ စိုက်ခင်းပေါင်းခုတ်ရင်းနဲ့ ပျားအုံလေးတွေ့လျှင် ဆေးလိပ်မီးခိုးနဲ့မှုတ်လိုက်ပြီး ပျားတွေထွက်ပြေးတာနဲ့ ပျားအုံကို လက်နဲ့ယူပြီးစားလိုက်တာပဲ။

ဒီတော့ သူတို့ပြောတာကို 'နောက်တယ်' ထင်ပြီး ကျနော်ပြန်ပြောလိုက်တယ်။

ပျားတုတ်ခံဖူးသူ ကင်ဆာမဖြစ်ဘူး ကြားဖူးတယ်၊ ပျားတုတ်ခံလိုက်ဦးမယ်လို့ ... ကျနော်က နောက်ပြောင်လိုက်တယ်။

'ဒါဆိုမနေရဲတော့ဘူး သွားတော့မယ်' ဆိုပြီး ထွက်သွားကြတော့မှ၊ ကျနော်မီးပြန်သတ်ပါတယ်။မီးကအလွယ်နဲ့မငြိမ်းပါ။ ဒီတော့ပါလာတဲ့ သောက်ရေဗူးထဲက ရေနဲ့လောင်းချလိုက်တယ်။

အဲဒါဟာ အမှားလုပ်လိုက်မိတာပဲ။ မီးတောက်ကငြိမ်းသွားပြီး မီးခိုးတွေအူထွက်လာပါတော့တယ်။ ချက်ချင်းပဲ ပျား ၅ ကောင်လောက်ဟာ မီးခိုးထွက်တဲ့နေရာကိုရောက်လာပါတော့တယ်။

လုပ်သားတစ်ချို့ထွက်ပြေးသွားကြပြီ၊ တစ်ချို့က လက်ရှိနေရာက လုံးဝမလှုပ်ပဲ မှောက်လျက်၊ ဝပ်လျက် ငြိမ်သက် (သေယောင်ဆောင်)နေကြတယ်။

ကျနော့်ကိုလည်း ဆရာပြေးတော့ ပျားတွေလာနေပြီလို့ အော်ကြတယ်။ ဟုတ်ပါသည်။

PDF Compressor Free Version



ဝါးရုံပင်အုပ်တွေကြားမှာ အကောင်ကိုမမြင်ရပဲ၊ ဝီ ဝီ ဝီ မြည်သံတွေကိုကြားရတာဖြင့် ခြောက်ခြားစရာပါ။ (ငယ်ငယ်ကဆိုခဲ့တဲ့ ဝီဝီမြည်ကာ ပေတစ်ရာ၊ လမ်းမှာမစဲ ဘာသံလဲကွဲ့)

သူတို့တိုက်ခိုက်ဖို့ ရန်သူရှာနေပြီ။ သို့မဟုတ် ဗျူဟာခင်းနေတာဖြစ်နိုင်။

ကျနော်သည် တောထဲကနေ ကျွန်းစိုက်ခင်း အတွင်းရှိ နှမ်းခင်းကွက်အတွင်းသို့ ‘ချွတ်နင်း’ ဝင်လာခဲ့ပြီး၊ အခြေအနေကို တိတ်တဆိတ်စောင့်ကြည့်နေတယ်။

သည့်စဉ်မှာပဲ ဝါးတောအစပ်မှာ ကျနော့်လုပ်သားတစ်ယောက်ကို ပျားတွေဝိုင်းတုတ်နေတာတွေ့ရပါတယ်။ ကျနော်ဘယ်လိုကူညီရမလဲ တွေးနေစဉ်မှာ ‘‘ထိုအမျိုးကောင်းသားက’(အမှန်တော့ ငါကိုင်တုတ်ချင်တာ) ကျနော့်ထံကို သွေးရူးသွေးတန်းနှင့်ပြေးလာပါတော့တယ်…

ကျနော် ကျနော့်ကံကြမ္မာကို သိလိုက်ပြီ၊ ဒီနေ့ကံမကောင်းနိုင်တော့ …

သူ ကျနော်နားရောက်တာနဲ့တစ်ပြိုင်နက် သူ့ထံက ပျားတစ်ချို့က ကျနော့်ထံရောက်လာခဲ့ပြီး ကျနော့်ကို ‘ဝိုင်းတုတ်’ ပါတော့တယ်။

နားထင်၊နားရင်း၊နားရွက်တွေကို စီးကရက်မီးနဲ့ ထိုးသလိုခံစားနေရတယ်။

သူကတော့ဆက်ပြေးသွားပြီ။

ပျားကောင်ရေ ၂၀/၂၅ ကောင်လောက်က ကျနော့်ကို ပယ်ပယ်နှယ်နှယ်တွယ်ပါတော့တယ်။ တောကြီးပျား၊ ပျားဝါကျားကြီးတွေ။

ကျနော်ပြေးဖို့မစဉ်းစား။ ပြေးလျှင်လည်း ကျနော့်ဗိုက်နဲ့ လွတ်အောင်မပြေးနိုင်။

ပြန်ချဖို့ဆုံးဖြတ်လိုက်တယ်။ ပျားကဝင်တုတ်ကျနော်ကရိုက်သတ်၊ကျနော် အချက်၂၀လောက် အတုတ်ခံပြီးချိန်မှာ အနည်းဆုံး ၁၀ ကောင်လောက် သတ်လိုက်နိုင်တယ်။ ဒီလောက်ဆိုအခြေအနေကောင်းလောက်ပြီ ထင်ပြီး ခေါင်းပေါ်မော့ကြည့်လိုက်တယ်။

အိုက်.စ်…! ရန်သူအင်အားက သုံးဆလောက်ပိုတိုးလာတယ်။

ဒီကောင်တွေ… ‘‘ရထားလား… ရထားလား၊ မာလာ တယော… ထန်းခွဲမယ်…’’ ဘာညာမလုပ်ရဘဲ စစ်ကူတွေ လိုသလောက်ရနေပုံပဲ။

ဌာနချုပ်တပ်ရင်းပျားအုံကြီးနဲ့ CCTV ချိတ်ဆက်ထားသလား၊ မတွေးတတ်တော့ချေ။

ကျနော်တော့ …‘ဒုက္ခ နဲ့ လှလှ’တွေ့ချေပြီ။

သူငယ်ချင်း အေးစိုးပြောလေ့ရှိတဲ့၊

အာ့မှာစတွေ့တာပဲ မခိုင်နှင့်မာတ်တိုင်ဆိုတာမျိုး။ လူကြီးသူမတွေပြောတာကြားဖူးတယ်။ ပျားတုတ်ခံရတာလူကိုလှည်းနဲ့တင်သွားရတယ်။

‘ပျားတုတ်ခံရတာ ဆေးရုံတောင် တက်ရတယ်’ ဆိုတာမျိုးတွေ တွေးမိပြီး၊ ကြက်သီးတွေ ‘ဖြန်းကနဲ ဖြန်းကနဲထ’ လို့ ခေါင်းမွေးတွေထောင်အောင် လန့်လာ။

ကျနော် မခံနိုင်တော့ ပြေးလည်း မပြေးနိုင်။ ရုတ်တရက် အကြံတစ်ခုရလိုက်တယ်။

အနီးမှာရှိတဲ့ ဝါးရုံငုတ်တို (ဝါးမုတ်ဆိတ်)တွေထဲကို ခေါင်းထိုးထည့်ပြီး ဝှက်ထားလိုက်တယ် ဒူးထောက်လျက်နဲ့ပေါ့။

အပေါ်ပိုင်းကဝါးရုံထဲမှာ၊ အောက်ပိုင်းကဘောင်းဘီနဲ့ဖိနပ်က ပျောက်ကျားစိမ်းဆိုတော့ ရန်သူတွေ ကျနော့်ကို မျက်ခြည်ပြတ်သွားပုံရတယ်။

ဝါးရုံငုတ်ပေါ်နဲ့ ပတ်လည်မှာ ဝီ ဝီ မြည်သံညံနေဆဲ၊ ကျနော် ငြိမ်နေတယ်။

သုံးမိနစ် ဝီ… တုန်းဘဲ။

၁၀ မိနစ် ဝီ သံတိတ်သွားပြီ။

ကျနော့်တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေပြီ၊ နေကပူ ပျားဆိပ်ကတက်တော့ အာခေါင်ခြောက်ပြီး ရင်တွေ ဆိုးဆိုး ဆတ်ဆတ် တုန်လာတယ်။

ဝါးမုတ်ဆိတ်ထဲမှာပဲ ခဏမှိန်းနေလိုက်တယ်။ ခဏအကြာမှာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေတယ်။ ရန်သူတပ်ပြန်ဆုတ်သွားပြီ။

ကျနော့်ထံ ပျားတွေခေါ်လာသူအသံကိုလည်း မကြားရတော့။

ဟေမာနေဝင်းသီချင်းလို ‘‘ကမ္ဘာ… ကမ္ဘာ အဝေး… ’’ဘယ်ကမ္ဘာထိ ပြေးလေသည်မသိ ဆိုသလို။

ကျနော် အားပြန်ပြည့်လာတော့ ဝါးရုံထဲကထွက်ပြီး မတ်တပ်ရပ်၊ ပတ်ဝန်းကျင်ကို အခြေအနေကြည့်နေစဉ်မှာပဲ…ပျားတစ်ကောင်ဟာ ဝီကနဲမြည်သံနှင့်အတူ ဝင်ရောက်တိုက်ခိုက်ပါတော့တယ်။

(သူတို့မှာ ကင်းထောက်ပျားတွေရှိတယ်။)

တစ်ဆက်တည်းပဲ အကောင် ၃၀/၄၀ ရှိတဲ့ပျားအုပ်ကြီးတစ်အုပ်စုဖွဲ့ပြီး ကျနော့်ကို အပြင်းအထန် တိုက်ခိုက်ပါတော့တယ်။

ကျနော် အလွန်တုန်လှုပ်သွားတယ်၊ တကယ့်ကို စနစ်တကျ အကွက်စေ့စေ့ခြေမှုန်းတတ်တဲ့ရန်သူနဲ့ ရင်ဆိုင်နေရတာကို နားလည်လိုက်ပြီ။

ကျနော်ဒီနေရာမှာ ဆက်နေလျှင်အသက်အန္တရာယ်ရှိနိုင်။ ဒီနေရာကနေ စိုက်ခင်းအပြင်ဘက်မှာရှိတဲ့ ကျနော့်

PDF Compressor Free Version



စလွန်းကားနဲ့ သံကြိုး ၄၀ လောက်ဝေးတယ်။ အဲဒီကိုပြေးတယ်။ ရန်သူရဲ့တိုက်ခိုက်မှုက ပိုမိုပြင်းထန်လာတယ်။ အင်အားလည်းပိုများလာတယ်။

ခုခံမှုက မရှိတော့ 'ဒလကြမ်း' တိုက်စစ်ဆင်ခံရတဲ့သဘောပဲ။ ကျနော်ဗျူဟာသုံးရမယ်။ ဗြိတိသျှ စစ်ဆုတ်ခွာတဲ့နည်း။ 'အောင်မြင်စွာစည်းကမ်းတကျဆုတ်ခွာ' ဆိုတာကို သတိရလိုက်တယ်။

ကျနော် မပြေးတော့ဘဲ နှစ်လှမ်း သုံးလှမ်း လှမ်းလိုက်၊ လက်ဝါးနှစ်ဖက်နှင့် ဖြောင်းကနဲ ဖြောင်းကနဲ ရိုက်လိုက်...မျက်နှာကိုအုပ်ထားလိုက် ...နားထင်၊ ပါး၊ ဖက်ပိုးက ကောင်တွေကို ဖြန်းခနဲ... ဖြန်းခနဲ ရိုက်လိုက်ပေါ့။ (ဒီအချိန်မှာ ကျနော့်ကိုသောက်မြင်ကပ်တဲ့ကောင်တွေ မြင်သွားရင် အရမ်းဝမ်းသာကြမှာ။ ကိုယ့်ပါးကို ကိုယ်ရိုက်လိုက်၊ ကိုယ့်နားရင်း ကိုယ်အုပ်လိုက်နဲ့။)

အင်္ကျီက လက်ရှည်၊ ကြယ်သီးအစုံတပ်ထားတာဆိုတော့ ...သူတို့ပစ်မှတ်က မျက်နှာတစ်ဝိုက်ပဲ။ ဒါကိုသိလို့...မျက်စိမျက်ဆန်ကို သတိထားကာကွယ်နေရတယ်။

စိုက်ခင်းအတွင်း လမ်းကလေးအတိုင်း လျှောက်လာရင်း နှမ်းတောင်ယာသားရဲ့ တဲအသစ်လေးနဲ့နီးလာပြီ။ တဲလေးက ဆောက်ပြီးခါစ...လူမနေသေး။

စောစောက ကျနော့်လုပ်သားတစ်ချို့ အဲသည့်တဲပေါ်မှာ လျှို့ဝှက်ငြိမ်နေကြသည်။

သူတို့အဖွဲ့တွေ ကျနော့်ကိုတွေ့တော့.. အတော်ကြင်နာသနားနေပုံရတယ်။ သံယောဇဉ်ကြီးစွာလှမ်းအော်တယ်။ 'ဆရာ... နောက်မှာ ပျားတွေအများကြီးပဲ ...ဒီကိုမလာနဲ့ ဝေးရာကနေသွား၊ ကျမတို့ပါ ထပ်ပြေးနေရဦးမယ်' တဲ့ဗျား။

ကျနော့်စိတ်ထဲက '---- တွေ ဒီတစ်ခါ ပူလွန်းလို့အအေးလေးတိုက်ပါပြောကြည့်၊ နင်တို့ ထန်းလျက်ခဲပဲရမယ်'လို့တွေးနေမိ။

ကျနော် ပြန်အော်တယ် 'မလာလို့ရမလားဟ၊ ဒီတစ်လမ်းပဲရှိတာ...ခြံစရာပုဆိုးတစ်ထည်လောက်ရှိရင် ပစ်ပေးစမ်းပါ'

သူတို့ ပြန်အော်တယ်... 'တဲကအသစ် လူမနေသေးဘူး ဘာပုဆိုးမှမရှိဘူး' တဲ့။

'ဒါဆို နင့်ထမီပေး' လို့ ရွဲ့ပြီး အော်လိုက်တော့ ... 'အမလေး ထမိန်တော့ မပေးနိုင်ပါဘူးတော်' တဲ့။ ရယ်သံတွေလည်းကြားရတယ်။

အမှန်တစ်ကယ်သာ သူမ ထမီချွတ်ပြီး ပစ်ပေးရင် ကျနော် ထမီခြုံမိမလား မခြုံမိဘူးလားမသေချာ။

"အသက်ကို အရှက်နဲ့ လဲပစ်လိုက်ချင်မိ"

"လင်းတဖြစ်လည်း ဖြစ်စေတော့" ဆုံးဖြတ်ရတော့မလို့။

သွားစရာကလည်း ဒီခြေလမ်းပဲရှိ။ ဒါတောင်လမ်းကမဖုံ။ ဘေးကနှမ်းခင်းကြီးက အမြင့်က လူတစ်ရပ်ကျော်ရှိတာ။ တိုးလို့မရပါ။

တဲလေးက လှေကားသုံးထစ်နှင့် အမြင့်။

ရန်သူတိုက်ခိုက်မှုကလည်း ကျနော့်ကိုသာ ပစ်မှတ်ထားနေလေတော့ သူတို့အတွက် အရမ်းမစိုးရိမ်ပါ။ ဒီအချိန်မှာ တဲအတွင်းကယောက်ျားတစ်ယောက် လှေကားဘက်ကိုထွက်လာတာတွေ့တော့ ကျနော့်ကို လာကူပြီထင်ပြီး.. ဝမ်းသာနေတုန်း၊ သူကလှေကားအပေါ်ဆုံးထစ်ကနေ နှမ်းခင်းထဲကို လွှားကနဲ ခုန်ချသွားလေရဲ့၊ ပြီးတော့ နှမ်းပင်တွေထဲမှာ ပုန်းနေတာ။

ကျနော်လည်း စိတ်ထဲကနေ 'တာရိုးကသွား' လို့ ဆဲလိုက်တယ်။ ဒီအချိန်မှာပဲ...

အမျိုးသမီးတစ်ယောက်က တဲပေါ်က မြန်ဆန်စွာဆင်းလာပြီး ဆန်အိတ်ခွံတစ်ခုကို ကျနော့လက်ထဲ 'ဆတ်'ခနဲ ထည့်ပြီး၊ 'လှစ်'ကနဲ တဲပေါ်ပြန်တက်သွားတယ်။ သူမအော်ပြောတယ် 'ဆရာ အဲဒါခြုံသွား' တဲ့။

ကျနော် သူမအတွက်စိုးရိမ်သွားမိ၊ ဒါပေမဲ့ သူမရဲ့အော်ငြီးသံ မကြားရလို့ စိတ်သက်သာရာရ။

ယောက်ျားတစ်ယောက် ပြေးပုန်းသွားတဲ့ အချိန်မှာ မိန်းမတစ်ယောက်ရဲ့ ကူညီဝံ့တဲ့သတ္တိကို လေးစားမိ။

ကျနော် သူမကို ကောင်းကောင်းသိသည်။ သူမအလုပ်ပြီးလို့ ညနေအိမ်ပြန်လျှင် မျှစ်ချိုးထည့်ပြီး ခေါင်းနှင့်ရွက်သွားတဲ့ တစ်တင်းခွဲဝင် ဆန်အိတ်လေး။

တစ်ဆက်တည်းမှာအဒေါ်တစ်ယောက်ရဲ့ ပြောသံကိုပါကြားလိုက်ရတယ်။

'ဆရာရေ...မကူနိုင် မကယ်နိုင်နဲ့ သနားလိုက်တာ၊ ကြည့်တောင်မကြည့်ရက်တော့ပါဘူး။ ကားဆီကိုသာ ရောက်အောင်သွားတော့ဆရာရေ' တဲ့။

ကျနော့်ရင်ထဲ လှိုက်ကနဲ ဝမ်းနည်းစိတ်ဝင်လို့ အမေ့ကိုတမ်းတမိပါရဲ့။

ကျနော် ဆန်အိတ်ခွံကို ဦးခေါင်းကနေ စွပ်ချလိုက်တယ်။ ကိုက်လက်စ ပျားတစ်ချို့ကတော့ ဆန်အိတ်ခွံထဲပိတ်မိနေ။

ဒါပေမဲ့ ဆန်အိတ်ခွံနဲ့ ကျနော့် ခန္ဓာကိုယ်က ကွက်တိ fitting ဖြစ်နေ၊ လက်တွေကလည်းလှုပ်မရ၊ မျက်လုံးလည်းမမြင်ရတော့။

ပျားတွေလည်း ဆန်အိတ်ခွံကြီးကို တဒုန်းဒုန်းထိုးနေကြ။

ဒါကို တဲပေါ်ကအဖွဲ့တွေက အားမလိုအားမရဖြစ်

PDF Compressor Free Version



နေကြ။ လှမ်းအော်တယ် 'ဆရာပြေးတော့လေ' တဲ့။

ကျနော်လည်း ဒေါကန်ပြီး ပြန်အော် ...'နင့်အမေလွှား ဘာမှလည်း မမြင်ရ လှုပ်လို့လည်းမရတာ ဘယ်လိုပြေးရမှာလဲဟ'။

ကျနော် အိတ်ခွံကို ဖြည်းဖြည်းခြင်းအပေါ်ကို လိပ်တင်။ မျက်စိက ခြေလှမ်း ငါးလှမ်းစာမျှ လမ်း၏ လားရာနှင့် အနိမ့်အမြင့်ကိုမှတ်၊ မှန်းဆပြီး ခြေလှမ်းကို လှမ်း။ ဒီလိုနဲ့ သံကြိုး ၂၀ လောက်ခရီးရောက်ခဲ့ပြီ။

တပည့်တစ်ယောက်က လှမ်းမေးတယ်... 'ဆရာ ဘာဖြစ်လာလို့လဲ' တဲ့။ ကျနော်က 'ပျားတွေ ငါ့နောက်မှာ ပါလာတယ်၊ ဝေးဝေးနေ ' လို့ပြောလိုက်တာ၊ နှမ်းခင်းထဲမှာ ရိပ်ကနဲပျောက်သွားတယ်။ ကျနော် နာနေတဲ့ ကြားက တစ်ယောက်တည်းရယ်မိ။

ဒီအချိန်မှာ အမြင်ကပ်သူတစ်ယောက်လောက်ကို လက်ကိုင်ပြီး ဖက်လှဲတကင်းနှုတ်ဆက်ရလျှင် သိပ်အရသာရှိမှာပါပဲလို့လည်းတွေးနေမိ။

တွေးနေစဉ်မှာ ကျနော့်နောက်ဘက်က ငြီးသံကြားလို့ အသာလှည့်ကြည့်ရာ ကျနော့်လုပ်သား လူငယ်လေး တစ်ယောက်။ သူ့ခေါင်းပေါ်မှာလည်း ပျားတစ်အုပ်ပါလာတယ်။

သူကဘောင်းဘီနဲ့ အပေါ်အင်္ကျီက Raper ဝတ်တဲ့လက်ရှည် ခေါင်းစွပ်နဲ့ဟာမျိုးဆိုတော့... ခေါင်းစွပ်နဲ့ မျက်နှာကို အုပ်ထားတော့ ခံသာတာပေါ့။

ကျနော်ကပြောတယ်။

''ငါ့တူ သွားနှင့်၊ ငါကမြန်မြန်လျှောက်လို့မရဘူး။ ကြာနေမယ် သွားနှင့်၊ ကားတံခါးပိတ်မထားဘူး' လို့ ပြောတော့။ သူက ''ရပါတယ်၊နောက်ကပဲ လိုက်မယ်'' တဲ့။ ကျနော့်စိတ်ထဲမယ် တွေးနေမိတယ်။

လူငယ်ပေမဲ့ လူမှုရေးစိတ်လေးတော့ရှိသားပဲ။ငါ့ကို ကူညီချင်လို့ အတူလိုက်လာတာနေမယ်ပေါ့။

ဒါနဲ့ ကျနော်က သေချာအောင်ထပ်ပြောပါတယ်။

'မင်း သွားနှင့်လိုက်ပါ ငါနောက်က ဖြည်းဖြည်းပဲလိုက်ပါမယ်'လို့။ ဒီတော့မှ သူကပြောတယ်။

''ဦးလေးကလည်းဗျာ... ကျနော်ရှေ့ကသွားရင် ဦးလေးဆီကပျားတွေပါ... ကျနော့်ကို လိုက်တုတ်တော့မှာပေါ့ဗျ။ ရှေ့ကတော့ မသွားဘူးဗျာ'' တဲ့။

ကျနော် ကိုယ့်ကိုယ်ကို ကျိန်ဆဲလိုက်မိတယ်။ ''မှတ်ပလားကွ... တောင်ဝင်း'' လို့။

ကျနော်တို့နှစ်ယောက်ကားထဲ ဝင်လိုက်တယ်။ ရန်သူတွေ ကားထဲထိ ဝင်လိုက်လာတယ်။

လေမရှိလို့လားမသိ ...ကားထဲရောက်တော့ မ'တုတ်'နိုင်တော့ပဲ အပြင်ပြန်ထွက်ဖို့ အပေါက်ရှာပြီး မှန် မှာကပ်နေကြတယ်။

ကျနော့်ဒေါသက မီးတောင်ပေါက်ကွဲသည့်နယ်။ ''ဒီတစ်ခါငါ့အလှည့်ကွ''လို့ အော်ပြောရင်း ပထမဆုံးကောင်ကို ဆတ်ကနဲဖမ်းပြီး ပါးစပ်ထဲ ထည့်လိုက်တယ်၊ သုံးလေးချက်ဝါးပြီး မြိုချပစ်လိုက်တယ်။

ခါးသက်သက်နဲ့ အာခေါင်ယားတယ်။

နောက်ကောင်တွေကို တစ်ကောင်ပြီး တစ်ကောင် စိစိညက်ညက်ကျေသည်အထိ လက်နဲ့ ဖျစ်'' သတ်ပစ်လိုက်တယ်။

လက်စားခြေခွင့်ရတယ်ဆိုတာလဲ ချိုမြိန်သောသစ်သီးတစ်လုံးပဲ ဖရန့်ရေ ...

ကားထဲကအကောင်တွေကို ကျနော် 'အမုန်းကြေးဆပ်'နေစဉ်အချိန်မှာ အပြင်မှာ ပျားအုပ်ကိုတွေ့သေးတယ်။

ကားထဲကကိစ္စပြီးတော့ကားပြင်ထွက်ပြီး 'လူလုံးပြ'တယ်။ ရည်ရွယ်ချက်က ကားအတွင်းကို အသားနာခံကာ မျှားခေါ်ပြီး လက်စားချေဖို့ပဲ။

ဒါပေမဲ့ တစ်ကောင်မျှမတွေ့တော့အောင် ပျောက်သွားခဲ့ကြပြီလေ။

ကျနော်လည်း အထိနာသွားခဲ့ပြီ။

ကားထဲက လက်ကျန် နှစ်ပက်လောက်ကို ရေမရောဘဲ 'ကစ်'ထည့်လိုက်တယ်။ ဒီတော့မှ နေသာထိုင်သာရှိသွားတယ်။

ကျနော် ဘောလခဲကို ပြန်ခဲ့တယ်။

ကျနော့်တပည့်တစ်ယောက်က လူတစ်ယောက်ကို ဆိုင်ကယ်နှင့်တင်ခေါ်လာတယ်။

ပါလာသူကိုကြည့်လိုက်တော့ စိုက်ခင်းထဲမှာ ပျားတုတ်တုန်းက ပျားတွေကိုကျနော်ထံအရောက် သယ်လာတဲ့ ''ကျနော့်ကျေးဇူးရှင်'' ဖြစ်နေတယ်။

တပည့်ကပြောတယ်... ''ဆရာ ဒီလူ အခြေအနေ မဟန်ဘူး၊ အန်တာ ငါးခါရှိပြီ'' တဲ့။

ဟုတ်ပါ၏။ သူ့မျက်နှာသွေးမရှိသလို ဖြူဖပ်ဖြူရော်။ ကျနော်သူ့ကိုမေးတယ်။

'မင်းဘယ်ထိအောင်ပြေးတာလဲ'

သူက... ''ကျနော် ရေကျထိအောင်ပြေးတာဆရာ ရေထဲစိမ်နေမှ ပျားတွေပြန်သွားတော့တာ၊ ဒါတောင် ရေပေါ်မှာ ဝဲနေတာ အကြာကြီးပဲ၊ ခေါင်းပေါ်တာနဲ့ တုတ်တော့တာပဲ''တဲ့။

ရေကျ ဆိုတာက ပျားတုတ်တဲ့နေရာနဲ့ဆို နှစ်မိုင်ခွဲလောက် ဝေးတယ်။ ကျနော်သဘောပေါက်ပြီ။

ပျားဆိပ်ဟာ ကျောက်ကပ်ကို တိုက်ခိုက်တာ၊

PDF Compressor Free Version



ပျားတုတ်ခံရသူဟာ ချက်ချင်းရေမချိုးရဘူးဆိုပဲ၊ ဒါကြောင့် အန်တာနေမှာ။

သူ့ကို ဆေးရုံပို့တော့ ဆရာဝန်ကြီးက လိုအပ်တာတွေ လုပ်ပေးပြီးဆေးရုံတင်ခိုင်းပါတယ်။ ဆေးရုံက ကျနော့်ရုံးနှင့် မျက်နှာချင်းဆိုင်မှာရှိတာပါ။ ကျနော်နှင့် ရင်းနှီးကြပါသည်။

သူနာပြုတစ်ယောက်က ''သစ်တောဆရာ... လာခဲ့ ဆေးထိုးရမယ်'' ဆိုတော့...

ကျနော်က ''ဆရာမ ကျနော်ကပျားတုတ်ခံရပေမဲ့ ဘာမှမဖြစ်ပါဘူး အန်လည်းမအန်ဘူး'' လို့ပြောတော့၊ ယောင်ကားနေတဲ့ ကျနော့်မျက်နှာကြီးကိုကြည့်ပြီး ရယ်ချင်စိတ်ကို ထိန်းထားပုံနှင့် တစ်ဖက်ကိုလှည့်သွားတယ်။

ကျနော် ဆေးရုံက ပြန်လစ်လာခဲ့တယ်။

အိမ်ရောက်တော့ ကျနော့်ဆေးကို ခပ်ပြင်းပြင်း ဖျော်စပ်ပြီး လေးပက်ကျော် ထပ်ချလိုက်တယ်။

တောစီးဖိနပ်တောင် မချွတ်နိုင်ပဲ အိပ်ရာ ကုတင်ပေါ် မှောက်နေလိုက်တယ်။ တစ်ကိုယ်လုံး နာကျင်နေတယ်။ ညဦးနက်တော့မှ အိပ်ပျော်သွားတယ်။

နောက်နေ့နံနက်ကျတော့ အိပ်ရာကထဖို့ တစ်ကိုယ်လုံးနာကျင်နေတယ်။ ကုန်းရုန်းထပြီး လေးပက်လောက် ခပ်ပြင်းပြင်းလေး 'တီးထုတ်ပစ်' လိုက်တယ်။

Pick me up ပေါ့။ OK ပါ ခတ်ကြမ်းကုတာပ။

ပျားဆိပ်က ၂၄ နာရီကျော်တာနဲ့ လျော့ကျသွားပါသတတ်။ ဆေးရုံက လူနာလည်း သုံးရက်ပြည့်တော့ ဆင်းခဲ့ပါသည်။ ok ပါပဲ။

ဟုတ်ကဲ့ ... ပေးလိုတဲ့ Massage ကတော့ ဘော်လခဲခရိုင်ထဲက တောကြီးတွေမှာ မိုးတွင်းအခါ မီးမမွှေးပါနှင့်။ တောကြီးပျားများ လာရောက် တိုက်ခိုက်တတ်ပါသည်။

တောကြီးပျား(ပျားဝါကျား)များ အတုတ်ခံရပါက ချက်ချင်းရေချိုးရန်မသင့်ကြောင်းပါ ခင်ဗျား ။ ။

(အဲသည့်နှစ်က ကျနော့်စိုက်ခင်းသည် December Counting ၌ အမြင့်ဆုံးအပင်မှာ ၁၁' ၁၁" ရှိပါသည်။ တစ်ခင်းလုံး၏ ပျှမ်းမျှအမြင့် ၄' ၈" ဖြစ်ပါသည်။

ကျွန်းရွက်ကြီးများမှာ 'ဇကော' လောက်ရှိပါသည်။ ပညာရှင်တစ်ဦးက ''ခင်များစိုက်ခင်းရဲ့ ကြီးထွားနှုန်းက Tissue Culture ကို မီတယ်ဗျ''ဟု ပြောပါသည်။ ဤသည်ကား ကြွားခြင်း တစ်မျိုးတည်း။)

*××**×********



# လိုက်လျောညီထွေ

မင်းစာနွယ် (အောင်လံ)

- တို့ကမ္ဘာမြေ၊ ဖျားနာနေသတဲ့
  သူ့ရဲ့ကိုယ်ပူ၊ တလူလူတက်
  နေ့ရက်ကြာလေ ပိုဆိုးလေ။

- ကမ္ဘာမြေသား၊ နေစားအကျင့်
  ချင့်ချိန်မှုနည်း၊ အလွဲများကြောင့်
  အမှောင့်ပယောဂ ဝင်ခဲ့ပေ။

- ကမ္ဘာမြေအား၊ လွှမ်းထားရစ်ပတ်
  လေအထပ်တို့၊ အငွေ့ဓာတ်စုံ
  အဖုံဖုံမှာ၊ လိုတာထက်ပို
  အလိုအောက်လျော့၊ ဖျော့တော့မှုများ
  ကုစားခြင်းမှာ၊ နည်းနာနစ်ရပ်
  သတ်မှတ်လိုက်နာ၊ ပညာရှင်များဆိုထားသည်။

- မှန်လုံအိမ်အာနိသင်၊ လေတွင်လျှော့ချ
  ပထမနည်း။ ထင်း မီး လောင်စာ
  စွမ်းအင်သာမက၊ ပြန်အသုံးချခြင်း
  အမှိုက်တွင်းပုံစံ၊ နည်းနာကြံဆ
  လိုက်နာကြရန် အကြံပြုသည်။

- ရာသီဥတု၊ ပြောင်းလဲမှုနောက်
  အောက်ကသဘော၊ လိုက်လျောညီထွေ
  နေတတ်ကြဖို့၊ ဒုတိယနည်း
  မပျက်စီးမြေ၊ ရေနဲ့သစ်တော
  ကျန်းမာသောစနစ်၊ အပြစ်နည်းအောင်
  ပြုဆောင်ကြရန် အကြံပြုသည်။

- ငါတို့တစ်တွေ၊ လိုက်လျောညီထွေ
  အခြေအနေကြည့်၊ မီးစင်ကြည့်က
  အမြဲနေကြမှာလား။

- ကမ္ဘာမြေကျန်းမာ၊ ပြန်နာလန်ထဖို့
  ငါတို့ကုစား၊ အဖျားလည်းပြတ်
  ကိုယ်ပူရပ်အောင်၊ စွမ်းဆောင်မလား
  ဦးစားပေးတစ်ခု ရှိသင့်ပြီ။

PDF Compressor Free Version



# An Old Forester Looks Back. Five – Climate Change Enabling Activities in Myanmar

By

U Sein Thet, B.Sc (For), M.Sc (ANU), MIFA
Director (Retired), Ex-Chairman, FREDA.

As Myanmar is located in the centre of the southwest monsoon, heavy rain induced floods occur in many parts of the country. The coastal area, with its shore line covering more than 50% of the entire eastern side of the Bay of Bengal and the Andaman Sea, is particularly prone to cyclones and associated strong wind, heavy rain and storm surge. With an estimated population of 51.4 millions (2014), of which two-thirds reside in rural areas, Myanmar is the largest country in South-East Asia and among the region's most ethnically-diverse. Categorised as one of the world's least-developed states, Myanmar ranks 149 out of 187 countries and territories assessed in the 2011 United Nationals Development Programme (UNDP) Human Development Report: with a Human Development Index (HDI) of 0.483, significantly below the regional averages of 0.6713. Myanmar is exposed to various climate hazards such as cyclone, heavy rain, flood, extreme temperatures, drought and sea level rise. The events may be further complicated by climate change due to global warming. Regular exposure to environmental hazard and vulnerability to the effects of climate change also exacerbate existing constraints on socio-economic development in Myanmar. Coastal regions are exposed to cyclone, tropical storms and tsunamis, while hilly areas further north suffer from periodic landslides often associated with environmental degradation. Rainfall-induced flooding is a recurring phenomenon across the country, with the risk of earthquakes similarly widespread.

The Government of Myanmar has taken several steps to address the impact of environmental stresses on socio-economic sectors. These include policies, strategies, plans and programmes that focus on i) sustainable development; ii) sustainable utilization of natural resources; iii) forest conservation; iv) disaster risk reduction; and v) environmental protection. Almost all the ministries have laid out policies, objectives and strategies for developing their respective socio-economic sectors. These strategies are indirectly related to climate change adaptation as they encourage sustainable development of socio-economic sectors and this "sustainable aspect" overlaps in general with adaptation strategies for reducing climate change impacts.

Myanmar ratified UNFCCC on 25 November, 1994 as a Non-annex I Party. Due to national circumstances, the country participated in the UNFCCC only few years after the ratification. Very limited participation of Myanmar experts and national delegations to the Convention since them. Hence, the progress of climate change in the country has been behind other parties in all areas. Nevertheless, the participation of Myanmar in the ALGAS project during the 1990s helped the national experts to learn inventory and mitigation research, the only experiences they had received until the implementation of its Initial National Communication (INC) in 2008.

Myanmar launched an INC-project in 2008 with the financial assistance from GEF/UNEP. The project formed a management structure similar to other countries. Under the supervision of the National Climate Change Committee, chaired by Director-general of MOECAF, the Project Management Team, composed mainly of the national study team leaders, oversaw the project activities. Six working groups were established: (i) Inventory and Mitigation Option Analysis; (ii) Vulnerability and Adaptation Assessment; (iii) Development and Transfer of Environmentally Sound Technologies; (iv) Research and Systematic Observation; (v) Education, Training and Public Awareness, and (vi) Compilation of the National Communication. Each working group was composed of a number of experts drawn from both the public and the private sectors, including NGOs. Each working group prepared their respective chapters that constituted the INC report.

In 2011, Myanmar launched a NAPA project with financial assistance from GEF/UNEP[1], a project management team and a multidisciplinary integrated assessment team[2] was established to carry out the study. Department of Meteorology and Hydrology was the responsible agency for the project. Priority Adaptation Projects as well as sectors were selected/prioritized using participatory discussions and analyses including expert opinion as well as community and cultural/traditional knowledge. The project identified 32 adaptation projects. Capacity building, knowledge and monitoring requirements were

PDF Compressor Free Version



considered and contrasted across all 32 Priority Adaptation Projects. Sectors in which Priority Adaptation Projects should be implemented first include: 1) **Agriculture, Early Warning Systems and Forest** (First Priority Level Sectors). This is followed by: 2) Public Health and Water Resources (Second Priority Level Sectors); 3) Coastal Zone (Third Priority Level Sector); and 4) Energy and Industry, and Biodiversity (Fourth Priority Level Sectors).

Despite being a relatively low greenhouse gas (GHG) emitter, Myanmar wishes to undertake a series of actions to demonstrate its commitment to climate change mitigation and options for adaptation. The Country has submitted its Initial National Communication and is processing to submit the 2nd National Communication, it has a National Adaptation Plan of Action (NAPA) prepared in 2012. A number of sectoral actions are being conducted to address climate change. Importantly, Myanmar has launched and is implementing the Myanmar Climate Change Alliance Programme (MCCA) within the Ministry of Environmental Conservation and Forestry (MoECAF) Now Ministry of Natural Resources and Environmental Conservation (MONREC) executed by UN-Habitat and UNEP with funds from the European Union. Under this framework, and in order to promote sustainable growth and address both the challenges of climate change mitigation and adaptation, works has begun to develop a National Climate Change Strategy (NCCS) and sectoral action plans. Forest Department has endeavored to conserve and rehabilitate forested areas inside watersheds to ensure sustainability of watersheds and to protect sedimentation inside dams and reservoirs by formulating Action Plans for establishing Watershed Plantation in Watershed area of Major Dams, Reservoirs and Water Sources based on five year intervals. The Disaster Risk Reduction Working Group (DRR WG) was formed in 2008, during the early recovery phase of cyclone Nargis, and has since grown into a diverse network of agencies working for DRR interventions in Myanmar. Nowadays, the Government of Myanmar has been promoting Green Economy Green Growth for the sustainable development of the country. Union Level, Myanmar Climate Change Alliance (MCCA) was formed in October 2013 in order to handle climate change related issues effectively.

According to V&A working group of Myanmar INC; In the vulnerability assessment, six potential climate change impacts are selected such as tropical storm/strong wind, flood/storm surge, intense rain, extreme day temperature, drought and sea level rise. The climate change impacts are applied to three selected vulnerability indicators from water resources sector, agricultural sector, forestry sector, health. Sector, coastal zone sector and biodiversity sector. The highest score is shown at health sector which is followed next by sectors of biodiversity, water resources, forestry, coastal zone and agriculture.

In ***public health sector***, maximum score is (5.3) in Ayeyarwady Region which is followed by Rakhine State, Taninthayi Region, Bago Region and Mon State. Minimum score is (2.0) in Chin State. In ***biodiversity sector***, maximum score is (4.7) in Sagaing Region followed by Rakhine State, Bago, Ayeyarwady, Taninthayi Regions and Mon State. It is minimum (1.1) in Yangon Region.

In ***water resource sector***, maximum score is (4.5) in Mandalay and Bago Region followed by Ayeyarwady Regions and Kayah State. It is minimum (0.7) in Taninthayi Region. In ***coastal zone sector***, Maximum score is (2.9) in Ayeyarwady Region followed by Rakhine State, Yangon Region, Bago Region and Mon Sate. It is Minimum (1.3) in Taninthayi Region. There is no score in the remaining eight inland States and Regions.

In ***agriculture sector***, maximum score is (1.6) in Ayeyarwady Region followed by Bago, Sagaing. Mandalay and Magway Regions. It is minimum (0.2) in Chin State.

Myanmar's climate is changing and climate variability already affects communities and socioeconomic sectors in the country. Some climate change impacts are already observable and there is broad scientific consensus that further change will occur. Even with significant global climate mitigation (activities and technologies that reduce greenhouse gas emissions), economic sectors. Local communities and natural ecosystems in Myanmar will be strongly affected by climate change as a result of the missions already in the atmosphere. Adaptation is therefore necessary for reducing Myanmar's vulnerability to climate variability and change. National Adaptation Programmes of Action (NAPAs) serve as simplified, rapid and direct channels for Least Developed Countries to identify and communicate priority activities to address their unguent and immediate adaptation needs. NAPAs emerged from the multilateral discussions on adaptation measures writhen the UN Framework Convention on Climate Change (UNFCCC) Myanmar's NAPA therefore specifies **32 priority activities (referred to as Priority Adaptation Project)** for effective climate

PDF Compressor Free Version



change adaptation for eight main sectors/themes (i.e. four Project Options per sector/theme), namely; i) Agriculture; ii)Early Warming Systems; iii)Forest; iv)Public Health; v)Water Resources; vi)Coastal Zone; vii)Energy, and Industry; and viii) Biodiversity. Like all other developing countries, especially LDCs, mitigating climate change and adapting to is impacts is not easy task for Myanmar. Capacity-building is greatly needed in every level and in all aspects of addressing climate change. Human, scientific, technical and institutional capacity must be developed and strengthened. Capacity-building with respect to climate change is considered to be a process seeking to build, develop, strengthen, enhance and improve existing scientific and technical skills, capabilities and instructions to prevent, mitigate and adapt climate change and its impacts. It is therefore important to identify an effective approach that can enhance and improve the capacity, capability and skills of the developing countries for addressing climate change. In Myanmar, there are many departments and organizations under each ministry. Therefore, each ministry can also make its own capacity-building needs assessment; identification and formulation of priority capacity-building project; and mobilization of funds and other resources for implementing the capacity-building projects. Human resources, institutions, policies and regulatory structures, financial and investment instruments all need to be expanded and developed as new technologies are introduced. In other words, climate change related capacity-building should be carried out on a continuous basis in order to effectively address global warming and climate change threats.

Myanmar has identified mitigation actions in forestry sector in line with its sustainable development needs, conditional on availability of international support, as its contribution to global action to reduce future emissions of greenhouse gases. By 2030, Myanmar's permanent forest estate (PEE) target is to increase national land area as forest land with the following percent of total land area:

Reserved Forest (RF) and Protected Public Forest (PPF) = 30% of total nationalland area.

Protected Area Systems (PAS) = 10% of total national land area

The GoM is following the implementation plan as set out in the 30-Year National Forest Master Plan (2001-30). To develop its capacity to meet such ambitious targets, Myanmar has set about a number of activities under the plan at the national and regional level.

*Sustainable Water Resources Development Standing Committee (SWRDSC) was established by the Presidential order on 29 Nov 2012. It is chaired by the Vice President (2) U Nyan Tun and has (18) members in total at the start. Later on, few selected internationally and locally outstanding, water experts in their respective fields of expertise were invited to join SWRDSC. Since then, SWRDSC has consulted the wider audience of Myanmar professionals, international and local experts, fellow citizens, civil society organizations and government officials as well as global water leader occasionally and informally. All of them expressed their concerns and stressed the need for a single piece of water framework legislation to resolve current and potential water problems, which includes water shortage, water-related disasters and water pollution in Myanmar. In response to this, SWRDSC presented a concept proposal for a Water Frame Directive. There is no specific Water Resources Management (WRM) law in Myanmar so far. But there exist number of legal frameworks and legislations, some dealing directly and other indirectly. All of them deal with the general protection of the environment in one way or another.*

The USD$ 7.9 million, four-year project, "Addressing Climate Change Risk on Water Resources and Food Security in the Dry Zone of Myanmar", was launched in Mandalay on 17 Feb 2015. The project would be conducted in central, lowland Myanmar, one of the most climate-sensitive and resource-depleted regions in Myanmar. The Dry Zone is home to 34% of the country's total population. Water scarcity, resulting from longer and more severe droughts is the biggest threat to livelihood here. A majority of the households spend most of their time and effort fetching water for drinking and other uses, depriving them of income generating opportunities. Through the project, small scale water management infrastructure such as canals, community ponds, and water pumps and tube wells will be put in place to ensure a continuous supply of freshwater during the dry season in 280 villages. Five thousand hectares of watershed area will be rehabilitated to improve erosion control. The project also aims to provide timely and accurate climate risk information that would enable farmers to better plan crop planting during the dry season.

This project seeks to reduce the vulnerability of farmers in Myanmar's Dry Zone to increasing

PDF Compressor Free Version



drought and rainfall variability, as well as enhance their capacity to plan for and respond to future climate change impacts on food security. The strategy is to reduce the risks and effects from recurring drought, floods and erosion through an integrated water management, crop and livestock adaptation programme in five of the most vulnerable townships of Myanmar's Dry Zone. Project activities will be based on principles of local empowerment and implemented by grassroots organizations such as farmer groups, communal forest user groups, community-based organizations and local NGOs. It is anticipated that the project will reduce food insecurity and losses from extreme climate events in 42,000 households. The Adaptation Fund is financing US$ 7.9 million of this four-year initiative, with co-financing from the United Nations Development Program (UNDP) {US$.624,998} and the Government of Myanmar {US$.554,181}, Some examples of the project activities are: establishing freshwater capture and storage capacities in 280 villages to ensure fresh water supplies; rehabilitating and protection Approximately (5000) ha of micro-watersheds to increase water retention and reduce erosion; diversifying livestock production systems to buffer the effects of drought on local populations; and development of climate hazard maps to assist in community risk management and preparedness planning.

Climate Change adaptation is a key priority for Myanmar. Initiatives have already been undertaken to mainstream adaptation into national development such as in the water, health, forestry and agriculture sectors. This is because Myanmar is particularly vulnerable to weather extremes like floods and droughts. Meteorological modeling predicts that these and other climate change impacts will become more severe and frequent in the future. The Central Dry Zone is already experiencing a regular worsening of droughts and regional -level adaptation action plans are in place to address those sectors which have been particularly affected. In July 2014, heavy seasonal rains landslides and strong winds throughout Myanmar, in particular in the lower parts of the country caused damage, flooding, landslides and the collapse of riverbanks in several regions. The most affected states regions are Ayeyarwady, Bago, Kayin, Magway, Rakhine, Shan, Taninthayi and Yangon.

Poor understanding of climate change adaptation benefits as a result of limited on the ground adaptation intervention demonstration and researches to enhance resilience to climate change without access to replicable demonstrations and researches government decision makers and resource users do not have the tools and knowledge necessary to decrease climate change vulnerability.

Since developing countries such as Myanmar generally lack or have insufficient financial, technical and technological resources for adaptation research activities, the developed country Parties and other developed Parties included in Annes II shall also assist the developing country Parties that are particularly vulnerable to the adverse effects of climate change in meeting costs of adaptation research to those adverse effects.

At present, Myanmar can be identified as a low-stress country concerning with water use, and it is one of the rich-water-resources countries among the ASEAN countries. According to the present situation of water utilization, Myanmar can share its water resources on annual basis for selling power and distribution of drinking water if there is a consensus for Global Water Partnership or regional partnership. According to Vulnerability and Adaptation (V&A) working group of Myanmar's Initial National Communication (INC), in the vulnerability assessment, six potential climate change impacts are selected such as tropical storm/strong wind, flood/storm surge, intense rain, extreme day temperature, drought and sea level rise. In ***water resource sector***, maximum score is (4.5) in Mandalay and Bago Region followed by Ayeyarwady Region and Kayah State. It is minimum (0.7) in Taninthayi Region.

As in other countries, Myanmar is also affected by the change of abnormal weather conditions such as climate change. It is clear that, as a consequence of global warming by greenhouse effect, extension of desertification, degradation of forest cover area, frequent occurrence of extreme events such as floods and droughts in unusual regions and rising of seawater levels, are giving warning signals and alerting us to take necessary precautions to reduce those impacts in time. Since developing countries such as Myanmar generally lack or have insufficient financial, technical and technological resources for mitigation and adaptation projects, programmes and research activities, the developed country Parties and other developed Parities included in Annex II shall also assist the developing country Parties that are particularly vulnerable to the adverse effects of climate change in meeting costs of mitigation and adaptation on projects, programmes and research to those adverse effects, including water resources management.

PDF Compressor Free Version



ဖိုးမောင် (ကျောက်ခွက်ကြီးရိုး)

# တံပူတို့ပင် တောင်လိုပုံခဲ့ပြီ

မူလတန်းဖတ်စာမှာ သင်ခဲ့ရတဲ့ အကြောင်းအရာထဲက မှတ်မိနေတဲ့စာသားလေးကို ဆောင်းပါးခေါင်းစဉ်တတ်ပြီး ရေးဖို့စီစဉ်နေတာကြာပါပြီ။ တင်ပြဖို့အချက်အလက်မပြည့်စုံသေးတာနဲ့ မရေးဖြစ်ခဲ့တာပါ။

မူလတန်းတုန်းက ဖတ်စာဆိုတော့ ပြည့်ပြည့်စုံစုံမမှတ်မိတော့ပါ။

ပုံပြင်လေးကိုတော့ တော်တော်များများ မှတ်မိကြမှာပါ။ ရှေးအခါ ပုဂံနေပြည်တော်ကြီး စည်ပင်သာယာဝပြောစဉ်အခါက စာမတတ်တဲ့ ရဟန်းတစ်ပါးမင်းနေပြည်တော်မှာ သီတင်းသုံးနေထိုင်တော်မူခဲ့တယ်။ ရဟန်းဝါတော်တော်လေးရလာပေမဲ့ စာပေကျမ်းဂန်တွေကို လေ့လာလိုက်စားခြင်းမရှိတော့ လုံးဝစာမတတ်ပါဘူး။ ဒီလိုနဲ့နေလာလိုက်တာ..

တစ်နေ့တော့ နေ့စဉ်အသုံးပြုပြီး စွန့်ပစ်ထားတဲ့ တံပူတွေကြည့်ပြီး တံပူတို့ပင် တောင်လို ပုံခဲ့ပြီ၊ ငါတစ်နေ့ တံပူတစ်ထောက်မျှစာသင်ခဲ့မယ်ဆိုရင်၊ ခုလောက်ဆို ပုဂံနေပြည်တော်မှာ ကျမ်းတတ်အကျော်အမော်တစ်ဦးဖြစ်လို့နေရှော့မယ်။ အချိန်မနှောင်းသေးဘူးထင်ပါရဲ့၊ နာမည်ကြီးဆရာမထေရ်ကြီးထံသွားပြီး စာသင်ဦးမှပဲလို့ အကြံ ဖြစ်သတဲ့။ ဆရာမထေရ်တစ်ပါးထံရောက်ပြီး အကျိုးအကြောင်းလျှောက်ထားတော့'ကိုယ်တော်ရယ်၊ အသက်ကလည်း ကြီးလှပါပြီ၊လေ့လာသင်ယူဖို့မဖြစ်နိုင်ပါဘူး၊ကျည်ပွေ့အတက်ပေါက်မှသာဖြစ်နိုင်ပါလိမ့်မယ်' ဆိုပြီးငြင်းလွှတ်လိုက်သတဲ့။

ဒါပေမဲ့ ရဟန်းကြီးကလည်း လက်မလျှော့ပါဘူး။ စာပြပေးနိုင်တဲ့ အခြားမထေရ်ကြီးတွေထံကနေ တစ်နေ့တစ်နေ့ တံပူ တစ်ထောက်စာ နေ့တိုင်း စာသင်ပါသတဲ့။ ဒီလိုနဲ့ကြိုးစား သင်ယူလိုက်တာ နှစ်အနည်းငယ်ကြာတော့ ပုဂံမင်းနေပြည်တော်မှာ စာတတ်အကျော်အမော်ရဟန်းတစ်ပါးဖြစ်လာခဲ့ပါသတဲ့။

စာသင်ခန်းထဲမှာ အဲဒီပုံပြင်လေးကို ပြောပြီး ဆရာက ကျနော်တို့ကို စာကြိုးစားဖို့ ဆုံးမပါတယ်။ ဆရာပြောတဲ့ပုံပြင်က နားလည်သလိုတော့ ရှိပါတယ်။ ဒါပေမဲ့ မေးခွန်းတွေက ခေါင်းထဲမှာ အချိန်အကြာကြီးစွဲနေတယ်။ အဲဒီရဟန်းကြီးက တံပူကို ဘာလို့နေ့စဉ်သုံးတာလဲ။ ဘာအတွက်သုံးတာလဲ၊ ဘာဖြစ်လို့ တစ်နေ့တစ်ချောင်း သုံးတာလဲ။ တံပူတစ်ထောက်က ဘယ်လောက်ရှည်လဲ– စသဖြင့် မေးခွန်းတွေ ဆရာ့ကို မေးချင်တာ အများကြီးပဲ။ ဒါပေမဲ့ မမေးရဲဘူး။ ဒီအတိုင်းကျက်ပြီး နှုတ်တိုက်ရွတ်နိုင်အောင် မှတ်ထားလိုက်တယ်။ ဒါကြောင့် တစ်ချို့စာသားတွေ မှတ်မိနေတာပါ။

၂၀၁၅ ခုနှစ်မှာ ပင်းတယမြို့နားက ပင်စိမ်းပင်ရွာကို အလုပ်ကိစ္စနဲ့ရောက်တော့ ဒေသပေါက်ပင်တွေကို စပ်စုမိတယ်။ အသိမိတ်ဆွေဖြစ်တဲ့ ကိုဉာဏ်တင်က ရွာပတ်ဝန်းကျင်အနှံ့လိုက်ပို့တယ်။ သူပြောတာတော့ ဗမာစကားပဲ၊ ဓနုသံဝဲဝဲနဲ့ဆိုတော့ ဘာသာပြန်နဲ့မှ စကားပြောလို့ရတယ်။ တစ်ချို့စကားတွေကို နားမလည်ဘူး။ တစ်နေရာရောက်တော့ 'ဆရာကြီး.. ဒီအပင်က ဒဘူပင်လို့ ခေါ်တယ်။ ကျနော်တို့အရပ်မှာတော့ အကိုင်းကို ချိုးပြီးသွားတိုက်တယ်။ စာရေးမယ်ဆိုရင်တော့ တံပူပင်လို့ရေးမှာပေါ့ ဆရာရယ်' ပြောရင်းနဲ့ သူက လက်တွေ့လုပ်ပြတယ်။

သူ့ရှင်းပြမှ ငယ်ငယ်က ဆရာ့ကိုမမေးရဲလို့ အဖြေမရခဲ့တဲ့ ပုစ္ဆာတစ်ခုအတွက် အဖြေကို ရုတ်တရက်ရလိုက်ပါပြီ။ ဒါပေမဲ့ မေးစရာတွေက ပေါ်လာပြန်ပါရောလား။ ဘာဖြစ်လို့ ပုဂံမှာပေါက်တဲ့အပင်က ရှမ်းပြည်နယ်မှာတွေ့ရတာလဲ၊ အပင်ရော နာမည်တူပြီး အမျိုးအစားကွဲနေမလား။ အသုံးပြုပုံနည်းစနစ်ကရော ဘာလို့လာတူနေတာလဲ။

လိုချင်တဲ့အဖြေရဖို့ ဓနုတိုင်းရင်းသားများအကြောင်း လိုက်လံစပ်စုမိသည်။ နီးစပ်ရာ စာကြည့်တိုက်မှာတော့ ထိုကဲ့သို့ စာအုပ်စာပေများမတွေ့ရပေ။ အင်တာနက်မှာရှာကြည့်တော့ သဲလွန်စတစ်ချို့ကိုရလိုက်ပါတယ်၊ ပါးစပ်သမိုင်းတစ်ခုမှာ ပုဂံပြည်အလောင်းစည်သူမင်းကြီးသည်ရှမ်းတောင်တန်းသို့ တိုင်းခန်းလှည့်လည်စဉ်... လေးသည်တော်တို့သည် ထိုအရပ်၌ နေထိုင်ကျန်ရစ်ခဲ့ကြသည်ဟု ဆိုကြသည်။

အခြားပါးစပ်သမိုင်းတစ်ခုမှာ အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်လာစဉ် ယောက်ဖဖြစ်သူလည်းပါလာခဲ့သည်။ ထိုသူသည် အပျော်ကြူးခြင်း ဝါသနာပါရကား ဒုံးလွှတ် ကစားလေ့ရှိသည်။ တစ်နေ့တွင် ဒုံးမှန်၍သေလေရာ မင်းကြီးက ထိုနေရာတွင် မြို့တည်၍ မိမိအခြွေအရံအချို့ကို နေရာချထားခဲ့ရာမှ ဓနုလူမျိုးများဆင်းသက်ပေါက်ဖွားလာကြသည် ဟုဆိုပါသည်။ ခိုင်လုံသော သက်သေအထောက်အထားမရှိပေ။

ပုဂံခေတ်မြန်မာများနှင့် ယနေ့ခေတ် ပင်းတယနယ်တစ်ဝိုက်မှ ဓနုလူမျိုးများ ဆက်နွယ်မှုရှိခဲ့သည်ကတော့ အမှန်ပင်ဖြစ်ပေမည်။ တံပူပင်ကဲ့သို့ပင်အခြားသောဝေါဟာရတူသည့် စကားလုံးများ များစွာရှိနိုင်ပါသည်။ တူညီသည့် ဓလေ့ထုံးတမ်းအစဉ်အလာများလည်းရှိနိုင်ပါသည်။ ဓနုတိုင်းရင်းသားများ၏ ယဉ်ကျေးမှုကိုလေ့လာရာတွင် ထည့်သွင်း လေ့လာသင့်သည့် အချက်များဖြစ်ပါသည်။

ဒီတစ်ခေါက်ပုဂံရောက်ရင် တံပူပင်လေးတွေများ တွေ့နိုင်မလား ရှာကြည့်ပါဦးမည်။

PDF Compressor Free Version



နောက်ကျောဖုံးမှအဆက်

အရွက်နုများထွက်ချိန်တွင် အရွက်နုများတွင် ငွေရောင်ရှိ၍ ပိုးချည်မျှင်ကဲ့သို့ နူးညံ့သော အမွေးနု ကလေးများပါရှိသည်။ အရွက်များ ကြီးရင့်လာသည့်အခါ အရွက်များမှာ သားရေကဲ့သို့ ပျဉ်းတွဲပြီး အရွက်မျက်နှာပြင်မှာ အစိမ်းရင့်ရောင်ရှိ၍ပြောင်ချောနေသည်။ သို့ရာတွင် အလယ်ကြောရိုးမကြီးအောက်၌ ငွေရောင်အမွေးများ ခပ်ကြဲကြဲပါရှိကြသည်။ သစ်မွှေးရွက်၏ အလျားသည် ၂ လက်မမှ ၃ လက်မအထိရှိပြီး ဖြက်မှာ တစ်လက်မခွဲခန့် ရှိသည်။

ရွက်ညှာများမှာလည်း အလွန်တိုကြသည်။ အပင်ခြေရင်း၌ အခေါက်ကိုခုတ်၍ အခေါက်အခွံကို ခွာကြည့်လျှင် အခေါက်အဖတ်သည် အပင်အမြင့်ဆုံးအထိ ရောက်အောင်ခွာ၍ရသည်။ အခေါက်၌လည်း လျှော်မျှင်များပါရှိသည်။ သန်စွမ်းသည့်အပင်များသည် အခေါက်ခွာရန် လွယ်ကူသော်လည်း ဒဏ်ရာအနာများနှင့် မသန်စွမ်းသောအပင်များရှိအခေါက်ကိုခွာကြည့်ပါက ပြတ်ပြတ်သွားသည်ကို တွေ့ရှိရသည်။

**ပန်းများ**

ပန်းများသည် လိင်စုံပန်းများ ဖြစ်ကြသည်။ ပန်းအရောင်မှာ အဖြူ သို့မဟုတ် ဖြူစိမ်းရောင်ရှိသည်။ ပန်းအရွယ်အစားသည် အချင်း ၀.၆ လက်မမှ ၀.၈ လက်မခန့်ရှိသည်။ ပန်းအညှာမှာ ၀.၆ မှ ၁.၀၀ စင်တီမီတာခန့် အထိရှည်သည်။ ပန်းများသည် ဧပြီလ နှင့် မေလ အတွင်း ဖူးပွင့်ကြသည်။ ရေ မြေ ရာသီဥတုနှင့် သင့်လျော်စွာ ပေါက်ရောက်သည့်အပင်များသည် ၅ နှစ်သား အရွယ်မှစ၍ ပန်းများပွင့်ကြသည်။

**အသီးများ**

အသီးများသည် ဘဲဥပုံ ဆန်ဆန် အသီးလုံးဖြစ်ပြီး အချင်း ၂.၀၀ မှ ၂.၄၀ စင်တီမီတာ အထိ ရှိသည်။ အသီးလုံးများမှာ ကိုင်းဖျားတွင် စုပြုံ၍ သီးကြပြီး အသီးတစ်လုံးမှ ဆယ်လုံးအထိ အပြွတ်လိုက် သီးကြသည်။ အသီးလုံးများတွင် အလယ်၌ အမြှောင်းပါရှိသည်။ အသီးတစ်လုံးတွင်လည်း အမြှောင်းခြမ်းအတိုင်း အစေ့ တစ်စေ့ သို့မဟုတ် နှစ်စေ့ပါရှိသည်။ ရင့်မှည့်သည့်အခါ အခြမ်း ၂ ခြမ်းကွဲအက်၍ အစေ့များ ထွက်ကျလာပါသည်။ ရင့်မှည့်သည့်တိုင်အောင် အသီးအရောင်မှာ ပြောင်းလဲခြင်းမရှိဘဲစိမ်းနေသည်။ အသီးအတွင်းရှိ အစေ့များသာ အညိုရောင်၊ အနက်ရောင်သို့ပြောင်းလဲသွားသည်။ အစေ့များမှာ ပြောင်ချောနေသည်။

**အစေ့**

သစ်မွှေးစေ့များသည် ပျမ်းမျှအရှည် ၁/၄ လက်မခန့်ရှိပြီး အဖျားချွန်၍လုံးသည်။ ရင့်မှည့်သည့်အခါ အစေ့များမှာပြောင်ချောပြီး အနက်ရောင်ရှိသည်။ မိုးရာသီ၌ရင့်မှည့်ပြီးကြွေကျကုန်သည်။ အပင်မကြီးအောက်၌ အလေ့ကျအပင်ငယ်များ ပေါက်ရောက်နေသည်ကိုလည်း တွေ့ရှိရ သည်။ သစ်စေ့စုဆောင်းလိုပါက ကြွေကျကျချင်း မိုးရာသီ အပင်မပေါက်မီ စုဆောင်းသင့်ပါသည်။

**ဓမ္မတာမျိုးဆက်ခြင်း**

အသီးများ ရင့်မှည့်ပြီး ကြွေကျသည့်အခါ မိုးရွာသွန်းချိန်ဖြစ်၍ ဓမ္မတာမျိုးဆက်ခြင်းကောင်းမွန်သော်လည်း ပေါက်ရောက်သည့် တောများမှာ အမြဲစိမ်းသစ်တောများဖြစ်ပြီး၊ မိခင် အပင်မကြီးအောက်တွင် အလင်းရောင်ကောင်းစွာ မရရှိနိုင်သဖြင့် အပင်များပျက်စီးကြရသည်။ နေရောင် ကောင်းစွာရရှိသည့်နေရာများတွင် ဓမ္မတာမျိုးဆက်ခြင်း ကောင်းမွန်သည်ကို တွေ့ရှိရသည်။

**သစ်မွှေး**

မြန်မာတိုင်းရင်းဆေး အခေါ်အဝေါ်မှာ အကျော်ပင်ဟုခေါ်သည်။ သစ်မွှေးသည် ပင်စည်ကိုခွဲစိတ်ပြီး ရရှိသည့် သစ်သားမဟုတ်ပါ။ အရွယ်ရောက်သည့် သစ်မွှေးပင်ကို ရာသီဥတုကြောင့်သော်လည်းကောင်း၊ သားငှက်တိရစ္ဆာန်ပိုးမွှားများကြောင့်သော်လည်းကောင်း၊ ပင်စည်၌ ဒဏ်ရာအနာတစ်ခုခု ရရှိသောကြောင့်လည်းကောင်း ပင်စည်အတွင်း၌ မှိုများ ဝင်ရောက်စွဲကပ်ပြီး ပင်စည်အတွင်းရှိ ဆဲလ်များပျက်စီးပြီး အမြုတေသဘောမျိုး အဆီ အခဲဖြစ်လာပြီး ကြာမြင့်သည့်အခါ ၎င်းအဆီအခဲသည် အဖြူရောင်မှ အညိုရောင်၊ အနက်ရောင်အထိ အဆင့်ဆင့်ပြောင်းလဲလာကာ အနှစ်အခဲ ဖြစ်လာသည်ကို သစ်မွှေးဟုခေါ်ကြသည်။ အကောင်းဆုံးသစ်မွှေးမှာ ကျွဲချိုကဲ့သို့မာကြောပြီး အနက်ရောင်ရှိသည်။

တစ်ခါတရံ သစ်မွှေးပင်များလဲကျပြီး သစ်သားများ ဆွေးမြေ့သွားသည့်အခါ မဆွေးဘဲ ကျန်ရစ်ခဲ့သည့် သစ်မွှေးများလည်း မြေပြင်ပေါ်၌ တွေ့ရှိရတတ်သည်။

**ဥပဒေဖြင့်ကာကွယ်ခြင်း**

သစ်တောဝန်ကြီးဌာန၏ ၁၉၄၇ ခုနှစ် အရေးကြီးသည့်ကုန်စည်ပစ္စည်းများနှင့် လုပ်ဆောင်မှုများ အက်ဥပဒေ( The Essential Supplics and Servic Act 1947) ပုဒ်မ ၃ တွင်ပါရှိသည့် အခွင့်အာဏာများကို သုံးစွဲလျက် သစ်မွှေး သို့မဟုတ် အကျော်ပင်များကို အများပြည်သူတို့အတွက် အရေးကြီးသော သစ်ပင်မျိုးအဖြစ် သတ်မှတ်ပြီး သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်လိုင်စင် တစ်စုံတစ်ရာမပါရှိဘဲသော်လည်းကောင်း လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီမဟုတ်လျှင်သော်လည်းကောင်း ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ခွဲစိတ်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ သုံးစွဲခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်းမပြုရန် ဥပဒေဖြင့်တားမြစ်ထားပါသည်။

စာမျက်နှာ (၄၆) သို့

PDF Compressor Free Version



# ကျွန်ုပ်နှင့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ပင်လယ်များ



ကြည်ဦး၊ အုပ်ချုပ်ရေးမှူး
လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်

ကျွန်ုပ်သည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့ဇာတိဖွားဖြစ်သည်နှင့်အညီ မြစ်၊ ချောင်း၊ အင်းအိုင်နည်းပါးရာဒေသဖြစ်သဖြင့် ရေများများမြင်ချင်ကြည့်ချင်လျှင် ကြက်မောင်တောင်ဆည်သို့ သွားသွားကြည့်ရပါသည်။

ထိုသို့ မိုးနည်းရပ်ဝန်းဒေသသား (ယခုတော့ပုပ္ပါးတောင်ကတုံးသျှောင်ထုံးပြီးချိန်မှ ရာသီဥတု ညီညွတ်မျှတ၍ အပူပိုင်းဒေသ အိုအေစစ်ဖြစ်နေပါပြီ)အား ရေများနှင့်ဖူးစာဆုံဖို့အကြောင်းဖန်ခဲ့ပါသည်။

ထိုစဉ်က ပုပ္ပါးတောင်ဘေးမဲ့တောမှ ဦးသိန်းအောင် (တောအုပ်ကြီး) (ယခုငှက်ဝါသနာရှင်အသင်း ဒုဥက္ကဋ္ဌ ဒေါက်တာသိန်းအောင်)သည် ကျွန်ုပ်၏ ဆွေမျိုးသားချင်းများနှင့်ခင်မင်ရင်းနှီးကာ သူသည် ပုပ္ပါးမှ ထမံသီဘေးမဲ့တောသို့ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ဝန်ထမ်းအဖြစ် လျှောက်ထားနိုင်ကြောင်း ကျောင်းပြီး၍ အလုပ်မရှိဖြစ်နေသည့်ကျွန်ုပ်အား ပြောကြားလာပါသည်။ ၁၉၉၄ ခုနှစ် တွင် စတင်ဖွင့်လှစ်ခဲ့သည့် ထမံသီဘေးမဲ့တော၏သမိုင်းစာမျက်နှာတွင် ကျွန်ုပ်သည် နေ့စားအဖြစ်ပါဝင်ခဲ့ပါတော့သည်။

Wildlife Conservation Society (WCS) နှင့် ထိန်းသိမ်းရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သလို Turtle Survival Alliance (TSA) နှင့် လည်း တိုက်လိပ်မျိုးဆက်ပွားရေးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ တောပစ်မှုဆိုးများ၏ တူမီးသေနတ်နှင့် ရင်ဝထောက်ခြင်းကိုလည်း ၂ ကြိမ်ကြုံတွေ့ခဲ့ရပါသည်။

၁၉၉၆ ခုနှစ်တွင် တောခေါင်း၊ ၂၀၀၁ ခုနှစ်တွင် တောအုပ်၊ ၂၀၀၉ ခုနှစ်တွင် တောအုပ်ကြီးရာထူးများဖြင့် ချင်းတွင်းမြစ်ကို အလျားလိုက် စုန်ဆန်လိုက်၊ ဒေါင်လိုက်ဖြတ်ကူးလိုက်ဖြင့် ၂၀၁၄ ခုနှစ် ၁၁ လ ပိုင်း အထိ နှစ် ၂၀ ကြာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ချင်းတွင်းမြစ်ရေ နှင့် ဖူးစာဆုံပြီးနောက် ၂၀၁၄ ခုနှစ်တွင် အင်းတော်ကြီးကန်ရေနှင့် ဖူးစာဆုံရပြန်သည်။ အင်းတော်ကြီးဘေးမဲ့တောသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ သူ့ဂုဏ်ပုဒ်တို့များလှသည်၊ မြန်မာနိုင်ငံ၏ အကြီးဆုံးရေအိုင်၊ အရှေ့တောင်အာရှတွင် တတိယအကြီးဆုံးအိုင်၊အာဆီယံအမွေအနှစ်ဥယျာဉ်၊ East Asian-Australasian Flyway Partnership (EAAFP) Network site ၊ ရမ်ဆာရေဝပ်ဒေသစသည်တို့ဖြစ်ပါသည်။

Fauna & Flora International (FFI) နှင့် Friends of Wildlife (FOW) တို့ဖြင့် ထိန်းသိမ်းရေး ပညာပေးရေး၊ ဒေသခံများအားထောက်ပံ့ခြင်း၊ ငါးမျိုးပွားရေး၊ ဖုန်များ သတ်မှတ်ခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။ ထိုလုပ်ငန်းများနှင့်အတူ လူနှင့် ဇီဝအဝန်းနယ်မြေသတ်မှတ်နိုင်ရေးအတွက် ကျေးရွာအုပ်စု(၁၁)အုပ်စုရှိ ကျေးရွာပေါင်း (၃၆) ရွာနှင့် ဆွေးနွေး ညှိနှိုင်းမှုများဆောင်ရွက်ရပါသည်။ စိုက်တဲ့အတိုင်း ရိတ်သိမ်းနိုင်ခဲ့ပါပြီ။ ယခုတော့ ဇီဝအဝန်းနယ်မြေအဖြစ်လည်း သတ်မှတ်ခဲ့ရပါပြီ။

ထိန်းသိမ်းရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရင်း ရွှေမဥ္ဇူရေလာယ်ဘုရားအား နေ့စဉ်ဖူးရခြင်းကုသိုလ်ထူးလည်းရရှိခဲ့ပါသည်။ ၂ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ရာ ကန်အတွင်း အညစ်အကြေး စွန့်ခြင်း လုံးဝမပြုလုပ်ခဲ့ပါ။ တစ်ခါတရံ ကွမ်းဝါးလျှင်တောင်မှ

PDF Compressor Free Version



ကွမ်းတံတွေးအား မြို့ချခဲ့ပါသည်။

ကန်အတွင်းလုပ်ငန်းများဆောင်ရွက်စဉ် လေပြင်းကျ၍ လှိုင်းထသည့်အခါများလည်းကြုံတွေ့ရပါသည်။ ထိုအခါ ကျွန်ုပ်ကသစ္စာဆိုပါသည်။ ကန်အတွင်းသို့ သိလျက်နှင့်အညစ်အကြေးမစွန့်ဖူးပါ။ ဤစကားမှန်ကြောင့် လိုရာခရီးချောမွေ့စွာရောက်ရပါစေသား။ ပြည့်ဝခဲ့သည်ချည်းသာ။

ရွှေမဉ္ဇူရေလယ်ဘုရားပွဲအားနှစ်စဉ် တပေါင်းလတွင် ကျင်းပပါသည်။ မြန်မာပြည်အရပ်ရပ်မှ လာရောက်ဖူးမျှော်ကြပါသည်။ ဘုရားပွဲတွင် ပညာပေးပြခန်း ပြသရန်ညွှန်ကြားချက်အရ အင်းတော်ကြီးကန်ဘေးမဲ့တောပြခန်းဖွင့်လှစ်ထားရှိပါသည်။ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အင်းတော်ကြီးဘေးမဲ့တော၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုဓာတ်ပုံများ၊ ပိုစတာများပြသခြင်း၊ ရှင်းလင်းပြောကြားခြင်း၊ ပြခန်းသို့ နေ့စဉ်လူဝင်ရောက်မှု မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ကြပါသည်။

ကျွန်ုပ်တာဝန်ကျသည့်တစ်ရက်တွင် ကြုံတွေ့ရသောအဖြစ်အပျက်တစ်ခုအား တင်ပြလိုပါသည်။ တစ်ရက်ကျွန်ုပ်တာဝန်ကျစဉ် ပညာရေးဌာနမှ ဆရာမတစ်ယောက်နှင့် ကျောင်းသူကျောင်းသားများ လာရောက်လေ့လာကြပါသည်။ မြန်မာနိုင်ငံ၏အကြီးဆုံးရေချိုအိုင်ကြီး၊ အရှေ့တောင်အာရှတွင် တတိယအကြီးဆုံးရေချိုအိုင်ကြီးဆိုသောပိုစတာကြီးအားလေ့လာပြီးသကာလ ဆရာမ၏ ပထမမေးခွန်းမှာ –

မေး – အရှေ့တောင်အာရှမှာ ပထမအကြီးဆုံးကဘာလဲဆရာ

ဖြေ – ကမ္ဘောဒီးယားက တုံလယ်ဆပ်ပါ ဆရာမ

မေး – ဒုတိယအကြီးဆုံးကရော ဆရာ

ကျွန်ုပ်၌သာတန်ခိုးစွမ်းအားရှိလျှင် နေရာမှ ပျောက်ကွယ်ချင်ပါသည်။ ဒါတောင်မသိတဲ့ ငမိုက်သား ချက်ချင်းမြေမျိုပါတော့လား ဟုပင်ကြိမ်းဆိုချင်မိပါတော့သည်။

အဖြေသိရချိန်တွင် ဆရာမတို့ ပြန်သွားကြရော့မည်။ ရပ်ဝေးမှ ဘုရားဖူးဧည့်သည်များတွင် ဘယ်အချိန်ဘယ်နေရာပြန်ဆုံမည် အဘယ်သို့သွားမည် ဘာလုပ်မည်စသဖြင့် Time limit ရှိကြပါသည်။ ကျွန်ုပ်၏ညံ့ဖျင်းမှု အကြောင်း တွေးမိတိုင်းဆွေးမိပါ၏။

ဆရာမဘယ်အရပ်ကလည်းမသိပါ။ ဆက်သွယ်ရန်ဖုန်းနံပါတ်လည်း မယူထားမိပါ။

ပထမမှ မဟုတ်ရင် ဒုတိယဆိုတာလည်း တတိယနှင့် မထူးပါဘူးဆိုသော အူကြောင်ကျား အဆိုတစ်ခုကိုလည်း မေ့ပစ်ရပါမည်။ (ဒုတိယအကြီးဆုံး ရေချိုအိုင်ကိုကျွန်ုပ်ဆောင်းပါး၏တစ်နေရာတွင် ဖော်ပြထားပါသည်) ရေများများမတွေ့ဖူးသောကျောက်ပန်းတောင်းသားသည်ချင်းတွင်းမြစ်ရေအား ၂၀ နှစ်၊ အင်းတော်ကြီးကန်ရေအား ၂ နှစ်ကြာ မြင်တွေ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့်အခါ ထန်းလျက်လုံးလေးသည့် ဆားငန်ရေနှင့်တွေ့ရပါတော့သည်။

‘ဟေး ပင်လယ်’

‘ဟေး လှဲအိပ်နေတဲ့ ပင်လယ်’

‘ခုထစမ်း သင့်ထံငါလာတယ်’ ဟု စိတ်ထဲကဟစ်ကြွေးမိပါသည်။ အင်းတော်ကြီးတွင် ကြုံတွေ့ရသောလှိုင်းဆိုသည်မှာ လန်ပိအဏ္ဏဝါတွင် နေ့စဉ်လိုလိုကြုံတွေ့ရသော သာမန်လှိုင်းမျှသာ လှိုင်းကြီးလေအောက်ဆိုသော်လည်း လှေကပျက်သွားသည့်အခါ (စက်ပျက်ခြင်း၊ ဆီကုန်၍ စက်ရပ်သွားခြင်း) လူကံသည်မပြောနိုင်ပါ။

မည်သို့ဆိုစေ ဆားငန်ရေနှင့်တွေ့ပြီး ဒုတိယတွေ့ရသည်မှာ (Moken) ဆလုံလူမျိုးများဖြစ်ပါသည်။

ရိုးသား၍ လောဘနည်းသော ဆလုံလူမျိုးများသည် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ဘိုချိုကျွန်းမကြံဂလက်ကျေးရွာတွင် လူဦးရေ ၂၀၀ ခန့်၊ ကိုဖော့ကျေးရွာတွင် ၂၀ ကျော်ခန့် နေထိုင်လျက်ရှိပါသည်။

၎င်းတို့၏ ရိုးရာဓလေ့များ၊ လူနေမှုဘဝများ၊ ကိုးကွယ်ယုံကြည်မှုတို့ကိုလေ့လာနိုင်ပါသည်။ ထို့အပြင် အချိန် ၁ နာရီ ၃၀ မိနစ်ကြာ တောတွင်းလမ်းလျှောက်ခြင်း ပင်လယ်ကမ်းခြေသဲသောင်ပေါ်တွင် လမ်းလျှောက်၍ ပင်လယ်လေ ရှူရှိုက်ခြင်း၊ နေပူလှုံခြင်း၊ အမြဲစိမ်းတောဒီရေတောနှင့် သဲသောင်ခုံတောများအား တစ်နေရာထဲတွင် တစ်စုတစ်စည်း လေ့လာနိုင်သော ဘိချောင်းဧရိယာ၊ ကိုဖော့ကျွန်း၏ နေဝင်ဆည်းဆာရှုခင်းအားခံစားရင်းလည်း အိတ်ငယ်အောက်ချင်းငှက်တို့၏ အိပ်တန်းပျံခြင်းအား လေ့လာခြင်း၊ သန္တာနီ၊ သန္တာနက်ကျွန်း၏ နေဝင် ဆည်းဆာရှုခင်းနှင့်အတူ Flying Fox ခေါ် လင်းနို့တစ်မျိုး၏ ညခင်းဘက်အစာရှာထွက်ပုံကိုလေ့လာနိုင်ခြင်း၊ ကယက်လှေဖြင့်ဒီရေတောလေ့လာခြင်း၊ ရေငုပ်ခြင်း၊ သန္တာကျောက်တန်းများလေ့လာခြင်းတို့ပြုလုပ်နိုင်ပါသည်။

ကုန်းတွင်းပိုင်းနှင့်အဏ္ဏဝါပိုင်းတို့၏ ဇီဝမျိုးစုံ မျိုးကွဲနှင့်ဂေဟစနစ်များ၊ ဒီရေတောမျိုးဆက်မှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် အဏ္ဏဝါဂေဟစနစ်အပေါ် အကျိုးသက်ရောက်မှု၊ ခရီးသွားလုပ်ငန်း၏ဂေဟစနစ်များအပေါ်အကျိုးသက်ရောက်မှုတို့ကိုလည်းသုတေသနပြုနိုင်ပါသည်။

အဆိုပါအခွင့်အရေးများရရှိနိုင်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တွင် တည်ရှိပါသည်။

စာမျက်နှာ (၄၆) သို့

PDF Compressor Free Version





အုန်းလွင်လေး

# ကြိုးကြာဆို - ဘာငှက်လဲ .. မေး



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ်(၈)နယ်မြေ တန်တစ်ရာ ရပ်ကွက်နေသူတစ်ဦးသည် ၁၁-၆-၂၀၂၂ ရက်၊ ပန်းကန်ပျောက် လယ်ကွင်းအတွင်း လယ်ယာလုပ်ငန်းခွင်ဝင်နေစဉ် ဒဏ်ရာကြောင့် ပျံသန်းခြင်းမပြုနိုင်သည့် အရွယ်ရောက် ကြိုးကြာ တစ်ကောင်ကို တွေ့ရှိထိန်းသိမ်းပြီး ၁၃-၆-၂၀၂၂ ရက်တွင် အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် သစ်တောဦးစီးဌာနသို့ အပ်နှံလာပါသည်။

အပ်နှံလာသည့် ကြိုးကြာငှက်တစ်ကောင်အား လက်ခံစဉ် ခေါင်းစီးပါ မြန်မာစကားပုံနှင့် မူကြို ကလေးငယ်များရွတ်ဆိုသည့်ကဗျာလေးကို မှတ်မှတ်ထင်ထင် သတိရမိပါသေး-

ငါးလေးတစ်ကောင်- ဖမ်းမိတယ်၊ ဘာဖြစ်လို့- လွှတ်လိုက်တယ်၊

ကျွန်တော့်လက်ကို- သူကိုက်တယ်၊ အား လား လား အား လား လား။

သဘာဝအတိုင်း ရေမှာ ကျက်စားတဲ့ ငါးကိုဖမ်းတယ်၊ ငါးကတုံ့ပြန်တယ်၊ ဖမ်းဆီးသူမှာ ထိခိုက် နာကျင်မှုပြန်လည်ခံစားရတယ်၊ ငါးလေးကို ရေမှာ ပြန်လွှတ်ပေးရတယ်၊ ရေပြင်မှာ လွတ်လွတ်လပ်လပ် ကူးခတ်နေတဲ့ ငါးကလေးရဲ့ပုံရိပ်ကို မျက်စိမှာ မြင်ယောင်မိပါရဲ့။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေတွင် ကဗျာထဲပါသည့် ငါးလေးအပါအဝင် ရေသတ္တဝါများအား တောရိုင်းတိရစ္ဆာန်ဟု ဆိုထားပါသည်။ တောရိုင်းတိရစ္ဆာန်ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားလျှက်ရှိသော (သို့မဟုတ်) နေရင်းဒေသမှ အခြားနေရာဒေသသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့် ရေသတ္တဝါတို့ကို ဆိုသည်ဟုလည်းကောင်း၊ နေရင်းဒေသဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာနယ်မြေဟုလည်းကောင်း အဓိပ္ပါယ်သက်ရောက် ဖွင့်ဆိုထားပါသည်။

သဘာဝတွင် လွတ်လပ်စွာ ကျင်လည်ကျက်စားခြင်းသည် တောရိုင်းတိရစ္ဆာန်တို့၏ သဘာဝပါ၊

++++++

'ဒကာကြီးရဲ့ ကြိုးကြာ သေသွားပြီလား'

'- - - - - - - '

ဒကာကြီးရဲ့ ကြိုးကြာ တကယ်သေသွားရင် သူ့ရဲ့ လည်ချောင်းခွဲပြီး စလုတ်ထဲက ပတ္တမြားကို ထုတ်ယူပါတော့'

'ရဟန်းဆီက တောင်းတဲ့ပတ္တမြားကို ကြိုးကြာ လည်ချောင်းခွဲပြီး စလုတ်ထဲက ထုတ်ယူပါ ဒကာ'

++++++

ဆရာကြီးဦးသုခ စီစဉ်ရိုက်ကူးသည့် 'ရဟန်းမစားရသော ဆွမ်းတစ်နပ်' ဇာတ်လမ်းမှ ရှင်တိဿရဟန်းအဖြစ် သရုပ်ဆောင်၏ ဇာတ်ဝင်ခန်း စကားပြောပါ၊ ဇာတ်လမ်းတွင် ပန်းထိမ်သည် မဏိဂါထာသည် ရှင်ဘုရင်က လက်ဝတ်ရတနာ စီရင်ပြုလုပ်ပေးရန် အပ်နှံထားသည့် ပတ္တမြားကို မိမိထားသည့်နေရာတွင် မတွေ့ရှိ၍ မိမိအပေါ်ကျရောက်လာမည့် မင်းပြစ်မင်းဒဏ်ကို ကြောက်ရွံ့လာတယ်၊ ပတ္တမြားပျောက်ဆုံးချိန် ပတ္တမြားထားရာ အနီးရှိ မိမိအိမ်မှာ အမြဲဆွမ်းခံကြွရောက်နေသည့် အရှင်တိဿရဟန်းကို ယိုးစွပ်ပြစ်မှားတယ်၊ ဆက်လက်၍ မိမိအိမ်မှာ သားတစ်ဦးကဲ့သို့ မွေးမြူထားသော ကြိုးကြာငှက်ကို ဒေါသအလျောက် သတ်လိုက်တယ်။

PDF Compressor Free Version



ပတ္တမြားကို အစာအမှတ်ဖြင့် မြိုခဲ့သည့် ကြိုးကြာ၊ ပန်းတိမ်သည်မဏိဂါထာ၏ ပယောဂကြောင့် သေဆုံးရသည့် ကြိုးကြာ၊

သွေးသံရဲရဲထဲ စလုတ်ခွဲ ပတ္တမြားထုတ်ခံရသည့် ကြိုးကြာငှက်ရဲ့ ကြမ္မာငင်မှုသည်ကား စိတ်မချမ်းမြေ့ဖွယ်ရာပင်၊

ဤသည်ကား မြတ်စွာဘုရားရှင် လက်ထက်တော်က အဖြစ်အပျက်ပါ၊ ရှေးပဝေသဏီမှ ယနေ့အထိ တောရိုင်းတိရစ္ဆာန်တို့သည် လူတို့၏ အိမ်တွင် အလှမွေးမြူလိုမှု၊ စီးပွားရေးအလို့ငှာ မွေးမြူလိုမှု၊ အစာအတွက် ဖမ်းဆီးသတ်ဖြတ်မှု၊ အမဲလိုက်ခံရမှုနှင့် သက်ရှိတောရိုင်းတိရစ္ဆာန်အပါအဝင် အစိတ်အပိုင်းများကို ရောင်းဝယ်ဖောက်ကားမှုခံနေရပါသည်။

+++++++

သစ်တောဦးစီးဌာနသို့ လာရောက်အပ်နှံသည့် ကြိုးကြာငှက်ကလေးသည်ကား ကံကောင်းပေစွ၊

စာနာသနား ကြင်နာစိတ်ရှိသူက တွေ့ရှိပြီး တာဝန်သိစွာ လာရောက်အပ်နှံခြင်းကြောင့် သစ်တောဝန်ထမ်းတို့၏ လိုအပ်တဲ့ ဆေးဝါးကုသမှုနှင့် ပြုစုစောင့်ရှောက်မှုခံရပါသည်။ ရောဝတီတိုင်းဒေသကြီးမှ ဒေသခံတို့ရဲ့အယူအဆ၊ ယုံကြည်ချက်အစဉ်အလာ လိုက်နာမှုလေ့တို့ကလည်း ဤဒေသ ကျင်လည် ကျက်စားသည့် ကြိုးကြာငှက်တို့အတွက် ကံကောင်းစေပါသည်။

ကျွန်တော်တို့ ရောဝတီတိုင်းက မြန်မာပြည်ရဲ့ စပါးကျီမို့ စပါးကို အဓိကထားစိုက်ကြတယ်၊ ကြိုးကြာငှက်တွေဆင်းတဲ့ လယ်ကွက်က သာမန်ထက် စပါးပိုထွက်တယ်လို့ အယူအဆရှိတယ်၊ ကြိုးကြာငှက်အသိုက် တွေ့ရင်လဲ မဖျက်စီးကြဘူး၊ ဘုရားအလောင်းဘဝတွေထဲ ကြိုးကြာငှက်ဖြစ်ခဲ့လို့ ကြိုးကြာဆို ဖမ်းယူခြင်း၊ သတ်ဖြတ်စားသောက်ခြင်းမပြုကြပါဘူး၊ ကြိုးကြာကို ဖမ်းဆီး သတ်ဖြတ် စားသောက်သူဟာဆိုရင်လည်း ဘေးဆိုးအန္တရာယ်တစ်ခုခုကြုံတွေ့တတ်တယ်လို့ ဘိုးဘွားစဉ်ဆက်ကစ ယနေ့အထိ ယုံကြည်ထားကြတယ်

ကြိုးကြာငှက်လက်ခံလာတဲ့ နယ်မြေခံ သစ်တောဝန်ထမ်းတစ်ဦးက ပြောပြတာ ကြားသိမှတ်သားရပါ၏။ သူပြောမှ ရှာမှာရှိနေတဲ့ ကျွန်တော်ဘကြီး ရွတ်ဖတ် ပူဇော်တဲ့ ဘုရားရှိခိုးကို ပြန်လည် ကြားယောင်မိသေး–

'သြကာသ.. သြကာသ.. သြကာသ ဗုဒ္ဓကုရ်၊ လောင်းမြတ်လုသည်၊ **အစကြိုးကြာ၊ ဆယ့်ခြောက်ခါ** နှင့် ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျီးညိုသုံးခါ၊ သံသာ ကျူးထိပ်၊ ကရဝိက်ငါး၊ လေးကားကိန္နရီ၊ စာမရီဆယ့်ငါး၊ မျောက်ကားတဆယ်၊ ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်ဆယ့် လေး၊ ကေးသိန္ဓဝ၊ ကျွဲအနှင့် သံမြသာ ညောင်း၊ ဥဒေါင်း နှစ်ခါ၊ သာလိကာ သတ္တာ၊ ဒွာဒသ ကြက်၊ ဝက်ကားဆယ့် သုံး၊ ပေါင်းရုံးများစွာ၊ တရာသုံးဆယ်ခြောက်ဖြစ်ဝယ်ကို၊ အန္တရာယ်မရှိ ဘေးမထိသည့်၊ မုနိမြတ်လောင်း၊ ဖြစ်တော်ပေါင်းဟု အောက်မေ့သဒ္ဓါ၊ ကြည်ညိုစွာဖြင့်၊ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏ ဘုရား.....'

သံသရာတွင်ကျင်လည်ခဲ့ရသည့် ဘုရားလောင်း၏ နှစ်ဉ်ဘဝများအနက်၅၅၀ ဇာတ်တော်များအရ ကြိုးကြာဘဝ(၁၆)ကြိမ်ဖြင့်ပါရမီဖြည့်ခဲ့ရသည်ကို အကြောင်းပြု၍ ကျွန်တော့်ဘကြီး ရွတ်ဖတ်ပူဇော်သော ရှေးပညာရှင်ကြီးများ စပ်ဆိုထားသည့်ဘုရားရှိခိုးလင်္ကာဖြစ်ပါသည်။

++++++

ကြိုးကြာများ ကျက်စားရာဒေသများတွင် စိုက်ပျိုးရေးသီးနှံများတွက် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲမှု၊ လူတို့၏ဖမ်းယူမှုနှင့် နေရင်းဒေသများ ပျက်စီးဆုံးရှုံးမှုသည် ကြိုးကြာများ မျိုးသုဉ်းမှုကို ဖြစ်ပေါ်စေပါသည်။

၁၉၉၅ ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒ သဘောထားကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် သစ်တောဦးစီးဌာန၏ ပဓာနကျသောအချက် (၆)ချက်အနက် ရေမြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့်သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ရမည်ဟု ဖော်ပြထားပါသည်။

တောရိုင်းတိရစ္ဆာန်ဇီဝမျိုးကွဲများနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသည် သဘာဝထိန်းသိမ်းရေးနယ်မြေများဖွဲ့စည်းခြင်း၊ နိုင်ငံတော်က လက်ခံသဘောတူထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပကူးသန်းရောင်းဝယ်မှုများကိုထိန်းချုပ်ခြင်း၊ နေရင်းဒေသများမပျက်စီးစေရန်ထိန်းသိမ်းခြင်း၊ တိရစ္ဆာန်ဥယျာဉ်များတည်ထောင်ခြင်း စသည့် ထိန်းသိမ်းမှုများဆောင်ရွက်ပြီး လုံး၀၊ သာမန်၊ ရာသီအလိုက် ကာကွယ်ရမည့်တောရိုင်းတိရစ္ဆာန်များ



ကြိုးကြာ လာရောက်အပ်နှံသူအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း

PDF Compressor Free Version



သတ်မှတ်၍ ဥပဒေနှင့်ကာကွယ်လျက်ရှိပါသည်။

ကြိုးကြာတစ်ကောင် လာရောက်အပ်နှံသည်ကို ထိန်းသိမ်းစောင့်ရှောက်စဉ် ကြိုးကြာတို့နှင့် ပတ်သက်သည့် အချက်အလက်များကို လက်လှမ်းမီသလောက် ဆက်လက်လေ့လာမိပါသည်။

ကမ္ဘာပေါ်တွင် ကြိုးကြာမျိုးစိတ်ပေါင်း (၁၅) စိတ် ခန့်ရှိသည်ဟုသိရှိရပါသည်။ ကြိုးကြာတို့သည် ခြေထောက်၊ လည်ပင်း၊ နှုတ်သီးရှည်ရှည်နှင့် လိုက်ဖက်သည့် ကိုယ်ခန္ဓာ အချိုးအစားရှိပါသည်။

သာယာသောအသံပြုတတ်ခြင်း၊ ထူးခြားသည့် ကိုယ်နေဟန်ဖြင့် လှုပ်ရှားမှုရှိခြင်း၊ ခရီးရှည်ပျံသန်းနိုင်ခြင်း၊ ဖိုမယှဉ်တွဲနေသည်မှ အုပ်စုဖွဲ့နေတတ်ခြင်းတို့ရှိပါသည်။ ကြိုးကြာတို့သည် ရေမသောက်တတ်သည့် သဘာဝရှိကြောင်း ကြိုးကြာရေမသောက် ဟူ၍ မြန်မာဆိုရိုးစကား ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကြိုးကြာခေါင်းမဲ၊ ကြိုးကြာခေါင်းနီ၊ ကညာကြိုးကြာမျိုးစိတ် (၃)ခုအား မှတ်တမ်းထားရှိပြီး ကြိုးကြာခေါင်းမဲ (Common Crane)သည် ဥရောပ၊ အာရှ မြောက်ပိုင်းတို့တွင်သာ ကျက်စားပြီး မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်အဖြစ် ရောက်ရှိကျက်စားသည့် ဧည့်သည်ငှက်များဖြစ်ပါသည်။ ကြိုးကြာခေါင်းနီသည် မြန်မာနိုင်ငံအနှံ့အပြား ကချင်၊ရှမ်း၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့တွင် အနည်းငယ်စီကျက်စားကြပြီး ရခိုင်ပြည်နယ်၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဝပ်ဒေသများတွင် အများဆုံးကျက်စားသည့် ဌာနေငှက်ဖြစ်ပါသည်။

သစ်တောဦးစီးဌာနသို့ လာရောက်အပ်နှံသည့် ကြိုးကြာသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျက်စားသည့် မြန်မာအမည် ကြိုးကြာခေါင်းနီ၊ အင်္ဂလိပ်အမည် Sarus Crane၊ သိပ္ပံအမည် *Graus antigone* ဖြစ်ပါသည်။ နိုင်ငံတကာသဘာဝထိန်းသိမ်းစောင့်ရှောက်ရေးအသင်း International Union For Conservation Of Nature IUCN မှ IUCN Red List ထိန်းသိမ်းစောင့်ရှောက်ရေး အဆင့်အတန်းတွင် မျိုးသုန်းရန်အန္တရာယ်မြင့်မားသည့် အဆင့်ရှိ၍ မျိုးသုန်းအန္တရာယ် ကျရောက်နိုင်သောမျိုးစိတ် Valnerable (Vu) အဖြစ်သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတွင်လည်း သစ်တောဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၆၉၀/၂၀၂၀ဖြင့် မြန်မာနိုင်ငံတဝန်းလုံးတွင် မျိုးဆက်ပျက်သုန်းမည့်အန္တရာယ်ရှိသဖြင့် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် စာရင်းတွင်ထည့်သွင်းထားပါသည်။

ကြိုးကြာခေါင်းနီသည် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရွှံ့နွံပေါသည့်နေရာများ၊ လယ်ကွင်းများ၊ လယ်ကန်သင်းများတွင် အသိုက်ဆောက်၍ အသိုက်တစ်ခုတွင် ဥ(၂) ဥ၊ တစ်ခါတရံ (၃) ဥထိ ဥတတ်ပါသည်။ ဇွန်လမှ စက်တင်ဘာလအတွင်း သားပေါက်မျိုးပွားရာသီဖြစ်ပါသည်။

ကြိုးကြာခေါင်းနီသည် ကိုယ်ခန္ဓာမီးခိုးရောင်နှင့် ဦးခေါင်းအနီရောင်ရှိပြီး လယ်ကွင်းများအတွင်း ကဏန်း၊ ပုစွန်၊ ခရု၊ ပိုးမွှားကောင်ငယ်လေးများနှင့် ဒေသအခေါ် မြက်ကလုန်းဥ၊ စပါးတို့ကိုစားတတ်ကြပါသည်။

၂၀၁၆ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(Wildlife Conservation Society-WCS)သည် ကြိုးကြာထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကြိုးကြာအများဆုံးကျက်စားသည့် ဝါးခယ်မ၊ မအူပင်၊ အိမ်မဲ၊ ပန်းတနော်မြို့နယ်များတွင် သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကြိုးကြာအသိုက်များစာရင်းကောက်ယူရာ ၂၀၁၆ ခုနှစ်တွင် ၃၃ သိုက်၊ ၂၀၁၇ ခုနှစ်တွင် ၁၃၈ သိုက်၊ ၂၀၁၈ ခုနှစ်တွင် ၁၈၂ သိုက်တွေ့ရှိခဲ့ပါကြောင်း။

အသိုက်များ၊ ငှက်အရေအတွက်များ တစ်နှစ်ထက်တစ်နှစ်တိုးပွားလာမှုရှိပါကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း ခန့်မှန်းကြိုးကြာကောင်ရေ ၆၀၀ ကျော်ရှိနိုင်ကြောင်း လေ့လာသိရှိရပါသည်။

သစ်တောဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသော ကြိုးကြာခေါင်းနီသည် အထီးဖြစ်ပြီး အသက်အားဖြင့် (၄)နှစ်ကျော် (၅)နှစ်ခန့် ခန့်မှန်းရရှိပါသည်၊ ကြိုးကြာအချင်းချင်း ခိုက်ရန်ဖြစ်ခြင်း သို့မဟုတ် အခြားတိရစ္ဆာန်တစ်ကောင်ကောင်၏ ရန်ပြုမှုခံရခြင်း သို့မဟုတ် အကြောင်းတစ်ခုခုကြောင့် မတော်တဆဒဏ်ရာရရှိ၍ မပျံသန်းနိုင်ခြင်းဟုယူဆရပါသည်၊ အတောင်နှစ်ဖက်တွင် ပွန်းရှဒဏ်ရာရသည်မှအပ ကျန်းမာရေးကောင်းမွန်သည့်အတွက် ဒဏ်ရာပျောက်ကင်းစေသည့် လိမ်းဆေးဖြင့်ကုသပေးခဲ့ပါသည်။ ကျွေးမွေးစောင့်ရှောက်ခြင်း၊ ထိန်းသိမ်းထားသည့် ဖျိုးဥယျာဉ်အတွင်း ကွက်လပ်တွင် ကြိုးချည်၍ လွှတ်



ကြိုးကြာအား တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သို့ လွှဲပြောင်းပေးအပ်စဉ်

PDF Compressor Free Version



ကျောင်းခြင်း၊ တခြားအန္တရာယ်ပြုမှုများမရှိစေရန် လှောင်အိမ်ဖြင့်ထိန်းသိမ်းထားခြင်းများဖြင့် ပြုစုစောင့်ရှောက်ခြင်းများဆောင်ရွက်ရာ ရက်သတ္တတစ်ပတ်အကြာတွင် ကောင်းမွန်စွာ ကျန်းမာလာပါသည်။

(၂၃-၆-၂၀၂၂) ရက်တွင် ကြိုးကြာလေးရဲ့ မိုင်ရာကျော်ခရီးစဉ်စတင်ခဲ့ပါသည်၊ ပျံသန်းခြင်းဖြင့်တော့ မဟုတ်ပါ။ ကောင်းစွာကျန်းမာလာသည့် ကြိုးကြာလေးသည် တတ်သိကျွမ်းကျင်သူများ၏ ထိန်းသိမ်းပြုစုစောင့်ရှောက်မှုအား ဆက်လက်ခံယူပြီး အများပြည်သူများအား တောရိုင်းတိရစ္ဆာန်များနှင့်ပတ်သက်သည့် အသိပညာများ ရရှိစေရန်နှင့် အပန်းဖြေကြည့်ရှုနိုင်ရန်အတွက် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) သို့ မော်တော်ကားဖြင့် ခရီးနှင်ခဲ့ပါပြီ၊

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အကြောင်းအရာများပါအောင် စပ်ဆိုထားသည် မိသားစု တနင်္ဂနွေ သီချင်းကလေးထဲမယ်-

'မိုမိုရေ ----- (ဝူး)
မိုမိုရေ ----- (ဝူး)'

ကလေးတို့ ခေါ်သံနှင့်ဆင်မကလေး မိုမို ပြန်ထူးသံပါ၊

'မင်းဇာတိချက်ကြွေ- ဘယ်အရပ်ဌာနေ-- ဒီဥယျာဉ်ထဲမှာ ပျော်ရဲ့လားလေ- မိုမိုရေ'----- လို့ ကလေးတို့ရဲ့အမေးကို ဆင်မကလေးမိုမို (ယခုတော့ဖြင့် ဆင်မကြီး မိုမို ဖြစ်နေပါပြီ) က - - -

'ကမ္ဘာ့ဇ ရှမ်းပြည်- ငါ့ရဲ့မွေးဌာနီ-မွေးဌာနီ ရှမ်းပြည်ဆီသို့- တစ်ခါ တစ်ခါတော့ အလည်သွားချင်ပေ-- တစ်ခါ တစ်ခါတော့ အလည်သွားချင်ပေ-- ဒီဥယျာဉ် အဆင်ပြေ- တကယ်ပြုစုကြသလေ-အစား အသောက်တွေပေါ- ပြောဖို့ဖြင့် မလိုဘူး- ကလေးတွေရေ--'

လို့ ပြန်ဖြေရင်း ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ပန်းကန်ပျောက်လယ်ကွင်းက ကြိုးကြာခေါင်းနီငှက်လေးကို ကြိုဆိုနေလေမလား။

+++++++



လူတစ်ဦးစီက သူနှလုံးသားကို
သူ လိုက်နာရင်
သဘာဝပတ်ဝန်းကျင် အတွက်
ကိုယ်လုပ်ပေးနိုင်တာလေးတွေကို
ရှာတွေ့ပါလိမ့်မယ်။

John Denver

စာမျက်နှာ (၄၀) မှအဆက်

သို့အတွက် မည်သူမဆို ဤအမိန့်ပြဋ္ဌာန်းချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ၁၉၄၇ ခုနှစ် အရေးကြီးသောကုန်ပစ္စည်းနှင့်လုပ်ဆောင်မှုများ အက်ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်သည်။

**သစ်သား**

သစ်သားအရောင်သည် အဖြူရောင်သန်းလျက် ဝါဖန့်ဖန့်အရောင်ရှိသည်။ သစ်သားသည် လက်ပံသားကဲ့သို့ အသားပွပြီး အဆွေးမြန်သည်၊ သစ်သားအတွက် အသုံးပြုသည်ကိုမတွေ့ရှိရပေ။

**သစ်မွေး အရည်အချင်းနှင့် အဆင့်အတန်းများ**

အနက်ရောင်ရှိသည့် သစ်မွေးများသည် အကောင်းဆုံးဖြစ်သည်။

၁။ ဆီဆမ်းထားသကဲ့သို့ စိုပြေလျက် အရောင်နက်ခြင်း။
၂။ ကိုင်ကြည့်လျှင် လက်လေး လက်ဆရှိခြင်း။
၃။ အဆီအစေး ဩဇာရှိခြင်း။
၄။ ဝါးကြည့်လျှင် ခါးသောအရသာရှိခြင်း (ခါးရာတွင် ခံတွင်းပျက်လောက်အောင် ခါးခြင်းမဟုတ်ဘဲ သင်းပျံ့ပျံ့ ခံတွင်းရှင်းသော အခါးမျိုးဖြစ်ခြင်း။ )
၅။ အမွှေးနံ့ သင်းပျံ့ရှိခြင်း။
၆။ မီးရှို့လျှင် ထင်းရှူး အနှစ်သား မီးလောင်သကဲ့သို့ အခိုးမှ အမွှေးနံ့များထွက်ခြင်း။
၇။ သစ်မွှေးကို ဝါးကြည့်လျှင် ကြက်ပေါင်စေးကို ဝါးရသကဲ့သို့နူးညံ့ပျော့ပြောင်းပြီး ကွတ်ကွတ်မြည်သည့် အသံထွက်ခြင်း။
၈။ သစ်မွှေးကို ရေတွင်ချသည့်အခါ စုံးစုံးနစ်မြုပ်ခြင်း။

ဤလက္ခဏာနှင့် ပြည့်စုံသော သစ်မွှေးများသည် အကောင်းစားသစ်မွှေးဖြစ်သည်။

စာမျက်နှာ (၄၂) မှအဆက်

ရန်ကုန်မှ မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့များသို့ မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ လေယာဉ်ဖြင့်လည်းကောင်းသွားလာနိုင်ပြီး၊ မြိတ်မှ လန်ပိသို့ ရေမိုင် ၉၀ မိုင်၊ ဘုတ်ပြင်းမှ ၄၀ မိုင်၊ ကော့သောင်းမှ ၆၀ မိုင်ကွာဝေးပါသည်။

၁၉၉၆ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်သောလန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခြင်းခံရပါသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဥယျာဉ်ဖြစ်ရန် သက်ဆိုင်ရာဌာနများ၊ ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ NGO၊ INGO များ၊ ဒေသခံများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားအပ်ပါသည်။ Lagunadelbay (အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံးရေချိုအိုင်မှာ ဖိလစ်ပိုင်နိုင်ငံမှ လာဂုနာဒယ်ဘေး ဖြစ်ပါသည်။)

PDF Compressor Free Version



# မာယာမိုးမိုး ..



တင်စိုး

(ဝေဒနာတွေ ဆေးကြောပေးမှာလား... နေရာ
ကွက်ကြား... မင်းသည်းကာဓွေ ရွာတဲ့မိုး...
ငါမြတ်နိုးတဲ့ မိုးမိုး... မင်းရန်ငြိုး... အဆုံးသတ်ပါ...
တိမ်တွေငိုလို့
မိုးစက်ဖြစ်တာလား...အချိန်တိုတို
အချစ်ဇာတ်လမ်းဟာ... မာယာနတ်ဆိုး
စိတ်ကစားလို့... ငြိတာလား... ခဏရေပွက်...
လျှပ်တစ်ပြက်သာ...
အကြည့်လှလှ... ထိရှဆဲပါ... မှန်းမာန်
ဘယ်လို ပျိုး... လွမ်းတယ် မိုးမိုး... )၂

ကောင်းကင်တစ်ခွင်မှာ တိမ်တွေညိုလာပြီ မိုးမိုးရယ်။ ကင်းတားဆည်ရေပြင်မှာတော့ လှိုင်းကြက်ခွပ်လေးတွေက လေကြမ်းနှင့်အတူ ကခုန်နေလေရဲ့။

မိုးစက်လေးတွေက နေရာကွက်ကြား ကျလာနေကြပြီ။ တစ်ကယ်လို့များ အငြိုးကြီးကြီးနှင့် ခွေတဲ့မိုးများဖြစ်လာရင် တို့ရင်ထဲက မိုးမိုးကြောင့်ဖြစ်တည်လာတဲ့ ဝေဒနာတွေကို ဆေးကြောပေးနိုင်စွမ်းရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ။ မြတ်နိုးတဲ့အချစ်နဲ့ချစ်ခဲ့တဲ့ တို့အပေါ် မင်းရန်ငြိုးတွေ အဆုံးသတ်ပေးပါလား မိုးမိုးရယ်။

ကင်းတားဆည်ရေပြင်က မိုးစက်တွေနှင့်အတူ မတည်ငြိမ်တော့ပါပြီ။ ဇော်တစ်ယောက် ခေါင်းပေါ်မှစီးကျလာသည့်မိုးရေတွေကြောင့် မျက်နှာကို တစ်ချက်သုတ်လိုက်ရင်း ကင်းတားဆည်ဘောင်ပေါ် ထိုင်နေရာမှ မတ်တပ်ထရပ်လိုက်သည်။

ကင်းတားဆည်ရောက်အောင် မြစ်သားမြို့နယ်ကူမဲလမ်းခွဲကနေ အရှေ့ဘက် (၂၁)မိုင်ခန့် ဝင်လာရသည်။ လမ်းမှာ မြန်မာပြည်၏ အလယ်ဗဟိုချက်မ ကျောက်တိုင်စိုက်ထူရာ ပြက္ခရွေ့တောင်ကျောကြီးကိုဖြတ်၍ ကွေ့ကောက်လာခဲ့ရ၏။ ပြက္ခရွေတောင်ခြေမှာ တစ်ချိန်က ရှမ်းမျိုးနွယ်စုတွေနေခဲ့သည့်မိုင်းမောမြို့ဟောင်းတည်ရှိခဲ့ဖူးသည်။

အနော်ရထာမင်းကြီး ဘုန်းလက်ရုံးနှင့် ကျောက်ဆည် နယ်လယ်တွင်းကိုးခရိုင်အတွင်း မြစ်ကြီးသုံးသွယ်ဖြစ်တဲ့ (၁)စမုံမြစ်။ (၂)ပန်းရောင် (ခေါ်) ပန်းလောင်မြစ်။ (၃)မကွရာ(ခေါ်)ဇော်ဂျီမြစ် တို့ကို ဆည်တွေတည်ဆောက်ဖို့နေရာလိုက်ကြည့်ရာမှာ ပြက္ခရွေတောင်ပေါ်ကနေ မှန်ပြောင်းနှင့် ကြည့်ရှုတယ်လို့ ရာဇဝင်ရှိခဲ့သည်။ ညမင်းကြီးရဲ့ အိပ်မက်ထဲမှာ မြွေကြီးသုံးသွယ်က အပိုင်းပိုင်းပြတ်တယ်လို့ အိပ်မက်မြင်မက်တော်မူ၏။ စမုံမြစ်ကတော့ အပိုင်းမပြတ်ဘူး။ ရေတိမ်ပြီး ရေစီးမမှန်တဲ့အတွက် ဆည်တည်ဆောက်လို့မရပေ။ အလယ်က ပန်းလောင်မြစ်ကတော့ လေးပိုင်းပြတ်တယ်လို့ အိပ်မက်မက်သည်။ ဒါကြောင့် ပန်းလောင်မြစ်ကို ဆည်တမံတည်ဆောက်ရာမှာ (၁)ကင်းတားဆည် (၂)ငနိုင်သော်ဆည် (၃)ပြောင်းပြာဆည် (၄)ကျီးမည်းကန်ဆည်တို့ တည်လို့ရခဲ့ပေ၏။

တတိယမြောက် ဇော်ဂျီမြစ်ကို ငါးပိုင်းပိုင်းတယ်လို့ အိပ်မက်မြင်သော်လည်း (၁) နွားတက်ဆည်၊ (၂)ငပြောင်ဆည် (၃)ကမ်းဆေးဆည် ဆည် (၃)ခုသာ တည်ဆောက်နိုင်ခဲ့သည်လို့သိရသည်။

ပန်းလောင်မြစ်ဖျားသည် ရှမ်းပြည်နယ်မှ စတင်ခဲ့ပြီး ဆည်ရေဝပ်ဧရိယာမှာ ရွာငံနယ်ထဲတွင်ရှိပြီး ကင်းတားဆည်ကို မြစ်သားမြို့နယ်မှာ ဆည်ဖို့ တည်ဆောက်ထားခြင်းဖြစ်၏။ ကင်းတားဆည်မှ ပန်းလောင်မြစ်အတိုင်းဆန်တက်၍ လင်းနို့များကျက်စားရာ၊ ကျောက်ပန်းခက်ပန်းဆွဲတွေနှင့် လှပသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ ပြဒါးလင်းဂူ (၁)(၂) တည်ရှိလေသည်။

သည် ပန်းလောင်မြစ်ရေစီးကြောင့်လည်း ရှမ်းနွယ်ဖွားမိမိုးနှင့် မြေပြန့်သားလေး ဇော်တို့ ဆုံတွေ့မိလေ၏။

+++++++

ဒုတ် .... ဒုတ်.... ဒုတ်....

ရှမ်းတောင်တန်းကြီးကို ပွဲတင်ထပ်ပြီး ပြန်လာသည့် သစ်လုံး ဒါးရွှေသံက ကျယ်လောင်လှလေသည်။ သဘာဝထိန်းသိမ်းရေးစခန်းတွင် မြစ်သားမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဝန်ထမ်းများ၏ သဘာဝတော ထိန်းသိမ်းရေးနယ်မြေ ဘုတ်တိုင်စိုက်ထူရန် သစ်ရွှေသံ ဆောက်ထွင်းသံတို့ဖြင့် စည်ကားနေလေသည်။

သည်နှစ် သဘာဝတောထိန်းသိမ်းရေးဇကာ

PDF Compressor Free Version



(၅၀၀)ကို မန္တလေးတိုင်း၊ မြစ်သားမြို့နယ်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် ပန်းလောင်းရေဝေတို့ထိစပ်ရာ အဖိုးတန်သစ်မျိုးမရှိသော်လည်း အင်၊ နီပဆေး၊ တောနိမ့် သန်း၊ ဒဟတ်၊ မကျည်း၊ ဘောက်၊ ဘင်္ဂ၊ နော၊ နဘဲ၊ ချဉ်ယုတ်၊ ဝါးကုတ်များပေါက်ရာ သစ်တောကိုရွေးချယ်ခဲ့ကြ၏။ ရွာငံမြို့နယ်မှ သစ်ကောင်း ဝါးကောင်းများကို သစ်ထင်းခိုးထုတ်သူများရန်မှ ကာကွယ်ထိန်းသိမ်းနိုင်ရန်လည်း ရည်ရွယ်၏။ သဘာဝတောအတွင်း ဓမ္မတာမျိုးဆက်ခြင်းကိုလည်း ပြုစုကြရသည်။

ရှမ်းပြည်နယ်နှင့် ရေဝေတောင်ကြောကလည်း
ဇော်တို့စခန်းကို အုပ်မိုးလျက်ကြည့်နေလေသည်။

ဖြတ်.... ဖြတ်.... ဖြတ်ဖြတ်....

စခန်းအကွေ့လမ်းမှ ခြေသံအချို့ကြားရသည်။ ဇော်ဇော်တို့ ဝန်ထမ်းတစ်သိုက် မျက်စိအကြည့်တွင် လွယ်ပလိုင်းကိုယ်စီ အသီးအရွက်ခြင်းကိုယ်စီဖြင့် ရှမ်းမလေးသုံးဦး ဘွားခနဲပေါ်လာရာ လုပ်လက်စ အလုပ်တွေ ရပ်ထားလိုက်ကြပေတော့သည်။

'ဝေ့ ဘာတွေပါလဲ.... '

လူ့ဝကြီး ဝင်းဇော်က သွက်လက်စွာ မေးလိုက်ရာ ရှမ်းသံဝဲဝဲလေးတွေ ဆူညံလာ၏။

'မျှစ်၊ လက်ဖက်ခြောက်၊ ငရုတ်၊ ပြောင်းဖူး၊ ရွှေဖရုံသီး၊ ကွဲကော်သီး၊ လိမ္မော်သီး ပါတယ်'

'အေး... လာ...လာ... နားဦး'

ရှမ်းမလေးတွေ စခန်းတဲရှေ့ အရိပ်ထဲ ခြင်း၊ လွယ်ပလိုင်းတွေ ချ၍ ဝင်ထိုင်လိုက်၏။

'အခါးရည်... သောက်ဦး'

ရေနွေးကရားအိုးမှ ရေနွေးထည့်ပြီ ဝါးဆစ်ခွက်များကို ငှဲ့ထည့်ပေးရင်း ပါးမို့နီနီ အသားဖြူဖြူမျက်လုံးရွှန်းလဲ့သည့်ရှမ်းမလေးကို သတိထားမိစွာ ဇော် ရေနွေးခွက်ကမ်းလိုက်သည်။

ကျေးဇူးပဲနော် ...

အသံဝဲဝဲလေးက နားဝင်ချိုလှသည်။ မျက်နှာပေါ်က ချွေးစက်လေးကို ခေါင်းပေါင်းပေါင်းလာသည့် တဘက်နှင့်တို့လိုက်ရင်း ရေနွေးသောက်နေပုံက ချစ်စရာမို့ ဇော် အားမနာတမ်းငေးကြည့်မိသည်။

'လိမ္မော်သီးက ဘယ်လိုလဲ'

'ငါးလုံး တစ်ထောင်'

ငရုတ်သီး တစ်ထုပ်...ဖရုံသီး တစ်လုံး... ပြောင်းဖူး... အဖူး သုံးဆယ်လောက်ပေး'

တောအုပ် ဦးစိုးတင့်က ဈေးမေးပြီး ဝယ်နေ၏။

'ဘယ်က လာရောင်း ကြတာလဲ'

'ဒီတောင်ဟိုဘက်... ရှမ်းနယ်ထဲက'

'အဝေးကြီးပဲ မနက်အစောကြီး ထလာရမှာပေါ့'

'ဟုတ်တယ်'

'ပင်းတယတို့ ရွာငံတို့ သွားမရောင်းဘူးလား'

တဲပေါ်မှ ခြေတွဲလွဲချထိုင်နေသည့် အုပ်ကြီးက မေးလိုက်ရာ...

ပါးချိုင့်လေးနှင့် ဖြူဖွေးသည့်သွားလေးများ ပေါ်အောင် ပြုံးပြရင်း...

နန်းမိုး တို့ရွာက ဒီဘက်နှင့် ပိုနီးတယ်

အော် ...သူလေးနာမည်က နန်းမိုးတဲ့လား။ ဇော်နှလုံးသားထဲမှာ နန်းမိုး နာမည်လေးက နေရာယူသွားပေသည်။

'သွားမယ်...ကံဆည်ထိသွားရောင်းပြီး... ပြန်ရမှာ'

'နောက်လဲ လာဦးနော်'

ဇော်ဇော်တို့ နှုတ်သွက်နေလေပြီ။ နန်းမိုးက ပြုံးပြပြီး ပလိုင်းလွယ်၊ ခြင်းသယ်ပြီး ထွက်သွားလေ၏။

မင်း... ခေါ်တောမျက်လုံးနဲ့ ကောင်မလေး... လန့်သွားဦးမယ်'

'ဟား... ဟား'

ဘိုဘိုရဲ့နောက်ပြောင်သံ ဂရုမစိုက်အား–

'လူပျိုလေကွာ... စခန်းတစ်ခုလုံးမှာ... လူပျိုဆိုလို့ ငါတစ်ယောက်တည်းရှိတာ... ဟကောင်ရ'

'အမ်မလေးဟ... မဏ္ဍာပ်တိုင်တက်နေလိုက်တာ'

လူပျို...လူပျို မိုးရမှ ပျော်သလို ပျော်သလို... အချိုးကျကျ...ချစ်လိုက်မယ်ဆို...

'ဒုတ်... ဒုတ်'

သီချင်းလဲအော်ဆို အလုပ်လဲဆက်လုပ်ကြရလေတော့သည်။

+++++++

'မိမိုး... ရွှေစေတီဘုရားပွဲကြ လာခဲ့ပါလား'

'ကိုဇော်တို့ ... ရွာက'

ဟုတ်တယ်... ရွှေစေတီရွာက... ဇော်တို့ ရွာပဲ'

ကိုဇော့်မိန်းမက မကြိုက်ရင်...ဘယ်လိုလုပ်မလဲ'

'ဘယ်က မိန်းမရှိရမှာလဲ... လူပျိုဗျ...လူပျို အခုမှ အိုမလို့ ကြံနေတုန်း'

'ဟင်း...ဟင်း ဟင်း'

စခန်းမှာ အနေများသည်က လူပျိုဖြစ်တဲ့ ဇော် မဟုတ်လား။ သည်တော့လဲ ငါးရက်တစ်ခါ ဈေးလာရောင်းနေသည့် နန်းမိုး... ဇော်အခေါ် မိမိုးနှင့် ထိတွေ့မိကြသည်။ မျက်လုံးချင်း စကားမှသည် အသဲနှလုံးချင်းစကားပြောသည်အထိ အဆင့်တက်လာကြသည်။ ရွှေစေတီဘုရားပွဲ

တော်သည့် ဖော်တို့ ကင်းတားဆည်ရေသောက်ရွာတွေ၏ ဆည်တော်နံ့ဘုရားပွဲပင်။ တစ်နှစ်တစ်ခါ ဘုရားပွဲတော်ချိန်တွင် ဆည်ရေသောက်ရွာများမှ အိမ်တိုင်းစေ့ လူတိုင်းစေ့ ခုနှစ်ရက်ခုနှစ်လီ လာဖူးကြရသည်။ အဝေးရောက် အိမ်ထောင်ကွဲများပင် ဘုရားပွဲတော်ချိန် လူကိုယ်တိုင် မလာရောက်နိုင်ပါက အကြွေဖြင့် ဘုရားအလှူတော်ငွေ ထည့်ဝင်လှူဒါန်းကြရသည်။ ထိုသို့ မပြုလုပ်ပါက ကံဆိုးသည်ဟု အယူရှိကြလေ၏။

'နန်းမိုးတို့ လာရင်... ကိုဖော်တို့အိမ် တည်းလို့ရတယ်ပေါ့'

ဖော် ... တံခါးဖွင့်ကြိုနေမှာပါ မိမိုးရယ်'

++++++

(ရာနှုန်းပြည့်ရွာတဲ့မိုး...သွန်းဖြိုးလိုက်ပါ... ဒီ
ရင်ခွင်... ငါ...မုန်းမေ့နိုင်ဖို့ခက်တာ... မိမိုး
သိစေချင်... သံသယနှင့် ချည်တဲ့ကြိုး... မင်းရဲ့
အငြိုးတွေ ပြေစေချင်... ဆန္ဒနှင့်
ဘဝလဲထပ်တူ...တစ်ခါတော့ ပြည့်စေချင်...လေပြည်
မုန်တိုင်းတွေဆင်... လွင့်ပြယ်မှာစိုး... လွမ်းတယ်မိမိုး)

လွမ်းတယ် မိမိုးရယ်။ ရွှေစေတီဘုရားပွဲကို မိမိုးတော့ လာပါရဲ့။ ဒါပေမယ့် ဘယ်အငြိုးနဲ့များ ဖော့်ကို နှိပ်စက်လေသလား မိမိုး။

'ကိုဖော်... ဒါ... နန်းမိုး အမျိုးသားလေ... စိုင်းအိုက်ထွန်းတဲ့... ပီ (အစ်ကို) ဒါ နောင့်(ညီမ) ပြောပြောနေတယ်...ကိုဖော်ပေါ့'

'တွေ့ရတာ ဝမ်းသာပါတယ်'

ဘယ်လောက်ပဲ မုန်တိုင်းထန်ထန် အိမ်ရှင်ဝတ္တရားက ရှိသေးတယ်မဟုတ်လား။ ကျလုဆဲ မျက်ရည်ကို မျက်တောင်နှင့် ပုတ်ခတ်သိမ်းလိုက်ရင်း စိုင်းအိုက်ထွန်းကို ယဉ်ကျေးမှုအရ နှုတ်ဆက်မိသည်။

'မိမိုးတို့လာရင်...စောင့်ရှောက်ပေးတာ... ကျေးဇူးပါ...ကိုဖော်... ကျွန်တော်တို့လဲ ပါလာတဲ့ ကုန်လေးတွေ ရောင်းရင်း ပွဲကြည့်လိုက်ဦးမယ်... ကိုဖော်လည်း ရွာဘက်လာလည်ပါဦး'

'ဟုတ်ကဲ့... အားရင် လာခဲ့ပါ့မယ်'

နန်းမိုးတို့ သွားတော့မယ်နော် ... ကိုဖော်'

မိမိုး မျက်ဝန်းက တောင်းပန်နေသည့်အသွင်။ မုန်းမေ့နိုင်ဖို့ ခက်တာ မိမိုးသိစေချင်ပါသည်။ ဖော်လည်း ဆန္ဒနှင့်ဘဝ တစ်ခါလောက်တော့ ထပ်တူကျချင်ပေမယ့် ဘယ်ရေစက်မှန်းမသိခဲ့တဲ့ မိမိုးရဲ့ အငြိုးတွေကိုဖြည့်ဆည်းရင်း–

လွမ်းတယ်... မိမိုးရယ်... ======

## ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့

ကာတွန်းကဏ္ဍ



ကျွန်တော်တို့ကို
ကာကွယ်ပေးနေတဲ့
ကောင်းကင်ပြာကြီးဟာ
အလွန်ပါးလွှာတယ်။

Vladimir Shatalov










လူတွေကြောင့် သဘာဝ
လေထုထဲမှာ ဖန်လုံအိမ်
ဓာတ်ငွေ့တွေ လိုတာထက်
ပိုများလာပြီး ကမ္ဘာကြီး
ပိုပူလာတယ်။

APK

PDF Compressor Free Version





# သစ်မွှေးပင် (အကျော်ပင်)

ဦးဟုတ်ပေလင်း





အင်္ဂလိပ်အမည် ။ Aloe - wood Eagle - wood Agar - wood

သိပ္ပံအမည်။ *Aquilaria agallocha Roxb. Syn. Aquilaria melaccensis Lamk*

မျိုးရင်း။ Thymelaeceae

မျိုးစု။ Aquilaria

မျိုးစိတ်။ agallocha

မြန်မာနိုင်ငံတွင် Thymelaeceae မျိုးရင်းတွင် သစ်မွှေးပင်တစ်မျိုးတည်းကိုသာ တွေ့ရှိရသည်။

**ပေါက်ရောက်သည့် နေရာဒေသများ**

ကမ္ဘာပေါ်တွင် သစ်မွှေးပင်များကို ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် Philippines တို့၌ ပေါက်ရောက်ကြသည်ကို တွေ့ရှိရသည်။ သစ်မွှေးပင်များသည် မြန်မာနိုင်ငံအတွင်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌တွေ့ရှိရသည်။

၎င်းအပင်သည် အမြဲစိမ်းသစ်တောများ၌ ပေါက်ရောက်သည့် အမြဲစိမ်းလန်းသောအပင်ကြီးမျိုးဖြစ်သည်။ များသောအားဖြင့် ရေစီးရေလာကောင်းသည့်လျှိုမြောင်များ၊ စိမ့်တောများနှင့် သဲနုန်းဆန်သောမြေမျိုးတွင်သဘာဝအတိုင်း အလေ့ကျ ပေါက်ရောက်ကြသည်။ အကြီးမြန်သော အပင်မျိုးဖြစ်သည်။

**ပုံသဏ္ဌာန်**

အရွယ်ရောက်သည့် သစ်မွှေးပင်ကြီးများသည် အမြင့်ပေ ၃၀ မီတာခန့်နှင့် ပင်စည်မှာ အချင်း ၁.၅ မီတာမှ ၂.၅ မီတာအထိ ကြီးမားကြသည်။ ကချင်ပြည်နယ်ရှိ သဘာဝသစ်တောများ၌ တွေ့ရှိရသောသစ်မွှေးပင်ကြီးများမှာ အမြင့်ပေ ၅၀ ပေ ကျော်နှင့် ပင်စည်မှာ ရင်စို့ လုံးပတ် ၁၀ ပေ အထိ ကြီးမားသောအပင်ကြီးများ ဖြစ်သည်။ ပင်စည်မှာ လုံးဝန်းဖြောင့်တန်းပြီး ပင်ရင်း၌လည်း ပါးပျဉ်း ပါးဘောင်များလည်း မပါရှိကြပေ။ အခေါက်မှာပါး၍ မီးခိုးရင့်ရောင်ရှိပြီး အတွင်း အခေါက်မှာ ဝါဖျော့ဖျော့အရောင်ရှိသည်။ အရွက်များသည် ရွက်ရိုးရွက်လွှဲထွက်ပြီး အရွက်အနားမှာ ညီညာသော်လည်းလှိုင်းပုံသဏ္ဌာန်ဖြစ်ပေါ်နေသည်။ အရွက်များမှာခရေရွက်နှင့်အရွယ်အစားပုံသဏ္ဌာန်တူပြီး ထိပ်ဖျားချွန်သည်။ ခရေရွက်ထက် အရွက် အနည်းငယ် သေးငယ်သည်။

စာမျက်နှာ [၅၀] သို့